# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


သင်မှီခိုရာ၊ ကျွန်းသာယာကို
မြန်စွာပြုစု ဖန်တီးလော့။
လျင်စွာ လုံးပန်း ပညာစွမ်းကို
မပန်း မမော ပြုပါလော့။
ညစ်ကြေး မှုတ်ပစ် ကိလေညစ်တို့
ကင်းလစ်သောခါ သံသရာ၌
မွေးကာ အိုရ ဤဘဝကို
ရဖို့ တစ်ဖန် မရှိပြီ။

မလဝင်
အညစ်အကြေး-၂၃၈
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၀၇)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၃

## ငြိမ်းချမ်းရေးဆိုတာ အစိုးရတစ်ဖွဲ့တည်းရဲ့ လုပ်ငန်းစဉ်မဟုတ်ပါဘူး၊ နိုင်ငံတော်ရဲ့လုပ်ငန်းစဉ်ပါ

ဦးကိုကိုကြီး(အရပ်သားကိုယ်စားလှယ်)

တွေ့ဆုံမေးမြန်း-မြန်မာ့သတင်းစဉ်အဖွဲ့၊ ဓာတ်ပုံ-ရွှေကိုလေး၊ ကိုကိုစိုးညွန့်

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(ဂျေအမ်စီ-ယူ)တို့သည် မေ ၂၇ ရက်တွင် နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဂျေအမ်စီ- ယူ အဖွဲ့ဝင်များ၏ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် စပ်လျဉ်းသည့်သဘောထားအမြင်များကို ဖော်ပြအပ်ပါသည်-

**ဂျေအမ်စီ-ယူ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုး**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်**

လောလောဆယ်မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသွားခဲ့သလို တိုင်းပြည်မှာ ငြိမ်းချမ်းရေး အမှန်တကယ်လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးအမှန်တကယ် ရရှိလာဖို့အတွက်လည်း အကောင်အထည်ဖော်သွားပါမယ်။

အခုလောလောဆယ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) ကို လက်မှတ်ထိုးထားတဲ့ အဖွဲ့ ရှစ်ဖွဲ့ရှိပါတယ်၊ ဒီအဖွဲ့ ရှစ်ဖွဲ့နဲ့လည်း မပြီးသေးပါဘူး။ ဒါပေမယ့် အခုရှိပြီးသားနဲ့ ဆက်လုပ်သွားမယ်။ အဲဒီကနေပြီး အောင်မြင်မှုတွေရလာရင် အခြားအဖွဲ့အစည်းတွေအနေနဲ့လည်း သူတို့အတွက် အာမခံချက်တွေရှိတယ်၊ ဒါတွေကို မြင်လာမယ်ဆိုရင် အခြားအဖွဲ့အစည်းတွေလည်း ပါဝင်လာနိုင်မှာပါ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တစ်နေရာတည်း၊

*စာမျက်နှာ ၈ ကော်လံ ၁* ◆



## အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် လာမည့်မိုးစပါးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်သင့်

မင်းထက်အောင်(မန်းကိုယ်ပွား)

**မန္တလေး ေမ ၂၈**

အယ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာရမည့် ရာသီဥတုဖောက်ပြန်မှုများသည် လာမည့်မိုးစပါးစိုက်ပျိုးရာတွင် ထိခိုက်မှုများရှိလာနိုင်သဖြင့် ပြည်သူ့အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆွေးနွေး၍ ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများ ဆောင်ရွက်ထားသင့်ကြောင်း မန္တလေးဆန်စပါးအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်က အကြံပြုပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻




# ရပ်ရွာလူမှုအခြေပြု၍ မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်

ရာဇဝတ်မှုများက မိမိတို့ရပ်ရွာ၊ မိမိတို့နေရာသို့ မဖိတ်ခေါ်ဘဲ ရောက်လာတတ်သည်။ မျှော်လင့်မထားသည့်အခြေအနေ၊ မျှော်လင့်မထားသည့်ပုံစံဖြင့် ရာဇဝတ်မှုတို့ကို ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် စိုးရိမ်ထိတ်လန့်မှုတို့ဖုံးလွှမ်းကာ ဘာလုပ်လို့ ဘာကိုင်ရမည်မသိသော အဖြစ်သို့ရောက်ရှိရသည်။ အကယ်၍သာ ကြိုတင်ပြင်ဆင်မှုများရှိပါက ယင်းသို့သောအဖြစ်များကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။

မြို့ပြဒေသများတွင် လူဦးရေတိုးတက်မြင့်မားလာမှုနှင့်အတူ လူနေမှုပုံစံများလည်း များပြားရှုပ်ထွေးလာကာ ရာဇဝတ်အမှုအခင်းများလည်း များပြားလာသည်။ မှုခင်းများတားဆီးကာကွယ်ရေးနှင့် လူနေရပ်ရွာများအေးချမ်းသာယာရေးတို့မှာ ဥပဒေအဖွဲ့အစည်းများက အလေးထားဆောင်ရွက်နေကြရသည့် လုပ်ငန်းများဖြစ်နေကြသည့်တိုင်အောင် ရဲလုပ်ငန်းတစ်ခုတည်းသက်သက်ဖြင့် အောင်မြင်နိုင်ခြင်းမရှိကြောင်း နိုင်ငံတကာက လက်ခံထားကြသည်။ မှုခင်းများ ဖြစ်ပွားနှုန်းလျော့ကျစေရန်နှင့် ရပ်ရွာများလုံခြုံအေးချမ်းစေရန်အတွက် အထိရောက်ဆုံးနည်းလမ်းမှာ ဒေသအဆင့်ရာဇဝတ်မှုခင်းများတားဆီးရေး ပြီးပြည့်စုံသော ချဉ်းကပ်မှုနည်းလမ်းသာလျှင်ဖြစ်သည်ဟု ဆိုသည်။ ရပ်ရွာများကိုအခြေပြု၍ မိမိတို့နှင့် ကိုက်ညီသော မှုခင်းအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ မိုဒယ်ဒီဇိုင်းများကိုရေးဆွဲပြီး ဒေသအာဏာပိုင်များ၊ ဥပဒေအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသနေပြည်သူများ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ရေရှည်ဆောင်ရွက်သွားရမည့် အစီအမံများဖြစ်ရမည်ဖြစ်သည်။

အမှုအခင်းများသည် မိမိတို့ရပ်ရွာ၊ မိမိတို့အိမ်ဂေဟာသို့ မဖိတ်မကြားဘဲ ရောက်လာတတ်သည်ဟုဆိုသော်လည်း အမှတ်မထင်ရောက်လာခြင်းမဟုတ်ကြောင်း သိနားလည်ထားရန်လိုသည်။ ပြစ်မှုကျူးလွန်သူအတော်များများမှာ ကြိုတင်လေ့လာပြီးမှ ဆောင်ရွက်ကြခြင်း၊ လူ၊ အဆောက်အအုံတို့၏ အားနည်းချက်တို့အပေါ် အခွင့်ကောင်းယူ၍ဆောင်ရွက်ကြခြင်း၊ တစ်ခါတစ်ရံတွင်လည်း ကြိုတင်လေ့လာပြီးမှ ပြစ်မှုကျူးလွန်ခြင်းမဟုတ်သည့်တိုင်အောင် လူတို့၏ပေါ့လျော့မှုကို အသုံးချကာ ပြစ်မှုကျူးလွန်သွားကြခြင်းများဖြစ်ကြောင်းကို သတင်းများ၌ တွေ့ရှိကြရသည်။

ရပ်ရွာလူမှုအဖွဲ့အစည်းကိုအခြေပြုသည့် မှုခင်းကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်များတွင် နေအိမ်ဝင်းခြံများ လုံခြုံခိုင်ခံ့အောင်ပြုပြင်ခြင်း၊ လုံခြုံရေးကင်မရာများတပ်ဆင်ခြင်း၊ လမ်းမီးများကောင်းစွာထွန်းညှိခြင်း၊ မသမာသူတို့ခိုအောင်းစရာနေရာများမရှိအောင် ပိတ်ဆို့တားဆီးထားခြင်းစသည့် အခြေခံအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ မိမိတို့နေထိုင်ရာအိမ်ရာအလိုက်၊ လမ်းအလိုက်၊ ရပ်ကွက်အလိုက် အပြန်အလှန်စောင့်ရှောက်ကြည့်ရှုပေးခြင်း၊ ရဲတပ်ဖွဲ့၏စောင့်ရှောက်မှုကို ခံယူခြင်းနှင့် ရဲလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီခြင်း၊ မိမိတို့နေထိုင်ရာအနီးတစ်ဝိုက်သို့ဝင်ရောက်လာသည့် မသင်္ကာဖွယ်သူစိမ်းများကို မှတ်သားခြင်း စသည့် အလေ့အထများ လေ့ကျင့်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

ရပ်ရွာလူမှုအဖွဲ့အစည်းကို အခြေပြုသော(တစ်နည်းအားဖြင့်) ပြည်သူများပူးပေါင်းပါဝင်သော မှုခင်းကြိုတင်ကာကွယ်မှုများကို ရဲတပ်ဖွဲ့အင်အား ခေတ်မီတောင့်တင်း၍ ရဲလုပ်ငန်းကိုဗဟိုပြုကာ မှုခင်းနှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ကမ္ဘာ့နိုင်ငံကြီးများတွင်ပင် ထိရောက်သော နည်းလမ်းတစ်ခုအဖြစ် ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ မိမိတို့၏အစီအမံများဖြင့် ရပ်ရွာအတွင်းအမှုအခင်းများ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ရာဇဝတ်မှုအန္တရာယ်များ လျော့နည်းပပျောက်စေလိုပါကြောင်း နှိုးဆော်အပ်ပါသည်။ ။




## ကိုယ်အင်္ဂါမသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်း သင်တန်းများ လျှောက်နိုင်

**ရန်ကုန် ဧပြီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)၌ အသက် ၁၈ နှစ်မှ ၄၅ နှစ် အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အီလက်ထရွန်နစ် တစ်နှစ်သင်တန်းနှင့် စက်ချုပ်၊ ပိုးဇာပုံနှိပ်၊ ခတ်ပုံ၊ ဆံသနှင့် ကွန်ပျူတာသုံးလ သင်တန်းများကို မေ ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် မသန်စွမ်းသက်ကြီး သင်တန်းကျောင်းအမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ဖုန်း ၀၁-၉၆၆၀၇၁၂၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၅၀၃၄၆၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး သင်တန်းတက်ရောက်နေစဉ် သင်ထောက်ကူပစ္စည်းများ အခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေစားစရိတ်ငြိမ်းနှင့် လစဉ်ထောက်ပံ့ကြေး ထုတ်ပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**အင်းတော် ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ အင်းတော်မြို့နယ်အတွင်း လွန်ခဲ့သော ဧပြီ ၂၄ ရက် နံနက် ၂ နာရီခန့်က တိုက်ခတ်ခဲ့သောလေပြင်းဒဏ်ကြောင့် ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော မအူကုန်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာအုပ်စု၊ သောင်မြင်းကျေးရွာအုပ်စုများရှိ လေဘေးသင့်ပြည်သူများအား ဧပြီ ၂၈ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာများအလိုက် သက်ဆိုင်ရာကျေးရွာများတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၄ ရက် နံနက်ပိုင်းက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် အဆိုပါကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာပေါင်းခြောက်ရွာမှ ထိခိုက်လူနေအိမ် ၂၄ လုံးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က သွပ်အချပ်ရေ ၃၀၀၊ ခရိုင် စီမံခန့်ခွဲက ကော်မတီက သွပ်အချပ်ရေ ၈၀၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် အလှူရှင်များက သွပ်အချပ်ရေ ၃၆၃ ချပ် စုစုပေါင်းသွပ်အချပ်ရေ ၇၄၃ ချပ်နှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။


**ကျော်သီဟ**

## မော်လမြိုင် ဆေးရုံကြီးသွေးလှူဘဏ်၌ စုပေါင်းသွေးလှူ

**မော်လမြိုင် ဧပြီ ၂၈**

မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ဧပြီ ၂၈ ရက်က အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှိုင်မင်းထွန်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၅၁ ဦးနှင့် မိသားစုဝင်လေးဦး စုစုပေါင်း ၅၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းသည့်တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များအား အာဟာရပစ္စည်းများပေးအပ်ခဲ့ကြသည်။

**ကျော်သန်း(မော်လမြိုင်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၈-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၀၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၃.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၀.၁၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၀၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၆၇ |
| တရုတ် | တစ်ယွမ် | ၁၈၀.၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၈၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာပေးအပ်



**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး မစ္စတာ တက်စ်ဘီလ်ဂူအန်း တူမာကူလာဒ် သည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ဓာတ်ပုံ)**

ယနေ့ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အစမ်းခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလွင်အား မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အရေးပေါ်စီမံမှုအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ပျမ်းမျှအပူချိန်ထက် ပိုနိုင်

**နေပြည်တော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလပထမ ၁၀ ရက်ပတ်၏ ပျမ်းမျှအပူချိန်ခန့်သာရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလပထမ ၁၀ ရက်ပတ်၏ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်သည်။

**(မိုး/ဇလ)**

**မြစ်ရေ မြင့်တက်**

မေလပထမပတ်အတွင်း ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ မော်လိုက်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်နိုင်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံ၏ ပထမဆုံး ပြည်သူ့ကျန်းမာရေးပိုင်းဆိုင်ရာ ဝက်ဘ်ဆိုက်သစ်တစ်ခု စတင်ကြည့်ရှုနိုင်ပြီ

**ရန်ကုန် မေ ၂၈**

ပြည်သူများ ကျန်းမာရေးပိုင်းဆိုင်ရာ အထွေထွေဗဟုသုတအစုံအလင်ကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုခွင့်ရမည့် မြန်မာနိုင်ငံ၏ပထမဆုံး ကျန်းမာရေးဝက်ဘ်ဆိုက်သစ်တစ်ခုကို စတင်ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်ကို တည်ထောင်ခဲ့သည့် နေလရောင်မီဒီယာဂရုပ်(ပ်)မှ သိရသည်။

အဆိုပါဝက်ဘ်ဆိုက်သည် Dr Myanmar Website ဖြစ်ပြီး ၎င်းကို ၂၀၀၄ ခုနှစ်ကတည်းက စတင်ဖန်တီးရေးဆွဲခဲ့သည်။ ယင်းဝက်ဘ်ဆိုက်၌ ကျန်းမာရေးဆိုင်ရာ အထွေထွေဗဟုသုတအစုံအလင်ကို ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ဝက်ဘ်ဆိုက်တွင် Home Page ၌ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နိုင်ငံတစ်ဝန်း ဆေးရုံ၊ ဆေးခန်းများ၊ လိပ်စာများ၊ ဖုန်းနံပါတ်များ၊ အရေးပေါ်ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ၊ ဆေးရုံ၊ ဆေးခန်းများ၏ဝန်ဆောင်မှုများ၊ နေ့စဉ်ဖော်ပြနေသော ကျန်းမာရေးရာအဖြာဖြာကဏ္ဍများ စသည့်အကြောင်းအရာများကို Directory Program တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်ကို ကျန်းမာရေးဆိုင်ရာ Directory တစ်ခုသဖွယ် အဆင်ပြေအောင် အလွယ်တကူ အသုံးပြုနိုင်ဖို့ အကောင်းဆုံးကြိုးစား လုပ်ဆောင်ပေးထားပါတယ်။ ဝက်ဘ်ဆိုက်ပြုလုပ်ပေးရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာပြည်သူပြည်သားတွေရဲ့ကျန်းမာရေးကဏ္ဍအတွက် တစ်စိတ်တစ်ပိုင်းကနေ အထောက်အကူဖြစ်စေနိုင်ဖို့ပါ" ဟု အဆိုပါဝက်ဘ်ဆိုက်ကို ပြည်သူများအခမဲ့ကြည့်ရှုနိုင်အောင် ဆောင်ရွက်ခဲ့သည့် နေလရောင်မီဒီယာဂရုပ်(ပ်)မှ ပြင်ပဆက်ဆံရေးတာဝန်ခံ ကိုပြည့်ဖြိုးက ပြောသည်။

ဝက်ဘ်ဆိုက်ဝင်ရောက်ကြည့်ရှုရာတွင် Browser မှတစ်ဆင့် www.drmyanmar.com ဟု ရိုက်နှိပ်၍ အလွယ်တကူ အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။ အထူးကုဆရာဝန်ကြီးများ(ရန်ကုန်) ဟူသော ကဏ္ဍတွင် မိမိပြသလိုသော ရောဂါအလိုက် ရန်ကုန်မြို့၌ ကုသပေးနေသော ဆရာဝန်ကြီးများ၏ ဆေးခန်းချိန်များနှင့်ဆေးခန်းနေရာများကို အလွယ်တကူရှာဖွေနိုင်ပြီး ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းများကဏ္ဍတွင် မြို့နယ်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၏လိပ်စာနှင့် ဖုန်းနံပါတ်များကိုရှာဖွေနိုင်ကာ ပြည်ပနိုင်ငံရှိဆေးရုံများနှင့် ချိတ်ဆက်ထားသော ပြည်တွင်းစင်တာများကိုလည်း လမ်းညွှန်ပေးထားသည်။ ယခု Dr Myanmar Website ကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိအသုံးပြုနိုင်ရန်အတွက် လူမှုကွန်ရက်ဖြစ်သည့် www.facebook.com/drmyanmarhealth ကိုလည်း တင်ထားပြီးဖြစ်ရာ အဆိုပါကွန်ရက်အား ပြည်သူများအနေဖြင့် ထောက်ခံနှစ်သက်၍ Like လုပ်သူ နှစ်သောင်းကျော်အထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# နှစ်(၇၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို မီးသတ်တပ်ဖွဲ့ဝင်များ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း




**နေပြည်တော် မေ ၂၈**

၂၀၁၆ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြပြီး နေပြည်တော် ခုတင် ၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ **(ယာပုံ)**

မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၀၀ ကျော်သည် နံနက် ၇ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်နှင့် စေတီတော်ရင်ပြင်၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စေတီတော် ပရိဝုဏ်အတွင်း၌ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော် ခုတင် ၁၀၀၀ အထွေထွေရောဂါကု ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ဆက်လက်ဆောင်ရွက်ရာ မီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၀ ကျော် တက်ရောက်၍ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ယခု လှူဒါန်းမှုသည် နေပြည်တော်မီးသတ်တပ်ဖွဲ့ဝင်များ၏ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်တပ်ဖွဲ့ကို ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုသည့်ရည်မှန်းချက် တာဝန်(၄)ရပ်ချမှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပထမဆုံးအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးညီလာခံကို ၁၉၄၆ ခုနှစ် မေ ၅ ရက်က ရန်ကုန်မြို့ ကန်တော်ကလေးတွင်ကျင်းပခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါ မေ ၅ ရက်အား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ်သတ်မှတ်ပြီး ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် သတိပေးလှုံ့ဆော်မှုအထိမ်းအမှတ် အခမ်းအနားကို တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပခဲ့သည်မှာ ၂၀၁၆ ခုနှစ် မေ ၅ ရက်တွင် နှစ် ၇၀ တိုင်ခဲ့ပြီ ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝထမ်းဆောင်နိုင်ရေးအတွက် တပ်များစွမ်းဆောင်ရည်မြင့်မားစေရန် အလေးထားလုပ်ဆောင်

**နေပြည်တော် ဧပြီ ၂၈**

တပ်မတော်၏ အဓိကတာဝန်မှာ တိုင်းပြည်ကိုကာကွယ်ရန်၊ ပြည်သူလူထုကို စောင့်ရှောက်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် ခေါင်းဆောင်များ၏ မှန်ကန်သော ဦးဆောင်မှု၊ ညီညွတ်မှုတသော အုပ်ချုပ်မှုအောက်တွင် လက်အောက်မှလည်း တရားနည်းလမ်းကျစွာ တိုက်တွန်း မှာကြားချက်များကို အလေးထား လိုက်နာရမည်ဖြစ်ကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ကာလတွင် မိမိတို့အားလုံး ထိုက်ထိုက်တန်တန် ကြိုးစားလုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပျဉ်ပုံကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ပျဉ်ပုံကြီးတပ်နယ်သို့ ရောက်ရှိပြီး မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များ၊ အသားတိုးဝက်၊ ဥစားကြက်နှင့် နို့စားနွား မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများ တင်ပြချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးနိမ့်စစ်သည်များကို ထိုက်တန်သော နေရာချထားမှုနှင့်အတူ ၄င်းတို့၏ လုပ်အားများဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားရန်၊ အသားတိုးဝက်၊ ဥစားကြက်နှင့် နို့စားနွားများကို စစ်သည်မိသားစုများသာမက ရန်ကုန်မြို့နှင့် ပဲခူးမြို့တို့ကိုပါ ဖြန့်ဖြူးရောင်းချနိုင်သည်အထိ တိုးချဲ့ဆောင်ရွက်ရန်၊ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး စိုက်ပျိုးမွေးမြူရေးသင်တန်းများပေးရန်၊ ထုတ်လုပ်သည့် သီးနှံမျိုးစေ့များ၏ အထွက်နှုန်းကိုပြန်လည်စိစစ်၍ မျိုးကောင်းမျိုးသန့်ဖြစ်စေရေး ထိန်းသိမ်းကြပ်မတ်ရန်၊ စိုက်ပျိုးရေးအတွက် လိုအပ်ပါက Green House များ စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တပ်နယ်ခန်းမတွင် ပျဉ်ပုံကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်ပုံကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်

တွေ့ဆုံပွဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို အပြည့်အဝထမ်းဆောင် နိုင်ရေးအတွက် တပ်များ စွမ်းဆောင်ရည်မြင့်မားစေရန် အလေးထား လုပ်ဆောင်ခဲ့ကြောင်း၊ လေ့ကျင့်ရေးနှင့် ပတ်သက်၍ တပ်မတော်သင်တန်းကျောင်းများအား အဆင့်မြင့်တင်ခြင်း၊ ဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ အရည်အချင်းပြည့်ဝသည့် နည်းပြများ ဖြည့်တင်းခြင်း၊ ပြည်တွင်းပြည်ပ အဆင့်မြင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်း၊ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းကာလများ ပြင်ဆင်ရေးဆွဲခြင်း စသည့် လေ့ကျင့်ရေးနယ်ပယ် မြှင့်တင်ခြင်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်၍စားသောက်၊ နေထိုင်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စ အဝဝတွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းသည့် စစ်သည်များအား ပညာရည်မြှင့်တင်ရေး အလေးပေးလုပ်ဆောင်နေကြောင်း၊ Standard Army တည်ဆောက်ရာတွင်လည်း အတန်းပညာသည် အခြေခံဖြစ်ခြင်းကြောင့် တပ်မတော်တစ်ရပ်လုံးပညာရည်မြှင့်တင်ရေး လုပ်ဆောင်နေသကဲ့သို့ မိသားစုဝင်များ၏ ပညာရည်မြှင့်တင်မှု လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ပညာရည် ထူးချွန်သူများကိုလည်း ထိုက်တန်စွာ ဆုချီးမြှင့်ခြင်း၊ ပညာသင်စရိတ်ချီးမြှင့်ခြင်းများ လုပ်ဆောင်ပေးနေကြောင်း၊ ၎င်းအပြင် စာဖတ်အား ကောင်းမွန်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက်များ စနစ်တကျရှိရေး ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း၊ စစ်သည်မိသားစုများ၊ မိဘများကလည်း သားသမီးများ ပညာရေးတိုးတက်မြင့်မားစေရန် တိုက်တွန်းအားပေး၍ ပညာရေးကို အလေးထားကြိုးစားကြရန် တိုက်တွန်းလိုကြောင်း။

တပ်မတော်သားများ တာဝန်ထမ်းဆောင်ရာတွင် နောက်ဆံမငင်ရစေရန်အတွက် စစ်မှုထမ်းဟောင်းများနှင့်ပတ်သက်၍ ကျဆုံးသွားသည့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဆောင်စဉ် မသန်စွမ်းဖြစ်သွားသူများ၊ သက်ပြည့်တာဝန်ထမ်းဆောင်သူ အငြိမ်းစား တပ်မတော်သားများ၊ အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခွင့်ပြုလိုက်သည့် စစ်မှုထမ်းဟောင်းများ စသည်ဖြင့် သတ်မှတ်ထားသည့် အမျိုးအစားအလိုက် စစ်မှုထမ်းဟောင်း အိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာ၊ ဘိုးဘွားရိပ်သာများ ဆောက်လုပ်ပေးနေမှုအခြေအနေများ၊ စစ်မှုထမ်းဆောင်စဉ် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရပြီး မသန်စွမ်းဖြစ်သွားသူ တပ်မတော်သားများ အတွက် အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေး တပ်များတွင် နေထိုင်ရေးအပြင် အလုပ်အကိုင်အတွက် ထည့်သွင်းစဉ်းစားလုပ်ဆောင်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပျဉ်ပုံကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ အတွက် ဘုရားဆင်းတုတော်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အားကစားပစ္စည်းများကို လည်းကောင်းအသီးသီးပေးအပ်ကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ်ရှိ ရန်ငြိမ်းအေးခန်းမတွင် နယ်မြေခံတပ်မဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မဌာနချုပ်၏ ကာလရှည်ကြာစွာ စစ်ဆင်ရေး တာဝန်ထမ်းဆောင်မှုအား ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ စစ်၏သဘောတရားတွင် ဉာဏ်ကိုသုံးပြီး စစ်နည်းဗျူဟာမြောက် တိုက်ပွဲဝင်နိုင်ပါက အောင်မြင်မည်ဖြစ်ကြောင်း၊ အောင်မြင်မှုများရရှိသကဲ့သို့ ဆုံးရှုံးမှုများလည်း ရှိနိုင်သဖြင့် ပေါ့ဆ၍ မရကြောင်း၊ ဆောင်ရွက်ခဲ့သည်များကို ပြန်လည်သုံးသပ်ပြီး နောင်တွင် ပိုမိုအောင်မြင်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လေ့ကျင့်ရေးများကို စနစ်တကျဆောင်ရွက်ပြီး လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် လုပ်ငန်းစဉ်များအတိုင်း လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချရန် လိုကြောင်း။

ပြည်သူလူထုအား ညီအစ်ကိုမောင်နှမစိတ်၊ မိသားစုစိတ်မွေး၍ လုံခြုံစွာ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပြီး တပ်မတော်နှင့် ပြည်သူ တစ်သားတည်း ရှိရမည်ဖြစ်ကြောင်း၊ ကိုယ့်မိသားစု လုံခြုံစေသကဲ့သို့ မိမိနှင့်ဆက်စပ်နေသည့် ပြည်သူ့ဘဝ လုံခြုံအောင် ကာကွယ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ၊ သဘာဝဘေးဒဏ်ကျရောက်ချိန်များတွင်လည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီခေတ်တွင် တာဝန်ထမ်းဆောင်ရာ၌ ဥပဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ကိစ္စများတွင်လည်း ချမှတ်ထားသည့် မူဝါဒနှင့်အညီ ပြေလည်အောင်ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ စောင့်ရှောက်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်းတိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ အတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အားကစားပစ္စည်းများကို လည်းကောင်း အသီးသီးပေးအပ်ကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရွှေကြခတ်တန်းလမ်းကြမ်းဖွင့်

**လှိုင်းဘွဲ့ ဧပြီ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအုပ်စု ရွှေဂွန်းရွာသစ် (၁) ရပ်ကွက်နှင့် ရွှေပြည်တော် ရပ်ကွက်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ရွှေကြခတ်တန်းလမ်းကြမ်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ကမ်းနီဆရာတော်မှ ငါးပါးသီလချီးမြှင့်ခြင်း၊ မြိုင်ကြီးငူသိုက်အုတ် ဆရာတော်မှ ဩဝါဒပေးခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက လမ်းခင်းပေးမှုအပေါ် ဝမ်းမြောက်စကားလျှောက်ထား တင်ပြခဲ့သည်။

အဆိုပါ လမ်းမှခ်ဦးအား ရွှေဂွန်းကမ်းနီကျောင်း ဆရာတော်ဦးဝိစာရ၊ မြိုင်ကြီးငူသိုက်အုတ် ဆရာတော် ဦးဉာဏိက၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖွင့်/ ထောက်ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျေးရွာများ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး၊ ရေကန်များသောက်သုံးရေဖြည့်သွင်း ထားရှိနိုင်ရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်မောင်း ဒီဇယ်ဂါလန် ၆၀ ကို ကူနှစ်လုံးအုပ်စုနှင့် ရွှေခဲအင်းအုပ်စုရှိ ကျေးရွာများသို့ ဧပြီ ၂၅ ရက်က ထောက်ပံ့ပေးအပ်စဉ်**
မင်းမင်းလတ်(မန်းတက္ကသိုလ်)

# မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ် ပထမဆုံးအကြိမ်မီဒီယာများနှင့်တွေ့ဆုံ

## အမေရိကန်ပြည်ထောင်စု၊ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) မှ စီမံခန့်ခွဲရေးမှူး ရက်အနည်းငယ်အတွင်း မြန်မာနိုင်ငံသို့လာရောက်ပြီး အစိုးရအဖွဲ့နှင့်တွေ့ဆုံမည်

**သတင်း - မြတ်သန္တာမောင်၊ ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မေ ၂၇ ရက်က မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်သည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့ပြီးနောက် အမေရိကန်သံအမတ်ကြီးသည် **(ယနေ့)**မေ ၂၈ ရက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော မီဒီယာတွေ့ဆုံမှုအဖြစ် တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်သံရုံး၌ သတင်းဌာနခုနစ်ခုမှ မီဒီယာများနှင့် တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးသည် ပြည်တွင်းအခြေစိုက် မီဒီယာများဖြစ်သည့် မြန်မာ့သတင်းစဉ်(ပြည်တွင်း)၊ မဇ္ဈိမမီဒီယာ၊ Myanmar Time ၊ Eleven၊ The Voice အပါအဝင် ပြည်ပအခြေစိုက်မီဒီယာတစ်ခုဖြစ်သည့် RFA တို့နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်က "ကျွန်တော့်ရဲ့သံအမတ်ခန့်အပ်လွှာကို သမ္မတကြီးထံ ကျွန်တော်မနေ့က ပေးအပ်ခဲ့ပြီးပါပြီ။ မြန်မာပြည်သူတွေ အင်စတီကျူးရှင်းတွေနဲ့ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေးအတွက် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတဲ့ ခေါင်းဆောင်တွေရဲ့ ကြိုးပမ်းမှုက သက်သေပဲလို့ ပြောကြားခဲ့တဲ့ အမေရိကန်သမ္မတအိုဘားမား ကြေညာချက်အပေါ်ကိုလည်း ကျွန်တော် ထပ်ဆင့်ပြောကြားခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ ဒီမိုကရေစီအရေးတို့အတွက် မြန်မာအစိုးရသစ်နဲ့ အတူလက်တွဲဆောင်ရွက်သွားမယ့် ကတိကဝတ်ကို ကျွန်တော်ပြောခဲ့ပါတယ်" ဟုပြောကြားသည်။

များမကြာမီတွင်လည်း အမေရိကန်ပြည်ထောင်စု၊ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) မှ စီမံခန့်ခွဲရေးမှူး Gayle E. Smith မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။ Gayle E. Smith သည် နေပြည်တော်ရှိ အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အစိုးရသစ်လုပ်ဆောင်မည့် ပထမဦးစားပေး အစီအစဉ်များနှင့် ပတ်သက်၍ မေးမြန်းသွားမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) သည် အစိုးရသစ်ဦးစားပေးလုပ်ဆောင်မည့် ကဏ္ဍများအား အကူအညီပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။ Gayle E. Smith သည် USAID ၏ စီမံခန့်ခွဲရေးမှူးရာထူးကို ၂၀၁၅ ဒီဇင်ဘာတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ်လာရောက်ခြင်းဖြစ်သည်ဟု ယနေ့တွေ့ဆုံပွဲမှ သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်နှင့် မီဒီယာများ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံရာတွင် မီဒီယာများက-

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အမေရိကန်အစိုးရ၏ သဘောထားအမြင်ကို မြန်မာ့သတင်းစဉ်က မေးမြန်းရာ အမေရိကန်သံအမတ်ကြီးက "ငြိမ်းချမ်းရေးအကြောင်းပြောရင်တော့ အချိန်အများကြီးယူရလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးကို ကာလရှည်ကြာစွာ ထောက်ခံပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းက အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေကြား အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးတဲ့နေရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်လက်မှတ်မရေးထိုးခဲ့ပေမယ့် ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထောက်ခံခဲ့ပါတယ်။ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်တဲ့နေရာမှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနဲ့ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်ရတာ ရှုပ်ထွေးလှပါတယ်။ အစိုးရသစ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဘယ်လိုဆက်လက်ဆောင်ရွက်မယ်ဆိုတာကို ကျွန်တော်တို့စောင့်ကြည့်နေပါတယ်" ဟု ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမေရိကန်နိုင်ငံအနေဖြင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ရှိ မရှိနှင့် မည်သည့်အပိုင်းများတွင် ပံ့ပိုးပေးသွားနိုင်မည်ဆိုသည့် မေးမြန်းချက်အပေါ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးက "အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍ (SMEs) ဟာ ကမ္ဘာ့နိုင်ငံအများစုမှာ အရေးပါတဲ့ကဏ္ဍတစ်ခုပါ။ SMEs တွေဟာ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ အလုပ်နေရာအမြောက်အမြားကို ဖန်တီးပေးနိုင်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ တောင်သူလယ်သမားတွေ ဝင်ငွေတိုးတက်ရရှိစေဖို့အတွက် သီးနှံစိုက်ပျိုးမှု တချို့မှာ အထွက်နှုန်းတိုးတက်လာစေဖို့ ကူညီပေးနေပါတယ်။ SMEs အချို့ရဲ့ စွမ်းရည် မြင့်တက်လာစေဖို့ လုပ်ဆောင်ပေးနေတာတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံက SMEs လုပ်ကိုင်နေသူတွေအနေနဲ့ အမေရိကန်နိုင်ငံရဲ့ SMEs လုပ်ငန်းတွေ လေ့လာနိုင်ဖို့ ဆောင်ရွက်ပေးနေတာတွေလည်းရှိပါတယ်။ SMEs လုပ်ငန်းတွေဟာ မြန်မာနိုင်ငံအတွက် အရေးပါတာကြောင့် ဆက်လက်ပံ့ပိုးမှုတွေ လုပ်ဆောင်သွားမှာပါ"ဟု ပြောကြားသည်။

သံအမတ်ကြီး မစ္စတာစကော့အလန်မာရှယ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ရက်တွင် အမေရိကန်ပြည်ထောင်စု ဆီးနိတ်မှ အတည်ပြုခန့်အပ်ခဲ့သည်။ သံအမတ်ကြီး မာရှယ်သည် မြန်မာနိုင်ငံသို့ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် ရောက်ရှိခဲ့သည်။

# ရိုဟင်ဂျာလူမှုအသိုက်အဝန်းဟု သုံးစွဲခဲ့ခြင်းကြောင့် အမေရိကန်သံရုံးရှေ့၌ဆန္ဒထုတ်ဖော်

**ရန်ကုန် မေ ၂၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ သဲချောင်းအနီး၌ မေ ၁၉ ရက်က စက်လှေနစ်မြုပ်၍ သေဆုံးသွားခဲ့သူများနှင့် ပတ်သက်ပြီး အမေရိကန်သံရုံးမှ ထုတ်ပြန်သော ကြေညာစာတမ်းပါ သဝဏ်လွှာ၏ ရိုဟင်ဂျာလူမှုအသိုက်အဝန်းဟူ၍ သုံးနှုန်းဖော်ပြထားခြင်းအပေါ် ကျေနပ်မှုမရှိသော အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမေရိကန်သံရုံးရှေ့၌ ယနေ့ မွန်းလွဲ ၁ နာရီက ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အမျိုးသားရေးတက်ကြွ လှုပ်ရှားသူက ရန်ကုန်တက္ကသိုလ်စာတိုက်နှင့် တက္ကသိုလ်ဆေးရုံကြားရှိ "ဂ" ကွေ့ မြေကွက်လပ်၌ နံနက် ၁၁ နာရီတွင် စုဝေးခဲ့ကြသည်။ ထို့နောက် အင်အား ၁၀၀၀ ခန့်က အလံများနှင့် ကြွေးကြော်သံဆိုင်းဘုတ်များ ကိုင်ဆောင်ကာ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း အမေရိကန်သံရုံးရှေ့သို့ ချီတက်ခဲ့ကြသည်။ သံရုံးရှေ့အရောက်တွင် ဘင်္ဂါလီကို ရိုဟင်ဂျာဟု သုံးစွဲသူ-တို့ရန်သူ၊ အမေရိကန်သံရုံးရဲ့ ရိုဟင်ဂျာ ကြေညာချက် - ချက်ချင်းဖျက်၊ တိုင်းရင်းသား ၁၃၅ မျိုး ထပ်တိုးမည့်အကြံ - တို့လက်မခံ ဟူသော ကြွေးကြော်သံများ ထုတ်ဖော်ခဲ့ကြသည်။ အမျိုးသားရေး တက်ကြွလှုပ်ရှားသူများ၏ ထုတ်ပြန်ထားသော ကြေညာချက် အိတ်ဖွင့်ပေးစာကို သံရုံးမှ တာဝန်ရှိသူအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဟူသော တိုင်းရင်းသားလူမျိုး လုံးဝမရှိကြောင်း အစိုးရနှင့် လွှတ်တော်က တရားဝင် ပြောကြားထားသောကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ရိုဟင်ဂျာအမည်ကို သုံးစွဲခြင်းမပြုရန် မြန်မာ့အမျိုးသားရေးကွန်ရက်မှ ကြေညာချက်ထုတ်ပြန်ထားကြောင်းလည်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ရခြင်းနှင့်ပတ်သက်၍ မကွေးကျောင်းဆရာတော် ဦးပါမောက္ခက မိန့်ကြားရာတွင် "မေ ၂၀ ရက်နေ့မှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး သံအမတ်ကနေ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘင်္ဂါလီလို့ မသုံးဘဲနဲ့ ရိုဟင်ဂျာမျိုးနွယ်စုက ဆိုပြီးတော့ ရိုဟင်ဂျာဆိုတဲ့အမည်ကို မြန်မာတိုင်းရင်းသား ၁၃၅ မျိုးမှာ လုံးဝပါဝင်ခြင်းမရှိတဲ့ ရိုဟင်ဂျာအမည်ကို သုံးနှုန်းသွားတယ်" ဟု မြွက်ကြားခဲ့သည်။

ဆန္ဒထုတ်ဖော်ရန်အတွက် ခွင့်ပြုမိန့်တောင်းခံချက်ကို သက်ဆိုင်ရာက ဗဟန်း ဗိုလ်စိန်မှန် အားကစားကွင်း၌ ပြုလုပ်ရန်သာ ခွင့်ပြုထားကြောင်း ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သဲချောင်းအနီး၌ မေ ၁၉ ရက်က စက်လှေနစ်မြုပ်၍ သေဆုံးသွားသူများအတွက် မေ ၂၀ ရက်က အမေရိကန်သံရုံး (ရန်ကုန်)၏ ဝမ်းနည်းကြောင်း ထုတ်ပြန်ချက်တွင် ဘင်္ဂါလီများအား "ရိုဟင်ဂျာလူမှုအသိုက်အဝန်း"ဟု သုံးစွဲခဲ့သည့်အတွက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ငြိမ်းချမ်းစွာ စုဝေးဆန္ဒထုတ်ဖော်ခြင်းကို မွန်းလွဲ ၂ နာရီခွဲတွင် အေးချမ်းစွာဖြင့် လူစုခွဲကာ ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)၊ ထင်ပေါ်ဝင်း(ကမာရွတ်)**



ရိုဟင်ဂျာလူမှုအသိုက်အဝန်းဟု သုံးစွဲခဲ့ခြင်းကြောင့် စီတန်းဆန္ဒထုတ်ဖော်စဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

ယနေ့မွန်းလွဲ ၂ နာရီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မိုးလေဝသခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မြန်မာ့အလင်း)**

## မြစ်ရေ အခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေခွဲမှ လေးပေခွဲခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# အချိန်စေ့တော့မယ်

ကျော်ရင်မြင့်

'ခင်ဗျားအတွက် အချိန်မရှိတော့ဘူး'

ဒီဆောင်းပါးကို ယခုလိုစရေးရရင် စိတ်ဝင်စားမှာလားလို့ တွေးမိပါတယ်။ ကျွန်တော်တို့အချိန်တွေ အလဟဿဖြစ်နေကြတဲ့အကြောင်း ပြောချင်တာပါ။ ပြောမယ့်သာပြောရတာ ကျွန်တော်တို့အားလုံး အသိခေါက်ခက် အဝင်နက်ဆိုတာလိုပဲ။ သိသိကြီးနဲ့ ပျော်ပျော်ကြီး အချိန်ဖြုန်းနေကြတာဆိုတော့လည်း ပြောရတာမလွယ်ပါဘူး။

ကျွန်တော်တို့လူမျိုး အချိန်မလေးစားတတ်တာကတော့ ဩချလောက်ပါတယ်။ 'မြန်မာစံတော်ချိန်' ဆိုပြီး အပြောင်အပြက်စကားတောင်တွင်နေတယ်။ အချိန်တိကျဖို့ပြောရင် အဲ့ဒီလူကို အရူးအနှမ်းကို ကြည့်သလို မျက်လုံးနဲ့ကြည့်တာပါ။

အစည်းအဝေးတို့ အခမ်းအနားတို့ဟာ သတ်မှတ်ချိန်အတိုင်း တိတိကျကျ စနိုင်တာရှားပါဘိခြင်း။ လူမစုံလို့ စောင့်ကြရတယ်။ အထူးသဖြင့်တော့ မပါမဖြစ် လူကြီးမင်းတွေက အချိန်နောက်ကျကြတာ များပါတယ်။ လူကြီးမင်းများ အလုပ်များတတ်ကြတာကို သိပါတယ်။ ဒါပေမယ့် တာဝန်တစ်ခုကို ယူရတဲ့အဆင့်ကိုရောက်ပြီဆိုရင်တော့ အချိန်ကို စီမံခန့်ခွဲတတ်ဖို့ လိုအပ်လာပါပြီ။ တစ်နေ့တာ၊ တစ်ပတ်တာ၊ တစ်နှစ်တာ အချိန်ဇယားတော့ ဆွဲထားရတော့မယ်။ အကြောင်းကြောင်းကြောင့် သတ်မှတ်တဲ့ အချိန်ဇယားအတိုင်းဖြစ်မလာဘဲ ပျက်ကွက်တာလည်း ရှိနိုင်ပါတယ်။ ဒါကို ညှိနှိုင်းလို့နားလည်လို့ရပါတယ်။ နားလည်လို့မရတာက အချိန်မလေးစားတာပါ။

ဒီနေရာမှာ 'ဗောင်းတော်ညိတ် စိတ်တော်သိ' လူကြီးအကြိုက်ကို လိုက်ဆောင်တတ်တဲ့ ပုတ်သင်ညို ကိုကို မမများက လူကြီးလာမယ့်အခမ်းအနားက ၉ နာရီ စမယ်ဆိုရင် တစ်နာရီကြိုတင်ပြီး ၈ နာရီ လူစုထားတတ်တဲ့အကျင့်ဆိုးကြောင့်လည်း လူကြီးမင်းကို စောင့်ကြရတဲ့အချိန်တွေက ပိုကြာတတ်တာဖြစ်ပါတယ်။

လူတိုင်းလူတိုင်းရဲ့အချိန်တိုင်းဟာ တန်ဖိုးရှိကြပါတယ်။ ဒါကြောင့် လူကြီးအခမ်းအနားကိုစီစဉ်ရတဲ့ ကိုကို မမတွေကလည်း လိုလိုမယ်မယ်ဆိုတာတွေကို လျော့ကျစေချင်ပါတယ်။ လူကြီးမင်းများကလည်း အချိန်ကို လေးစားကြစေချင်တယ်။ ဒါဆိုရင် အားလုံးအတွက် အချိန်ကုန်လူပန်း တော်တော်သက်သာမှာ ဖြစ်ပါတယ်။

အစည်းအဝေးများမှာ အချိန်တွေ တော်တော်ကုန်ကြရပါတယ်။ အစည်းအဝေးတစ်ခုလုပ်ရင် ဆိုင်ဆိုင် မဆိုင်ဆိုင် လိုလို မယ်မယ် အကုန်လျှောက်ဖိတ်တာကလည်း မသက်ဆိုင်သူတွေရဲ့အချိန်ကို အပိုကုန်စေတယ်။ တိုက်ရိုက်မသက်ဆိုင်ပေမယ့် ဖိတ်ကြားလို့ အစည်းအဝေးတက်ရောက်လာသူ လူကြီးမင်းအချို့ကလည်း အစည်းအဝေးရဲ့ အဓိကဦးတည်ချက်နဲ့ မဆိုင်ပေမယ့် သူလည်း ဝင်ဆွေးနွေးဖို့လိုတယ်ထင်ပြီး ထပြောတာကလည်း လိုရင်းမရောက်ဘဲ အချိန်တွေကုန်ကြရတယ်။ အစည်းအဝေးမှာ နောက်ထပ်ပြဿနာတစ်ခုကတော့ အစည်းအဝေးတက်ရောက်သူတိုင်းက သူလည်းထဆွေးနွေးမှ တာဝန်ကျေတယ်အထင်နဲ့ သူများဆွေးနွေးတင်ပြပြီး ကိစ္စကိုပဲ အက်ကြောင်းထပ်ခါထပ်ခါ ပြန်ပြောတာကြောင့် မလိုအပ်ဘဲ အချိန်တွေကုန်၊ လူတွေပန်း၊ ပျင်းစရာကောင်းပြီး အကျိုးလည်းမရှိဖြစ်ရပါတယ်။ အချို့ကတော့ ဆွေးနွေးတာမဟုတ်ဘဲ ရှေ့ကလူကို ထောက်ခံတင်ပြတာမျိုးဝင်လုပ်ပါတယ်။ ကျီး ဘုတ်မြှောက် ဘုတ်ကျီးမြှောက်နဲ့ ထောက်ခံဆွေးနွေးတာတွေကလည်း အချိန်တော်တော်ကုန်လေ့ရှိပါတယ်။ ဒီလိုအခါမျိုးမှာ အစည်းအဝေး သဘာပတိ၊ အခမ်း

> **တာဝန်ချိန်အတွင်းမှာ တာဝန်မဲ့ ပြင်ပကိုသွားတာ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေကို လုပ်ဆောင်တာကတော့ နိုင်ငံပိုင်အချိန်ကို ခိုးတာအပြင် အများပြည်သူအတွက် ဆောင်ရွက်ရမယ့်တာဝန်ကို ပျက်ကွက်တာဖြစ်လို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ပြုရာကျ**

အနားမှူးတို့ ရဲဝံ့ဖို့လိုပါတယ်။ အသစ်အဆန်းမတင်ပြနိုင်ဘဲ အရစ်ရှည်သူ၊ ပေရှည်သူတွေကို ဖြတ်ချဖို့လိုတယ်။ ခွင့်မပြုသင့်ပါဘူး။

ဒီနေရာမှာ ကျွန်တော်လေးစားတဲ့ သဘာပတိကြီးတစ်ယောက်အကြောင်းကိုလည်း ပြောပြချင်ပါတယ်။ သူရဲ့သဘာပတိ အဖွင့်အမှာစကားကို လိုရင်းတိုရှင်းပဲပြောတယ်။ အစည်းအဝေးစည်းကမ်းကို ကြိုတင်အသိပေးတယ်။

စည်းကမ်းထဲမှာ တစ်ယောက်အတွက် ဆွေးနွေးဖို့ခွင့်ပြုချိန်ကန့်သတ်တယ်၊ ထောက်ခံဆွေးနွေးတာ ခွင့်မပြုဘူး၊ ကန့်ကွက်ဆွေးနွေးတာပဲ ခွင့်ပြုတယ်၊ အဲဒီပုဂ္ဂိုလ် သဘာပတိလုပ်တဲ့အစည်းအဝေးတိုင်း ဆုံးဖြတ်ချက်တွေ ပီပီပြင်ပြင်ချမှတ်နိုင်တယ်၊ အချိန်တိုတိုနဲ့အစည်းအဝေးပြီးတယ်။

အစည်းအဝေးကို အချိန်အကုန်အနည်းဆုံးနဲ့ အထိရောက်ဆုံးကျင်းပနိုင်တာကလည်း စီမံခန့်ခွဲမှုပညာရပ်တစ်ခုဖြစ်ပါတယ်။ အလုပ်ကို အချိန်အကုန်အနည်းဆုံးနဲ့ အထိရောက်ဆုံး လုပ်တတ်တာလည်း စီမံခန့်ခွဲမှုကျွမ်းကျင်တာဖြစ်ပါတယ်။

ပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲတွေမှာလည်း ပရိသတ်က သိချင်တာ မေးခွန်းမေးခွင့်ပြုတဲ့အခါ မသိသား ဆိုးရွားသူအချို့က ဟောပြောဆွေးနွေးပွဲနှင့်ဆိုင်တဲ့ သိချင်တဲ့မေးခွန်းကို မေးတာမျိုးမဟုတ်ဘဲ ကိုယ့်အကြောင်းကိုယ် မိတ်ဆက်သလိုနဲ့ အချိန်အကြာကြီး ကိုယ်ရည်သွေးတဲ့အခါ ပရိသတ်က နှာခေါင်းရှုံ့ကြတာ တွေ့ရပါတယ်။

သူများအချိန်ကိုကျွန်တော်တို့လေးစားတတ်ဖို့လိုလာကြပြီဖြစ်ပါတယ်။

သူများအချိန်တွေကို လေးစားဖို့ လိုအပ်သူတွေထဲမှာ တာဝန်ရှိအရာရှိလူကြီးမင်းများလည်း ရှေ့ဆုံးကပါဝင်တယ်။ အချို့ကိစ္စရပ်တွေက လူကြီးမင်းကိုယ်တိုင်ဆုံးဖြတ်မှ ပြီးစီးတယ်။ အဆုံးအဖြတ်ပေးရမယ့်သူက အလုပ်ချိန်၊ အလုပ်ခွင်မှာမရှိတာကြောင့် သူ့ကိုစောင့်ဆိုင်းနေကြရတယ်ဆိုရင် ပြည်သူလူထုအပေါ်မှာ တာဝန်မကျေတာတစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် အဆုံးအဖြတ်ပေးဖို့ တာဝန်ယူထားသူတိုင်းဟာ တာဝန်ချိန်မှာ အလုပ်ခွင်မှာ ရှိနေရမှာဖြစ်ပါတယ်။ အချို့လူကြီးမင်းများ အလုပ်များတတ်ပါတယ်။ ပြင်ပဆက်ဆံရေးတွေလည်း ရှိရတတ်ပါတယ်။ တာဝန်ချိန်အတွင်း အလုပ်ခွင်မှာ ကိုယ်ကအချိန်ပြည့်မရှိနိုင်ရင် တာဝန်ကိုခွဲဝေလွှဲပြောင်းပေးဖို့လိုပါတယ်။ မြင်မြင်သမျှ ကိုယ်ခွင့်ပြုမှ ပြီးမယ်ဆိုပြီး မနိုင်ဝန်ထမ်းရင် ခရီးမတွင်ပါဘူး။ အများပြည်သူတွေရဲ့ အချိန်ကိုဖြုန်းတီးရာရောက်တာမို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ နှောင့်နှေးကြန့်ကြာစေပါတယ်။

တာဝန်ချိန်အတွင်းမှာ တာဝန်မဲ့ ပြင်ပကိုသွားတာ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေကို လုပ်ဆောင်တာကတော့ နိုင်ငံပိုင်အချိန်ကို ခိုးတာအပြင် အများပြည်သူအတွက် ဆောင်ရွက်ရမယ့်တာဝန်ကို ပျက်ကွက်တာဖြစ်လို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ပြုရာကျပါတယ်။

ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူတွေ အချိန်မှန်ဖို့ အချိန်လေးစားဖို့ အရေးကြီးပါတယ်။

မြင်လွယ်တဲ့ဥပမာကို တင်ပြရရင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ အချိန်မမှန်ရင် အချိန်နောက်ကျရင် ရာနဲ့ထောင်နဲ့ချီတဲ့လူတွေရဲ့ အချိန်တွေ အလဟဿဖြစ်ကြရပါတယ်။ အချိန်မှန်တာနဲ့ပတ်သက်ရင် နိုင်ငံပိုင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းတိုင်း နာမည်ကောင်းမရကြပါဘူး။ မီးရထားတစ်စင်းအချိန်နောက်ကျရင် ခရီးသည်တွေရဲ့အချိန်တွေ၊ ခရီးသည်တွေကို လာရောက်ကြိုဆိုရသူတွေရဲ့အချိန်တွေ အများကြီး အကျိုးမဲ့ ကုန်ဆုံးကြရပါတယ်။ လူ ၁၀၀၀ စီးလာတဲ့ရထားတစ်စင်း တစ်နာရီ နောက်ကျရင် မြန်မာပြည်သူလူထုရဲ့ နာရီ ၁၀၀၀ အကျိုးမဲ့ဆုံးရှုံးတာ မြန်မာနိုင်ငံသားတွေရဲ့အချိန်တွေ တစ်လခွဲလောက် အလဟဿဖြစ်ရတာပါ။

တစ်နေ့တစ်နေ့မှာ ရုံးဌာနများရှေ့မှာ စောင့်ဆိုင်းနေကြရသူတွေ၊ ခရီးလမ်းကြန့်ကြာလို့ အလဟဿအချိန်ကုန်နေရသူတွေ၊ အလုပ်အကိုင်မည်မည်ရရမရှိဘဲ လေနေသူတွေ၊ ကိုယ့်အလုပ်ကိုယ် ဟုတ်တိပတ်တိမလုပ်ဘဲ အချောင်ခိုနေသူတွေ၊ အစည်းအဝေးခန်းများထဲမှာ ကျောက်ချထိုင်နေခဲ့ရသူတွေရဲ့ အချိန်တွေကို အကျိုးရှိရှိ အသုံးချနိုင်အောင် ဖန်တီးပေးရမယ့် အချိန်ကိုရောက်နေပြီဖြစ်ပါတယ်။

အီးရော အီးရောနဲ့ ဇာတ်မျောကြီး ဆက်ကနေကြရတော့မယ် အချိန်မဟုတ်တော့ပါဘူး။ ရက် ၁၀၀ ပဲဖြစ်ဖြစ်၊ တစ်သက်တာပဲဖြစ်ဖြစ် အချိန်က လှစ်ခနဲကုန်သွားတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် အချိန်သိပ်မရှိကြပါဘူး။

# စိတ်ကူးမှသည် လက်တွေ့အောင်ပွဲဆီသို့

မောင်ရာဟု

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဧပြီ ၂၃ ရက်က တွေ့ဆုံခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှာတွေ့ဆုံခဲ့ကြတာပါ။ အခြေအနေကို သိချင်တာနဲ့ သူငယ်ချင်းလုပ်ငန်းရှင်တစ်ဦးကို စနည်းနာကြည့်ပါတယ်။ သူငယ်ချင်းလုပ်ငန်းရှင်က အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအုပ်စုထဲမှာ ပါပါတယ်။ သူငယ်ချင်းက သူတို့လုပ်ငန်းရှင်အုပ်စုထဲမှာ အဆက်အစပ်များပြီး အခြေအနေကို အမြဲတမ်းနားစွင့်လေ့ရှိပါတယ်။ သူငယ်ချင်းက ပြောပြတာကတော့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်အများစုဟာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းတဲ့ မူဝါဒတွေကို သဘောကျပါတယ်တဲ့။ ဒါပေမယ့် ချမှတ်ထားတဲ့ မူဝါဒတွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါ ဗျူရိုကရေစီယန္တရားက အချိန်နဲ့တစ်ပြေးညီ မြန်မြန်ဆန်ဆန် ထက်ထက်မြက်မြက် အကောင်အထည် ဖော်နိုင်ပါ့မလားဆိုတာကိုတော့ စီးပွားရေးလုပ်ငန်းရှင်တွေက စိုးရိမ်နေကြတယ်လို့ ဆိုပါတယ်။

သူငယ်ချင်းပြောပြတာတွေကို နားထောင်ပြီး တာဝန်ယူ အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်တွေမှာ မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ နိုင်ငံရေးပိုင်းဖြတ်ချက် ရှိနေပြီဆိုတာကို စီးပွားရေးလုပ်ငန်းရှင်တွေ ခံစားသိရှိနေပြီလို့ ယူဆမိပါတယ်။ တာဝန်ယူဆောင်ရွက်မယ့် ပြည်ထောင်စုဝန်ကြီးက စာရွက်ပေါ်မှာရှိတဲ့ စီမံကိန်းတွေကို ပြန်ရွတ်ပြနေရုံသက်သက် မဟုတ်ဘူးဆိုတာကို စီးပွားရေးလုပ်ငန်းရှင်တွေက ယုံကြည်ဖို့လိုပါတယ်။ ဒါမှလည်း စီးပွားရေးလုပ်ငန်းရှင်တွေဟာ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို စွန့်စားဆောင်ရွက်လာမှာပါ။ ဒီအချက်က အရေးကြီးပါတယ်။ ဒီအချက်ကို မစွမ်းဆောင်နိုင်ဘဲ ဖွံ့ဖြိုးတိုးတက်မှုကို မျှော်လင့်လို့ မရပါဘူး။ ဗျူရိုကရေစီယန္တရားနဲ့ ပတ်သက်လို့ ပြောရရင် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံယုံကြည်တဲ့ လူထုအစိုးရဆိုတဲ့ အရှိန်အဝါကြောင့် ပြည်သူ့ဝန်ထမ်းအများစုက လိုက်ပါပြောင်းလဲဖို့ ကြိုးစားကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဦးဆောင်တာဝန်ယူရတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ ခေတ်မီစနစ်ကျတဲ့ စီမံခန့်ခွဲမှုကိုဖန်တီးပြီး ပြည်သူ့ဝန်ထမ်းတွေရရှိတဲ့ လုပ်ခလုပ်စာဟာ အမှန်တကယ် လူနေမှုစရိတ်ကို ကာမိအောင် စီမံပေးဖို့ပဲ လိုအပ်ပါတယ်။ ဒီအချက်တွေကိုသာ စီမံခန့်ခွဲပေးနိုင်ခဲ့ရင် အကျင့်ပျက်လာဘ်စားမှုကိုအရင်းခံပြီး ကြွယ်ဝချမ်းသာလိုတဲ့ ဝန်ထမ်းတချို့ရဲ့ ကဖျက်ယဖျက် နှောင့်ယှက်မှုတွေကို ဟန့်တားကျော်လွှားနိုင်မှာပါ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လူထုအစိုးရသစ်ရဲ့ ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံရဲ့ ပြည်ပပို့ကုန်တင်ပို့မှု သုံးဆတက်အောင် ကြိုးပမ်းသွားမယ်လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ပြည်ပပို့ကုန်တင်ပို့မှု သုံးဆတက်ရေးဆိုတာ စီမံကိန်းအဆင့်မဟုတ်သေးဘဲ စိတ်ကူးစိတ်သန်းအဆင့်မှာပဲ ရှိသေးတာကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ထောက်ပြသွားပါတယ်။ စိတ်ကူးစိတ်သန်းဆိုတာက လည်း ပညာရှင်တွေနဲ့ တိုင်ပင်ထားတဲ့ဖြစ်နိုင်ခြေရှိတဲ့ အနေအထားကို ပြောတာပါ။ ဖြစ်နိုင်ခြေရှိတာတွေ အမှန်တကယ်ဖြစ်လာအောင် လိုအပ်ချက်အားလုံး ဖြည့်ဆည်းပေးနိုင်ဖို့လိုပါတယ်။ လျှပ်စစ်မီးလိုတယ်၊ ဘဏ္ဍာငွေလိုတယ်၊ နည်းပညာလိုတယ်၊ ပြည်ပဈေးကွက်အချက်အလက်လိုတယ်၊ အိုးအိမ်ခြံမြေဈေးနှုန်းတွေကျဆင်းဖို့လိုတယ်တဲ့ စတဲ့ လိုအပ်ချက်တွေကို လုပ်ငန်းရှင်တွေရော ပညာရှင်တွေပါ သိထားပြီးသားပါ။ ဒီလိုအပ်ချက်တွေကို ဘယ်လိုစုစည်းပေါင်းစပ်အကောင်အထည်ဖော်ရမလဲဆိုတာကိုပဲ ဆုံးဖြတ်ရမှာပါ။ ဒီနေရာမှာ ပြည်ပကနေ တရားမဝင် အခွန်မဆောင်ဘဲ တင်သွင်းလာတဲ့ စားသောက်ကုန်တွေကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းရှင်တွေ နစ်နာနေရတဲ့ ကိစ္စမျိုးတွေကတော့ အချိန်ယူအကောင်အထည်ဖော်မှပဲ ဖြစ်နိုင်မှာပါ။ ပြောလိုတာက မဖြစ်ဖြစ်အောင် ဆောင်ရွက်မယ်ဆိုတဲ့ ပိုင်းဖြတ်မှုသာရှိခဲ့ရင်၊ လိုအပ်ချက်တွေ တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်ရင် မူဝါဒဟာ ရုပ်လုံးကြွပုံပေါ်လာမှာပါ။ ပြည်သူလူထုကြားမှာ ခရိုနီလို့ ပြောပြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေအနေနဲ့လည်း လူထုအစိုးရသစ်လက်ထက်မှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းလှိုင်းလုံးကြီးတစ်ရပ် ရုန်းကြွပေါ်ထွက်လာအောင် ပါဝင်လက်တွဲဆောင်ရွက်သင့်ပါတယ်။ ပြည်သူလူထုအများစုက သုံးနိုင်ဖြုန်းနိုင်မှု၊ ပညာတတ်မှု၊ ကျန်းမာမှု တိုင်းပြည်ဟာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမှာပါ။

> **တာဝန်ယူဆောင်ရွက်မယ့် ပြည်ထောင်စုဝန်ကြီးက စာရွက်ပေါ်မှာရှိတဲ့ စီမံကိန်းတွေကို ပြန်ရွတ်ပြနေရုံသက်သက် မဟုတ်ဘူးဆိုတာကို စီးပွားရေးလုပ်ငန်းရှင်တွေက ယုံကြည်ဖို့လို**

# အင်းလေးကန် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဧပြီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP တို့ ပူးပေါင်း၍ အင်းလေးကန်ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ၂၈ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ သစ်တောဦးစီးဌာန ရတနာသစ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**





ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ရေသယံဇာတ အခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာအလွန်ကောင်းသည့် အနေအထားတွင်ရှိကြောင်း၊ သဘာဝဂေဟစနစ်များသည် ရေသံသရာလည်မှုဖြစ်စဉ်တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ရေ၏အရည်အသွေးနှင့် ပမာဏတို့ကို အကျိုးသက်ရောက်မှု ရှိစေကြောင်း၊ ရေဝေရေလဲဒေသများတွင် မြေအသုံးချမှုလုပ်ငန်းများကြောင့် မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ရေကန်များ၏ ဂေဟစနစ်များကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကန်များအတွင်း ရောက်ရှိလာသည့်ရေသည် ယင်းတို့၏ ရေဝေရေလဲနှင့် ရေဦးရေဖျားဒေသများမှ စီးဆင်းလာခြင်းဖြစ်သည့်အတွက် ယင်းဒေသများ၌ ပတ်ဝန်းကျင်အခြေအနေပြောင်းလဲမှုများကြောင့် ကန်အတွင်းရှိ ရေသယံဇာတများနှင့် သက်ရှိများကို ကောင်းကျိုး ဆိုးကျိုးသက်ရောက်စေနိုင်ကြောင်း၊ ရေကန်များ ရေရှည်တည်တံ့စေရန် ရေကန်အတွင်းသာမက ရေဝေရေလဲဒေသများကိုပါ ထည့်သွင်းပေါင်းစပ် စီမံခန့်ခွဲရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်ရာတွင် ယင်း၏ ကြီးမားကျယ်ပြန့်သည့် ရေဝေရေလဲဒေသကြီးတစ်ခုလုံးကိုလည်း ထည့်သွင်းစဉ်းစား စီမံခန့်ခွဲရမည်ဖြစ်ကြောင်း။

ရေကန်ကြီးများကို စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ယင်းတို့၏ ထူးခြားသည့် ဝိသေသများကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး ကန်အတွင်းနှင့်ကန်၏ ရေဝေရေလဲဒေသများအကြား အချင်းချင်းအကြောင်းအကျိုးကိစ္စရပ်များ ယှက်နွှယ်ဆက်စပ်လျက်ရှိခြင်းအပေါ် အခြေခံပြီး စီမံခန့်ခွဲနိုင်မှသာ ပြဿနာများကို မှန်မှန်ကန်ကန်နှင့် အောင်မြင်စွာဖြေရှင်းနိုင်မှာဖြစ်ပါကြောင်း၊ အင်းလေးကန်ကို ရေရှည်တည်တံ့အောင်စီမံရာတွင်လည်း ယင်းဝိသေသများကို သက်ဆိုင်ရာ ပုဂ္ဂိုလ်အဖွဲ့အစည်းများက သိနားလည်အောင်ကြိုးစားကြပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "ရေကန်နှင့် ယင်း၏ ရေဝေရေလဲဒေသများ ဘက်စုံစီမံအုပ်ချုပ်မှုစနစ်" (Integrated Lake Basin Management) ဟု ခေါ်တွင်ပြီး ILBM ဟု လူသိများသည့် စနစ်တစ်ရပ် ပေါ်ထွက်လာခဲ့ကြောင်း၊ နိုင်ငံတကာရှိ ရေကန်ကြီးများ ပျက်စီးယိုယွင်းမှုဖြစ်ပွားရာတွင် အများစုကြုံတွေ့ရသည့် ပြဿနာရပ်များမှာ ရေဝေရေလဲဒေသများ၌ရှိသည့် သစ်တောများ ပြုန်းတီးပျက်စီးလာသည့်အတွက် မြေဆီလွှာတိုက်စားပြီး ကန်အတွင်း နုန်းပို့ချခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများ ရှင်သန်ရပ်တည်ရာ နေရင်းဒေသများ ပျက်စီးခြင်းနှင့် ဇီဝမျိုးများလျော့နည်းလာခြင်း၊ ကန်အတွင်းနှင့်ကန်အပြင်မှ ကျဆင်းလာသည့် အညစ်အကြေးများ၊ အဆိပ်သင့်ပစ္စည်းများကြောင့် ရေအရည်အသွေးပျက်စီးခြင်းနှင့် ကန်အတွင်းမလိုလားအပ်သော ရေပေါင်းပင်များ ပွားများလာခြင်း၊ ရေသယံဇာတများ စီမံခန့်ခွဲရာတွင် အားနည်းခြင်း၊ ရာသီဥတုပြောင်းလဲမှုပြဿနာနှင့် ရင်ဆိုင်ရခြင်း၊ ရေသယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးနည်းများ အားနည်းခြင်း၊ ဌာနဆိုင်ရာများအတွင်း စီမံခန့်ခွဲမှု အရည်အချင်း အားနည်းခြင်း စသည်တို့ကြောင့်ဖြစ်ပြီး အင်းလေးကန်နှင့် ရေဝေရေလဲဒေသများအတွင်းတွင်လည်း အလားတူပြဿနာများ ကြုံတွေ့ရလျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း ပြောကြားသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲတွင် UNDP နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး "ရေကန်နှင့် ယင်း၏ ရေဝေရေလဲဒေသများ ဘက်စုံစီမံအုပ်ချုပ်မှုစနစ်" ILBM အယူအဆအပေါ်တွင် အခြေခံရေးဆွဲထားသည့် "Inlay Lake Conservation Plan (2015-2019)" အကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးမည်ဖြစ်ပြီး လူသားနှင့် ဇီဝအဝန်းနယ်မြေအကြောင်းကိုလည်း အသေးစိတ်ဆွေးနွေးမည်ဖြစ်ကြောင်း၊ UNDP သတ်မှတ်နိုင်ရန် အထူးသဖြင့် နော်ဝေနိုင်ငံအစိုးရနှင့် ပြည်သူများကို အင်းလေးကန်ထိန်းသိမ်းရေးအပြင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတများ ထိန်းသိမ်းရေးအတွက် စဉ်ဆက်မပြတ်အကူအညီပေးနေမှုအပေါ် အထူးကျေးဇူးတင်ရှိကြောင်း အသိအမှတ်ပြုပြောကြားသည်။

၁၉၈၅ ခုနှစ်ကစတင်ပြီး အင်းလေးကန်ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် ဘေးမဲ့တောအဖြစ် ဖွဲ့စည်းစီမံအုပ်ချုပ်ခဲ့ပြီး အင်းလေးကန်၏ ထူးခြားသည့် ဂုဏ်အင်္ဂါရပ်များကြောင့်လည်း **အာဆီယံအမွေအနှစ်ဒေသ(ASEAN Heritage Site)**အဖြစ် သတ်မှတ်ခံခဲ့ရသည့်အပြင် ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပခဲ့သည့် ယူနက်စကို လူသားနှင့် ဇီဝအဝန်းအစီအစဉ် ပူးပေါင်းညှိနှိုင်းမှုကောင်စီအစည်းအဝေးတွင် အင်းလေးကန်ဒေသကို **"ဇီဝအဝန်းနယ်မြေ Biosphere Reserve"** အဖြစ် သတ်မှတ်အတည်ပြုကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့် ဇီဝအဝန်းနယ်မြေဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ မှာရှိသည့် ဇီဝအဝန်းနယ်မြေပေါင်း ၆၅၁ ခု (သို့မဟုတ်) အာရှနိုင်ငံ ၂၄ နိုင်ငံတွင်ရှိသည့် ဇီဝအဝန်းနယ်မြေပေါင်း ၁၄၂ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၄၁ ဦး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၁၆ ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး၊ ဆက်စပ်ဌာနဆိုင်ရာများမှ ၁၉ ဦး၊ တောင်ကြီးတက္ကသိုလ်မှ ရှစ်ဦး၊ NGO အဖွဲ့အစည်းများမှ ၄၈ ဦး၊ သတင်းမီဒီယာများမှ ၁၀ ဦး စုစုပေါင်း ၁၅၀ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## အင်းလေးကန်အတွင်း ရေမြှင့်အဆောက်အအုံနှစ်ခု တည်ဆောက်

**ညောင်ရွှေ ဧပြီ ၂၈**

မြန်မာနိုင်ငံ၌ ပထမဆုံး ယူနက်စကို၏ ဇီဝအဝန်းနယ်မြေသစ်ဖြစ်လာသော ညောင်ရွှေမြို့နယ်ရှိ ကမ္ဘာကျော် အင်းလေးကန်သို့ မြန်မာပြည်အရပ်ရပ်သာမက ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားခရီးသည်များသည် နေ့စဉ်နှင့်အမျှ အဓိကကျသော နမ့်ကတ်ချောင်းမှဖြတ်ကျော်၍ ဖောင်တော်ဦးဘုရားသို့သွားရာ ရေလမ်းမကြီးနှင့် အလိုတော်ပေါက်ဘုရား ရေလမ်းမကြီးတစ်လျှောက်တွင် အခက်အခဲမရှိဘဲ စက်တပ်လှေများဖြင့် ကူးသန်းသွားလာနေကြသည်ကို တွေ့မြင်နေရသည်။

အဆိုပါ အင်းလေးကန်၏ အချို့ကျေးရွာများတွင် နွေရာသီကာလဖြစ်သည့်အတွက် ရေခန်းခြောက်လျက်ရှိသော်လည်း ဆည်မြောင်းဦးစီးဌာနအနေဖြင့် ထူးကဲသည့်ရေကျဆင်းမှုမဖြစ်ပေါ်စေရေးနှင့် အင်းလေးကန်၏ ချောင်းပေါ်တွင် ရေကျဆင်းမှုလျော့နည်းသက်သာစေရန်အတွက် ရည်ရွယ်တည်ဆောက်ထားပြီးဖြစ်သော ရေမြှင့်အဆောက်အအုံသစ်နှစ်ခုဖြင့် ပိတ်ဆို့သင့်သောရေလမ်းကြောင်းများကို ပိတ်ဆို့ပေးကာ တူးဖော်ပေးရန်လိုအပ်သော ရေလမ်းကြောင်းများကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

(ဝ၅၄)

## တောင်ငူမြို့နယ်ရှိ ရေပြတ်လပ်သည့်ကျေးရွာအချို့သို့ ရေလှူဒါန်း

**တောင်ငူ ဧပြီ ၂၈**

တောင်ငူမြို့နယ်ရှိ ကျေးရွာအချို့သည် ရေတွင်းရေကန်များ ခန်းခြောက်ပြီး သောက်သုံးရေ ပြတ်လပ်ခြင်းနှင့် ကြုံနေရသည့် ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ဧပြီ ၂၇ ရက်၌ သွားရောက်လှူဒါန်းခဲ့သည်။

တောင်ငူမြို့နယ်ရှိ ရေပြတ်လပ်သည့်ကျေးရွာအချို့မှာ ရေဆင်းကုန်းရွာသည် အိမ်ခြေ ၉၄၊ လူဦးရေ ၅၀၇ ဦး၊ လယ်တပြင်ကွင်းကျေးရွာသည် အိမ်ခြေ ၁၀၆ ၊ လူဦးရေ ၅၀၉ ဦး၊ စပါးလင်ကုန်းကျေးရွာသည် အိမ်ခြေ ၉၇၊ လူဦးရေ ၅၁၀၊ သဲတာကျေးရွာတွင် အိမ်ခြေ ၉၅၊ လူဦးရေ ၄၃၉ ဦး၊ ၅မိုင်းကျေးရွာတွင် အိမ်ခြေ ၁၃၅၊ လူဦးရေ ၆၃၈ ဦး နေထိုင်လျက်ရှိပြီး နှစ်စဉ်ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။

ဆိပ်ဖူးတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသူရိန်က "ဒီရွာမှာက လက်တူးတွင်း တုံကင်ကျောက်စည် ၂၅ လုံးလောက်ရှိတယ်၊ နွေရောက်ရင်တော့ ရေပြတ်တာပဲ။ ရွာထဲမှာတော့ ရေဂါလန် ၃၀၀၀ ဆံ့ ကန်လုပ်ပေးထားတယ်။ ရေလာလှူတဲ့လူရှိရင် ဒီကန်ထဲကို ရေဖြည့်ပြီး ခွဲတမ်းကျ ဝေပေးလိုက်တယ်" ဟု ပြောသည်။

ထို့နောက် ရေဂါလန် ၂၈၀၀ ဆံ့ မြတ်မိခင် ရေသယ်ယာဉ်သည် နှစ်စဉ်လှူဒါန်းပေးလျက်ရှိရာ ကားဝင်၍ရသော ရွာများနှင့် ရေလှောင်ကန်ရှိသည့် နေရာများသို့ သွားရောက် ရေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**

◆ ရှေ့ဖုံးမှ

တစ်ထောင့်တည်းမှာ ငြိမ်းချမ်းရေး ရလို့လည်းမပြီးပါဘူး။ နေရာတစ်နေရာမှာ အပစ်အခတ်တွေရှိနေသေးမယ်ဆိုရင် ဒါ ငြိမ်းချမ်းရေး တစ်ပြည်လုံးမှာရတယ်လို့ မပြောနိုင်ပါဘူး။

အခုပဲလက်မှတ်ထိုး၊ အခုပဲပျက်သွားတာမျိုး မဖြစ်ဖို့၊ အဲဒါကို ခိုင်မာအောင် ဆက်လက်ပြီး တည်ဆောက်သွားဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသွားပါတယ်။ ကျွန်တော်တို့အချင်းချင်း အောက်ခြေမှာပဲဖြစ်ဖြစ်၊ အပေါ်မှာပဲဖြစ်ဖြစ် အချင်းချင်းရဲ့ ဆက်ဆံမှုများလာမယ်။ နားလည်မှုတွေ တည်ဆောက်မှုများလာမယ်။ နောက်ပြီး ယုံကြည်မှုတည်ဆောက်ဖို့ဆိုတာကလည်း အဲဒီကနေပဲလာမှာပါ။ အဲဒီကနေတစ်ဆင့် ခိုင်မာသထက် ခိုင်မာအောင် လုပ်ဆောင်နိုင်မှာပါ။ အဓိကကတော့ ယုံကြည်မှုပါပဲ၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ယုံကြည်မှုကအဓိကပါ။

**ဂျေအမ်စီ - ယူ အတွင်းရေးမှူး၊ ဒေါက်တာရွှေခါးရဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်**

မကြာမီမှာ ငြိမ်းချမ်းရေးညီလာခံလုပ်နိုင်ဖို့အတွက် ပြင်ဆင်မှုတွေကို လုပ်ချင်တယ်ဆိုပြီး ပြောပါတယ်။ ပြောတာက ၂၁ ရာစု ပင်လုံညီလာခံဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်ချင်တယ်။ အရင်တုန်းက အစိုးရကို နည်းပညာဆိုင်ရာအရအထောက်အကူပေးနေတာက MPC ဖြစ်တယ်။ ဒါကို သူက ငြိမ်းချမ်းရေးတစ်ခုတည်းအတွက် မဟုတ်ဘဲနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုလည်း ဖြစ်စေချင်တယ်။ အဲဒါကြောင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးစင်တာဆိုတဲ့ ပုံစံလုပ်ချင်တယ်လို့ဆိုပါတယ်။

MPC ကို နာမည်ကအစ ဘယ်လိုပေးရမလဲဆိုတာပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံပဲခေါ်ခေါ်၊ ၂၁ ရာစု ပင်လုံညီလာခံပဲခေါ်ခေါ် ဒါတွေကျင်းပဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မေ ၁၀ ရက်လောက်မှာ အစိုးရဘက်ရော၊ JMC ဘက်ရော၊ UPDJC အပါအဝင် အစည်းအဝေးထိုင်ဖို့ အကြမ်းဖျင်းက လူ ၁၀ ယောက်၊ ၁၅ ယောက်လောက်နဲ့ သဘောတူခဲ့ပါတယ်။

တစ်ဖက်ကလည်း အားလုံးပါဝင်နိုင်ရေးကို အာရုံစိုက်ပြီးပြောပါတယ်။ ဒါပေမယ့် ပါဝင်သင့် ပါဝင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပါဖို့က အရေးကြီးသလို သူတို့မပါတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးမလုပ်ရဘူးဆိုတာလည်း မဖြစ်သင့်ပါဘူး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သူကိုယ်တိုင်ဦးဆောင်ဖို့ ပြောပါတယ်။ ဆက်သွယ်ရေး၊ ဆက်ဆံရေးဆိုတာလည်း လုပ်ဖို့လိုပါတယ်။

**ဂျေအမ်စီ- ယူ အဖွဲ့ဝင်၊ ဦးကိုကိုကြီး အရပ်သားကိုယ်စားလှယ်**

ငြိမ်းချမ်းရေးဟာ မြန်မာနိုင်ငံရဲ့ အခြေခံကျတဲ့ ပြဿနာ အကြောင်းအရင်းတစ်ခုဖြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တာဝန်ယူပြီး ဆောင်ရွက်တဲ့အခါမှာ ဒေါက်တာတင်မျိုးဝင်းကို ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ဖြစ်စဉ်တွေမှာ ဆက်သွယ်ရေးပုဂ္ဂိုလ်အဖြစ်သတ်မှတ်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ အဓိကက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ငြိမ်းချမ်းရေးကိစ္စနဲ့ ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးဖို့ လိုအပ်လာတဲ့ကိစ္စတွေကို သူကနေတစ်ဆင့် ဆောင်ရွက်သွားဖို့ ဆက်သွယ်ရမယ့် ပုဂ္ဂိုလ်အဖြစ် ကျွန်တော်တို့ကို မိတ်ဆက်ပေးသွားပါတယ်။

ကျန်တာက ငြိမ်းချမ်းရေးစင်တာကို ပြန်လည်ဖွဲ့စည်းဖို့နဲ့ ငြိမ်းချမ်းရေးညီလာခံကျင်းပဖို့ ကိစ္စတွေကို ဆက်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။ ငြိမ်းချမ်းရေးညီလာခံကျင်းပဖို့ ကျွန်တော်တို့ အချိန်ကာလ မသတ်မှတ်ရသေးပါဘူး။ အဲဒီအတွက် လိုအပ်တဲ့ ပြင်ဆင်ဆွေးနွေးမှုတွေ လုပ်သွားမယ်လို့ သိရပါတယ်။

ဂျေအမ်စီရဲ့ သဘာဝက အထူးသဖြင့် စစ်ဘက်ဆိုင်ရာကိစ္စတွေကို ပိုပြီး အာရုံစိုက်ပါတယ်။ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ဖို့ဖြစ်တဲ့အတွက် နှစ်ဖက်တပ်တွေရဲ့ တည်နေရာတွေ ချိုးဖောက်မှုရှိမရှိကို စစ်ဆေးဖို့ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ(ယူပီဒီဂျေစီ) ရှိပါတယ်။ ယူပီဒီဂျေစီက နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လုပ်တဲ့အခါမှာ ဂျေအမ်စီက လက်မှတ်မထိုးနိုင်သေးတဲ့ အဖွဲ့တွေပါဝင်လာဖို့အတွက်ကို ကျွန်တော်တို့တတ်နိုင်တဲ့နည်းနဲ့ အစွမ်းကုန်ကြိုးစားသွားမယ်လို့ ကျွန်တော်တို့ အားလုံးက ဆန္ဒပြုပါတယ်။

ငြိမ်းချမ်းရေးဆိုတာ အစိုးရတစ်ဖွဲ့တည်းရဲ့ လုပ်ငန်းစဉ်မဟုတ်ပါဘူး၊ နိုင်ငံတော်ရဲ့လုပ်ငန်းစဉ်ပါ။ ဆိုလိုတာက အစိုးရပြောင်းသွားလည်း ငြိမ်းချမ်းရေးအောင်မြင်ဖြစ်ထွန်းသည်အထိ ဆက်ပြီးသယ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်က အစပျိုးနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ယခုအစိုးရက ဆက်လက်သယ်ဆောင်သွားဖို့ ဖြစ်ပါတယ်။


စောအိုင်းဇက်ဖိုး


ဒေါက်တာရွှေခါးရဲ


ဦးကိုကိုကြီး

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သောက်ရေသန့်နှင့် သုံးရေများ လှူဒါန်း

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ ရေကန်များ ရေခန်းခြောက်လာသဖြင့် သောက်ရေ၊ သုံးရေလုံလောက်မှုမရှိခြင်းကြောင့် ဒေသခံပြည်သူများ ရေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၂၈ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သောက်ရေအတွက် ရေသန့်ဘူးကြီး ငါးလီတာဝင်ဘူး ၂၀၀၀ နှင့် သုံးရေအတွက် ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ် လေးစီးတို့ကို ဒလမြို့နယ်ရှိ ကျန်စစ်သားရပ်ကွက်၊ သပြေကုန်းကျေးရွာနှင့် ဒလမြို့မရဲစခန်းတို့သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဘော်ဆိုင်းဒေသ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမည်

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ပြည့်စုံဖူလုံစွာရရှိသုံးစွဲနိုင်စေရန် ရည်ရွယ်၍ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် Water Supply Project ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်က စတင်ကာ ဘော်ဆိုင်း၊ ဟဲဟိုး၊ ကလော၊ အောင်ပန်း၊ ပင်းတယ၊ တောင်ကြီး၊ ဟိုပုံး၊ နမ့်စန်စသည့် မြို့နယ်များနှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စက်စက်ယိုကျေးရွာ၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျောက်တန်းကျေးရွာတို့၌ စက်ရေတွင်း စုစုပေါင်း ၁၀၉ တွင်းကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ခေတ်မီရေတွင်းတူးစက်ကြီး ခြောက်စီးဖြင့် တူးဖော်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေတူးစက်ကြီးများသည် အနက်ပေ ၁၀၀၀ အထိသာ တူးဖော်နိုင်သောကြောင့် ယခု အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန် အင်္ဂလန်နိုင်ငံ DANDO ကုမ္ပဏီက ထုတ်လုပ်သော အနက်ပေ ၁၈၀၀ အထိ တူးဖော်နိုင်သည့် ခေတ်မီရေတွင်းတူးစက်သစ်ကြီးကို ဝယ်ယူခဲ့ပြီး ဧပြီ ၂၉ ရက်မှ စတင်ကာ ဘော်ဆိုင်းဒေသ၌ သန့်ရှင်းသော သောက်သုံးရေရရှိရန် အဝီစိတွင်းများကို DANDO ကုမ္ပဏီမှ ပညာရှင် Mr.Stanley Kirby က ဦးဆောင် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


သောက် သုံး ရေ ရှားပါး နေသည့် ကျောက်ဖြူ မြို့နယ်ရှိ ဆင်တင်ကျေးရွာသို့ ဧပြီ ၂၈ ရက်က မြို့နယ် ကျေးလက် ဦးစီးမှူး ဦးဦးတင်မောင်နှင့် အဖွဲ့ ရေဂါလန် ၁၀၀၀ ကို ဒေသခံများထံသို့ သွားရောက်လှူဒါန်းစဉ်
မောင်ကျော်ကြီး

# လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်



**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍သွားနေကြောင်း၊ ရေရှည်အကျိုးကိုကြည့်၍ အပြန်အလှန်နားလည်မှု၊ သည်းခံမှု၊ လေးစားယုံကြည်မှုများဖြင့် အားလုံးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ငြိမ်းချမ်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချင်းချင်း ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာအတွေ့အကြုံများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးမြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အဂတိတရားကင်းရှင်းရေး၊ အုပ်ချုပ်ရေးနှင့်လွှတ်တော်များပူးပေါင်း၍ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးရမည့် တာဝန်မှာ မိမိတို့အလုပ်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များကို လွှတ်တော်သို့ တင်ပြပေးရမည်ဖြစ်ပြီး လွှတ်တော်အတွေ့အကြုံများကို ပြည်သူသိရှိရန် ရှင်းပြပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ မဲဆန္ဒနယ်များကို ကွင်းဆင်း၍ ပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို ထဲထဲဝင်ဝင် သိရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်သည့် အနေအထားမျိုးမဖြစ်အောင် သတိပြုရမည်ဖြစ်ပြီး ညှိနှိုင်းပေါင်းစပ်သည့် သဘောဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်းအကြားတွင် သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်သူများအကျိုးအတွက် ဆောင်ရွက်ပေးရာတွင်လည်း ပြည်သူများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ရိုက်စေခြင်းမျိုးမဖြစ်အောင် အထူးသတိပြုရမည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေ၊ နည်း ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်များကို အသုံးပြုရာတွင်လည်း အလွဲသုံးစားပြုသည့် သဘောမဖြစ်အောင် သတိပြုရမည်ဖြစ်ကြောင်း၊ ပြည်သူသာအမိ၊ ပြည်သူသာအဖ စိတ်မွေးမြူ၍ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ဆက်ဆံကြစေလိုကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ ကိုယ့်ဂုဏ် ကိုယ့်သိက္ခာဖြင့် နေထိုင်ကြရန် လိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များသည် လွှတ်တော်လုပ်ငန်းစဉ်ကို ဟန့်တားနှောင့်ယှက်သည့်သဘောမဖြစ်စေရန် သတိပြုရမည်ဖြစ်ကြောင်း၊ မတူကွဲပြားသည့် အယူအဆများကို သဘောထားကြီးကြီးဖြင့် စိတ်ရှည်သည်းခံကာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တည်ဆဲဥပဒေများနှင့် အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဥပဒေများ ပြုရာတွင်လည်း အဂတိတရားကင်းစင်သည့် လူ့အသိုင်းအဝိုင်း ပေါ်ပေါက်လာရေးနှင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကို အထောက်အပံ့ဖြစ်သည့် ဥပဒေများဖြစ်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံကို ကမ္ဘာ့အလယ်တွင် ပွဲလယ်တင့်အောင် လွှတ်တော်ကိုယ်စားလှယ်များက အခြေပြု၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# သန်းခေါင်စာရင်းအချက်အလက်များကိုအခြေခံ၍ အသေးစိတ်လေ့လာဆန်းစစ်သည့် အစီရင်ခံစာ ရေးသားခြင်းများအား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး(UN)မှ ဌာနေညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien နှင့်အဖွဲ့အား ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှု၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံတကာ အတွေ့အကြုံများနှင့်ယှဉ်ကာ ပူးပေါင်းကူညီဆောင်ရွက်ပေးရေးအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့အတူ ယနေ့နံနက် ၉ နာရီတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေ ကိုယ်စားလှယ် Ms. Janet E. Jackson နှင့် အဖွဲ့အား တွေ့ဆုံ၍ သန်းခေါင်စာရင်း အချက်အလက်များအား ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်မှုအခြေအနေ၊ သန်းခေါင်စာရင်းဆိုင်ရာ နည်းပညာအကြံပေးကော်မတီအစည်းအဝေး ကျင်းပနိုင်ရေးနှင့် သန်းခေါင်စာရင်း အချက်အလက်များကိုအခြေခံ၍ အသေးစိတ်လေ့လာဆန်းစစ်သည့် အစီရင်ခံစာများ ရေးသားခြင်းအား ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

"အယ်နီညိုကြောင့် ရာသီဥတုဆိုးရွားမှုတွေ စတင်နေပေမယ့် ယခုဧပြီလမှာ ထွက်တဲ့နွေစပါးကို ထိခိုက်မှုမရှိခဲ့ဘူး။ ဒါပေမယ့် မိုးစပါးစိုက်ပျိုးတဲ့ကာလမှာတော့ ထိခိုက်လာနိုင်တယ်။ ဥပမာမိုးခေါင်လို့ ရေပြတ်လပ်တာတွေ၊ မိုးကြီးတာတွေ၊ လေပြင်းတိုက်တာတွေ စသဖြင့်ပေါ့။ ဒါတွေဖြစ်လာခဲ့ရင် ဘယ်လိုဖြေရှင်းကြမလဲဆိုတာကို ဒီနှစ်ဖွဲ့တွေ့ဆုံပြီး ကြိုတင်ဆွေးနွေးပြင်ဆင်ထားဖို့ လိုအပ်တယ်လို့ထင်ပါတယ်။ ဒါမှ ပြည်တွင်းစားသုံးမှုဖူလုံဖို့နဲ့ ဈေးနှုန်းကြီးမြင့်မှုတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

သင်္ကြန်ပြီးကာလ မန္တလေးဆန်ဈေးကွက်အခြေအနေမှာ သင်္ကြန်တွင်းရက်ရှည်ပိတ်ရက်များအပြင် ပူပြင်းသောအပူရှိန်ကြောင့် လုပ်အားကျဆင်းမှုများနှင့်အတူ ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်းတို့ ဖြစ်ပေါ်ခဲ့သော်လည်း တရုတ်နိုင်ငံသို့ တင်ပို့မှုနည်းပါးသွားသည့်အတွက် ဈေးနှုန်းသိသာစွာ မြင့်တက်သွားခြင်းမျိုးမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဆန်အိတ်တွေက ဧရာဝတီဆိပ်ကမ်းမှာ ရောက်နေပေမယ့် သင်္ကြန်ပိတ်ရက်ကြောင့် လုပ်သားက မစုံဘူး။ ဒါ့အပြင် နေကအလွန်ပူတော့ အလုပ်လုပ်နိုင်တဲ့နှုန်းကကျသွားတယ်။ ဒါကြောင့် ကုန်တွေရောက်နေပေမယ့် သင်္ဘောပေါ်က ချဖို့ရက်ရှည်စောင့်ရတယ်။ ဒါကြောင့် ဆန်တစ်ပိုင်းကို ငွေကျပ် ၈၀၀ ကနေ ၁၀၀၀ လောက်တက်သွားတာပါ။ လက်ရှိမှာ တရုတ်နိုင်ငံက ငွေဈေးကျပြီး အဖမ်းအဆီးများနေတာကြောင့် မြန်မာကုန်သည်တွေ ဈေးမကိုက်တဲ့အတွက် တင်ပို့မှုနည်းသွားတယ်" ဟု၎င်းက ဆိုသည်။

လက်ရှိမန္တလေးဆန်ဈေးကွက်တွင် ရွှေဘို၊ ဘေးကြား၊ ပေါ်ဆန်း(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀-၄၁၅၀၀ နှုန်း၊ အဟောင်းတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ နှုန်း၊ ရန်ကုန်ပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀-၃၅၀၀၀ နှုန်း၊ မဂျမ်းတော ငွေကျပ် ၄၁၀၀၀-၄၂၀၀၀နှုန်း၊ ဧရာမင်း(မုံရွာ) ငွေကျပ် ၃၈၀၀၀-၃၉၀၀၀နှုန်း၊ နွေစပါး(ဇီရာ) ငွေကျပ် ၂၂၀၀၀-၂၃၅၀၀ နှုန်း၊ ဆင်းသုခ ငွေကျပ် ၂၆၀၀၀-၂၇၀၀၀နှုန်းရှိနေပြီး လက်ရှိတွင် နွေစပါး(ဇီရာ)မှာ ဈေးနှုန်းသင့်သဖြင့် အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

# မဲခေါင်စာပေဆုအတွက် ဖိတ်ခေါ်

**နေပြည်တော် ဧပြီ ၂၈**

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ်နိုင်ငံ (ယူနန်ပြည်နယ်) တို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၇)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို ယခုနှစ် ဇွန်လ ဒုတိယ ပတ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါစာပေဆုအတွက် မြန်မာစာရေးဆရာများ ရေးသားဖန်တီးသည့် စာပေလက်ရာများ တင်သွင်းနိုင်ကြောင်း သိရသည်။

ထိုသို့တင်သွင်းရာတွင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေထားသော စာပေလက်ရာများဖြစ်ရမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေပြီး စာအုပ်ဖြစ်ရမည်ဖြစ်ကာ စာရေးဆရာသည် သက်ရှိထင်ရှားရှိနေရမည်ဖြစ်သည်။

ထို့ပြင် ကဗျာနှင့် ရသစာပေဟူ၍ နှစ်မျိုးရှိရာ ဝတ္ထုတိုအက်ဆေးဖြစ်ပါက နှစ်ပုဒ်၊ ဝတ္ထုရှည်ဖြစ်ပါက ထိုဝတ္ထုရှည်ထဲမှ အခန်းနှစ်ခန်း၊ ကဗျာဖြစ်ပါက ငါးပုဒ်ကို တင်သွင်းရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်စာပေလက်ရာများကို မဲခေါင်စာပေဆုအတွက် မြန်မာနိုင်ငံအတွင်း ပဏာမစာပေဆုရွေးချယ်ရေးအဖွဲ့က စိစစ်ဖတ်ရှုပြီး ရွေးချယ်၍ အဖွဲ့ဝင် ခြောက်နိုင်ငံပါဝင်သော မဲခေါင်စာပေဆု ရွေးချယ်ရေးကော်မတီသို့ ဆက်လက်ပေးပို့ကာ ရွေးချယ်အတည်ပြုမည်ဖြစ်ကြောင်း၊ ထိုကော်မတီမှ ရွေးချယ်အတည်ပြုသည့် စာပေလက်ရာတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၁၀၀၀ ကြား ဆုကြေးငွေချီးမြှင့်မည်ဖြစ်ပြီး ဆုပေးပွဲကျင်းပသည့်နိုင်ငံသို့ သွားရောက်လက်ခံရယူရမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မေလ ၆ ရက်နောက်ဆုံးထားကာကိုယ်တိုင်ရေးပြိုင်ပွဲဝင်လျှောက်လွှာနှင့်အတူ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းနှင့် ဓာတ်ပုံ (တစ်လက်မခွဲ × နှစ်လက်မ)နှစ်ပုံပူးတွဲ၍ (အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ပြိုင်ပွဲဝင်စာပေမိတ္တူနှစ်စုံနှင့် မူရင်းစာအုပ်များအား) ပဏာမမဲခေါင်စာပေဆု ရွေးချယ်ရေးကော်မတီ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅) (၇ လွှာနှင့် ၈ လွှာ)၊ ပန်းဆိုးတန်း (အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ သို့ ပေးပို့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရသည်။

**(သတင်းစဉ်)**

# အရာတော်မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**အရာတော် ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ လေပြင်းများတိုက်ခတ်ခဲ့ပြီး မိုးသီးများနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ကျေးရွာအချို့ရှိ စာသင်ကျောင်းများ၊ လူနေအိမ်နှင့် သီးနှံစိုက်ခင်းများ၊ ဓာတ်အားပေးတိုင်များ ပျက်စီးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ဧပြီလ နောက်ဆုံးပတ်က အရာတော်မြို့နယ် ဇရစ်ကျေးရွာ ဓမ္မာရုံသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သွားရောက်ခဲ့ပြီး လေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ လေဘေးသင့် အိမ်ထောင်စုများသို့ အဝတ်အထည်၊ အိုးခွက်ပန်းကန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၂၈**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့၊ ရမည်းသင်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဂန့်ဂေါမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မိတ္ထီလာမြို့၊ နေပြည်တော်(တပ်ကုန်း)၊ နေပြည်တော် (ရေဆင်း)၊ နေပြည်တော်(လေဆိပ်)၊ ဆင်ဖြူကျွန်းမြို့နှင့် တောင်ငူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများမှာ နေပြည်တော်တွင် ၉ ဒသမ ၂၊ ရန်ကုန်မြို့တွင် ၈ ဒသမ ၃ နှင့် မန္တလေးမြို့တွင် ၁၀ ဒသမ ၆ တို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# တောင်တရုတ်ပင်လယ်တွင် အမေရိကန်လေတပ်ကင်းလှည့်



**ဝါရှင်တန် ဧပြီ ၂၈**
တရုတ်တို့က အငြင်းပွားကျွန်းတွင် မြေပြုပြင်ခြင်းလုပ်ငန်းများပြုလုပ်ရန် ပြင်ဆင်နေသည့်အပေါ် စိုးရိမ်မှုများမြင့်တက်နေချိန် အမေရိကန်လေတပ်သည် ဖိလစ်ပိုင်အခြေစိုက်စခန်းမှနေ၍ တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်စစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၂၈ ရက်က ဖော်ပြသည်။

HH - 60 ရဟတ်ယာဉ်နှင့် A-10 Thunderbolt တိုက်လေယာဉ်များသည် လေတပ်အခြေစိုက်စခန်းမှနေ၍ ၎င်းတို့၏ ပျံသန်းခြင်းတာဝန်ကို ဧပြီ ၁၉ ရက်တွင် စတင်ထမ်းဆောင်ခဲ့ကြောင်း လေတပ်ဌာနချုပ်က ပြောခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်စစ်ဆေးခြင်းများသည် ရက်သတ္တပတ်ကျော်အထိကြာမြင့်မည်ဖြစ်ကြောင်း လေတပ်ဌာနချုပ်က ထပ်လောင်းပြောဆို ခဲ့သည်။

အငြင်းပွားကျွန်းကမ်းခြေနားတွင် တရုတ်တို့၏ သင်္ဘောများ လေ့လာဆန်းစစ်မှုများပြုနေခြင်းကို အလွန်အမင်း စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်အစိုးရအရာရှိတစ်ဦးကပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ယင်းဒေသအနီးတွင် တရုတ်နိုင်ငံက မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုများကို စောင့်ကြည့်နေကြောင်းအရာရှိများကပြောခဲ့သည်။
**(အင်န်အိတ်ချ်ကေ)**

# ဂရိနိုင်ငံသို့ရောက်ရှိနေသော ဒုက္ခသည်များအား တူရကီသို့ပို့ဆောင်

**အေသင် ဧပြီ ၂၈**
ဆီးရီးယားဒုက္ခသည် ၁၂ ဦးကို ဂရိနိုင်ငံ လတ်(စ်)မို့(စ်)ကျွန်းမှ တူရကီသို့ ဗုဒ္ဓဟူးနေ့က လေယာဉ်ပျံဖြင့် ပြန်လည်ပို့ဆောင်ခဲ့သည်။ ဥရောပနယ်စပ်ထိန်းချုပ်ရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူနှင့် ဂရိပြည်သူ့ရေးရာဌာန ဒုက္ခသည်များမှာ ၎င်းတို့ကိုယ်တိုင် တူရကီသို့ပြန်သွားရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုတစ်ကြိမ်သည် လေယာဉ်ဖြင့် ပထမဦးဆုံးအကြိမ် ပြန်လည်ပို့ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဂရိရဲအရာရှိကြီးတစ်ဦးက ပြောသည်။

ထို့ပြင် အင်္ဂါနေ့ကလည်း ရွှေ့ပြောင်းဒုက္ခသည် ၄၉ ဦးကို တူရကီသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ ယင်းသို့ ပြန်လည်ပို့ဆောင်ခြင်းမှာ တတိယအကြိမ်ဖြစ်ပြီး မတ်လ ၁၈ ရက်က ဒုက္ခသည်ပဋိပက္ခနှင့် ပတ်သက်၍ အီးယူနှင့်တူရကီတို့ ချုပ်ဆိုခဲ့သောစာချုပ်ကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဂရိအာဏာပိုင်များက ကြေညာခဲ့သည်။

ဧပြီ ၆ ရက်က ပထမအသုတ်အဖြစ် ဂရိနိုင်ငံမှ တူရကီနိုင်ငံသို့ လူပေါင်း ၁၃၆ ဦး ပို့ဆောင်ခဲ့သည်။ ထို့နောက် ဧပြီ ၈ ရက်တွင် ၁၂၄ ဦးကို ပြန်လည်ပို့ဆောင်ပေးခဲ့သည်။
**(ဆင်ဟွာ)**



# လန်ဒန်နာမည်ကျော်ဘစ်ဘန်နာရီစင်ကြီး ပြန်လည်ပြုပြင်မည်

**လန်ဒန် ဧပြီ ၂၈**
လန်ဒန်ရှိနာမည်ကျော် ဘစ်ဘန်နာရီစင်ကြီးပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အမေရိကန်ဒေါ်လာ ၄၃ သန်း ကုန်ကျမည်ဖြစ်ကြောင်း ဗြိတိန်ပါလီမန်က အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ နာရီစင်ကြီးပြန်လည်ပြုပြင်မွမ်းမံရန်အတွက် သုံးနှစ်ကြာမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်အစောပိုင်းတွင် စတင်ရန်ခန့်မှန်းထားသည်။ ဘစ်ဘန်နာရီစင်ကြီး ပြန်လည်ပြုပြင်နေချိန်တွင် ယင်းနာရီစင်မှ နာရီသံ ကြားရမည်မဟုတ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**



ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်ရှိ နာမည်ကျော် ဘစ်ဘန်နာရီစင်ကြီးကို ဧပြီ ၂၇ ရက်က ရိုက်ထားသောဓာတ်ပုံတွင် တွေ့ရစဉ်။

# လက်ဘနွန်တပ်ဖွဲ့များ ဆီးရီးယားနယ်စပ်အနီးတွင် အိုင်အက်စ်ခေါင်းဆောင်ကို နှိမ်နင်းနိုင်ခဲ့

**ဘေရွတ် ဧပြီ ၂၈**
ဆီးရီးယားနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော တောင်ကုန်းထူထပ်သည့်ဒေသတွင် လက်ဘနွန်တပ်ဖွဲ့များက စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ အိုင်အက်စ်စစ်သွေးကြွခေါင်းဆောင်တစ်ဦးကို ကြာသပတေးနေ့က သုတ်သင်နိုင်ခဲ့ကြောင်း လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီနှင့် လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်များက ပြောခဲ့သည်။

သေဆုံးသူမှာ ယင်းဒေသရှိ အိုင်အက်စ်ခေါင်းဆောင်တစ်ဦးဖြစ်သူ နာရစ်အယ်လ်ရှာလန်ဆိုသူဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာသတင်းရင်းမြစ်က ဖော်ပြသည်။ ပြည်နယ်သတင်းဌာနများက ၎င်းသည် အဘူဖော့ဇ်ဆိုသည့် နာမည်ကိုလည်း ခံယူထားသူဖြစ်ကြောင်း ဖော်ပြခဲ့သည်။

စစ်ဆင်ရေးကို လက်ဘနွန်နိုင်ငံမြောက်ပိုင်း အာဆယ်ဒေသတွင် ပြုလုပ်ခဲ့သည်။ ဆီးရီးယားနှင့်ထိစပ်လျက်ရှိသော မြောက်ပိုင်းလက်ဘနွန် တောင်ကုန်းထူထပ်သည့်ဒေသများတွင် အိုင်အက်စ်အကြမ်းဖက်သမားများနှင့်အယ်ခိုင်ဒါဆက်သွယ်မှုရှိသော နူဆရာတပ်ဦးတို့တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စစ်ပွဲများဖြစ်ပွားခဲ့သည်မှာ ငါးနှစ်နီးပါး ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။
**(ရိုက်တာ)**

# အစ္စရေးစစ်ဆေးရေးဂိတ်သို့ ဓားကိုင်ဆောင်၍ အတင်းဝင်ရောက်ခဲ့သည့် ပါလက်စတိုင်းနှစ်ဦးကိုပစ်သတ်

**ဂျေရုဆလင် ဧပြီ ၂၈**
အစ္စရေးရဲများသည် ပါလက်စတိုင်းအမျိုးသမီးတစ်ဦးနှင့် ၎င်း၏ဆယ်ကျော်သက်အရွယ်မောင်လေးတို့ကို အနောက်ဘက်ကမ်းရှိ စစ်ဆေးရေးဂိတ်၌ ဓားကိုင်ဆောင်၍ တိုက်ခိုက်ရန်ကြိုးပမ်းမှုဖြင့် ပစ်သတ်ခဲ့သည်။ ဂျေရုဆလင်မြို့အပြင်ဘက် စစ်ဆေးရေးဂိတ်၌ အစ္စရေးများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များဆီသို့ ဓားကိုင်ဆောင်ထားသည့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးလျင်မြန်စွာချဉ်းကပ်လာခဲ့သည်ကို ရဲများက ရပ်တန့်ရန် အကြိမ်ကြိမ်သတိပေးခဲ့သော်လည်း လိုက်နာမှုမရှိ၍ ပစ်သတ်ခဲ့သည်ဟု ဆိုသည်။

ပစ်သတ်ခံရသူများမှာ အသက် ၂၃ နှစ်အရွယ်ရှိ မာရမ်စမေးလ်နှင့် အသက် ၁၆ နှစ်အရွယ် အီဘရာဘင်တဟာတို့ဖြစ်ပြီး ၎င်းတို့မောင်နှမနှစ်ဦးသည် ဆေးကုသမှုခံယူရန် ဂျေရုဆလင်သို့ သွားရောက်ခြင်းဖြစ်သည်ဟု ပါလက်စတိုင်းအာဏာပိုင်များက ပြောသည်။

လွန်ခဲ့သောနှစ်ဝက်အတွင်း အစ္စရေးလူမျိုး ၂၈ ဦးနှင့် အမေရိကန်နိုင်ငံသားနှစ်ဦးကို ပါလက်စတိုင်းတို့က တိုက်ခိုက်ခဲ့သည်။ အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းလူမျိုး ၁၉၃ ဦးထက်မနည်း သတ်ဖြတ်ခဲ့သည်။
**(ရိုက်တာ)**

# အီရတ်က အယ်ဂျာဇီးရားသတင်းဌာန၏ သတင်းရယူသော ကွန်ရက်ကိုပိတ်ပင်

**ဒိုဟာ ဧပြီ ၂၈**
အကြမ်းဖက်စစ်ပွဲအတွင်း မီဒီယာကျင့်ဝတ်ကို ထိန်းသိမ်းရန် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ထားသော အစိုးရလမ်းညွှန်ချက်များကို ချိုးဖောက်မှုဖြင့် အီရတ်အာဏာပိုင်များက အာရပ်ဂြိုဟ်တုကွန်ရက်ဖြစ်သော အယ်ဂျာဇီးရားသတင်းဌာနတွင် လက်ရှိလုပ်ကိုင်နေသည့် လိုင်စင်များကိုပိတ်သိမ်းပြီး ဘဂ္ဂဒက်ရှိရုံးကိုလည်း ပိတ်သိမ်းခဲ့သည်။

ကာတာနိုင်ငံအခြေစိုက် အယ်ဂျာဇီးရားသတင်းဌာနကလည်း ယင်းလုပ်ရပ်များသည် တုန်လှုပ်ချောက်ချားဖွယ်ဖြစ်ကြောင်း ပြောခဲ့သည်။ လက်ယာအုပ်စုများကလည်း ဆူပူလှုပ်ရှားမှုများကို သတင်းရယူရာတွင် သတင်းထောက်များအား တင်းကျပ်စွာဟန့်တားနေသော အီရတ်မီဒီယာလမ်းညွှန်ချက်များအပေါ် ဝေဖန်ခဲ့ကြသည်။
**(ရိုက်တာ)**

# အိုဘားမားကြောင့် အီရန် ဘယ်လိုအကျိုးအမြတ်တွေ ရရှိခဲ့သလဲ

**သက်မွန်ဦး**



**အိုဘားမား၏ဆော်ဒီခရီးစဉ်ကြောင့် အီရန်အမြတ်ထွက်**

အီရန်၏ လက်ရှိ တိုးတက်ဖြစ်တည်မှုများအပေါ် ဆော်ဒီအာရေဗျနှင့် အခြားပင်လယ်ကွေ့နိုင်ငံများ၏ စိုးရိမ်ပူပန်မှုကို ဖြေဖျောက်ပေးရန် ဆော်ဒီအာရေဗျသို့ အိုဘားမားသွားရောက်ခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ပေ။ ဒေသတွင်း နျူကလီးယားသဘောတူညီချက်သည် ပင်လယ်ကွေ့ နိုင်ငံများ၏ အကျိုးစီးပွားများ တည်ငြိမ်မှုနှင့် လုံခြုံမှုအပေါ် အန္တရာယ် မကျရောက်စေရန် ကြိုးပမ်းအားထုတ်ခဲ့သော အိုဘားမား၏ နှစ်သိမ့်ဖြေဖျောက်ပေးမှုကို ဆော်ဒီအပါအဝင် အခြားနိုင်ငံအများစုကလည်း ကျေနပ်ခဲ့ကြသည်။

တံခါးပိတ် ဆွေးနွေးပွဲများနောက်ကွယ်၌ ပြောစကားများအပေါ် သံယောင်လိုက်ကြည့်ရလျှင် ယခုအချိန်တွင် အိုဘားမား၏ စီမံအုပ်ချုပ်လုပ်ကိုင်ပုံများသည် အီရန်ဘက်သို့ ယိမ်းနေကြောင်း တွေ့ရသည်။ ယင်းအချက်မှာ ပြီးခဲ့သော နှစ်ပေါင်းများစွာက နျူကလီးယားဆွေးနွေးပွဲများ ပြုလုပ်စဉ်ကတည်းကဖြစ်ကြောင်း ထင်ရှားသည်။

အီရန်၏ ရန်လိုမှု၊ ကြားဝင်စွက်ဖက်တတ်မှု၊ စစ်ဝါဒီဆန်မှုနှင့် ရန်စလိုသော မူဝါဒအပြုအမူများသည် လက်ရှိအချိန်တွင် ထင်ရှားလာသော်လည်း ကိစ္စရပ်တိုင်းတွင် အိုဘားမား၏ဆုံးဖြတ်ကွပ်ကဲပုံသည် သက်ညှာမှုရှိနေပြီး တစ်ခါတစ်ရံ အီရန်၏အပြုအမူအပေါ် တရားသဖြင့် ရှုမြင်ခဲ့သည်။ အီရန်၏စစ်ရေးအပြုအမူများနှင့် တည်ငြိမ်မှုကိုပျက်ပြားစေသည့်ခြိမ်းခြောက်မှုအန္တရာယ်များကို လျှော့တွက်ခဲ့သည်။ ဆော်ဒီခရီးစဉ်အတွင်း အိုဘားမားအနေဖြင့် အီရန်နှင့် နျူကလီးယားသဘောတူညီမှုကို ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ပြီး ဆော်ဒီနှင့် မဟာမိတ်အနေအထားကိုလည်း ထိန်းထားနိုင်ခဲ့သည်။ ပင်လယ်ကွေ့နိုင်ငံများ၏ အီရန်အပေါ် စုပေါင်းဆန့်ကျင်မှုကိုလည်း ဖယ်ရှားပေးနိုင်ခဲ့သည်။

ပြီးခဲ့သောလအနည်းငယ်အတွင်း အီရန်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ စည်းမျဉ်းများကို ချိုးဖောက်ခြင်း၊ နိုင်ငံတကာစံနှုန်းများကို ချိုးဖောက်ခြင်း၊ ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်ခြင်းစသည့် လုပ်ရပ်များအပေါ် အိုဘားမားအနေနှင့် လျစ်လျူရှုခဲ့ပြီး အိမ်ဖြူတော်ဘက်မှလည်း အီရန်ခေါင်းဆောင်များ၏ သွေးတိုးစမ်းသည့် ယင်းအပြုအမူများအပေါ် မှတ်ချက်တစ်စုံတစ်ရာပြုခြင်းမရှိခဲ့ပေ။

သို့သော်လည်း တခြားဘက်၌ ဒေသတွင်း အခြားနိုင်ငံများကိုမူ ဝေဖန်ပြစ်တင်မှုများ တွန်းအားပေးပြုလုပ်လျက်ရှိနေပြီး အီရန်ကိုယ်စားလှယ်များနှင့်လည်း ထိပ်တိုက်တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။

**ပထဝီဝင်နိုင်ငံရေးအရ၊ မဟာဗျူဟာနှင့် စီးပွားရေးအရ အီရန်ဘာအကျိုးအမြတ်တွေရလဲ**

အိုဘားမား၏ ခရီးစဉ်သည် အီရန်၏ စစ်ရေးလွှမ်းမိုးလာမှုကို လျှော့ချရန် သွားရောက်ခြင်းမဟုတ်ဘဲ အီရန်၏ ဒေသတွင်း၌ ကြီးစိုးလိုသည့် ရည်ရွယ်ချက်အပေါ် တခြားနိုင်ငံတွေ နားလည်စေရန် ချွေးသိပ်ဖို့သွားခြင်းဖြစ်သည်ကို အီရန်ခေါင်းဆောင်များက သိရှိရိပ်မိကြသည်။

အီရန်၏ နိုင်ငံခြားရေး မူဝါဒရေးရာ ထိပ်တန်းခေါင်းဆောင်ဖြစ်သူ အလီခါမေနီနှင့် ထိပ်တန်းအရာရှိများသည် ၎င်းတို့၏ စစ်ရေးအင်ပါယာကို ပြန်လည်ထူထောင်လိုပြီး မျှော်မှန်းထားသည့်ပန်းတိုင်ကို ရောက်ရှိရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ အိုဘားမား၏ နျူကလီးယားသဘောတူညီချက်နှင့် ကန့်သတ်ဘောင်ခတ်ထားမှုကိုလည်း အီရန်ခေါင်းဆောင်များက သိရှိကြသည်။

**အမေရိကန်၏ ထိန်းချုပ်မှုမပါဘဲ အီရန်လက်ရှိတိုးတက်မှု အနေအထားကိုမရောက်နိုင်**

အိုဘားမားအနေဖြင့် အီရန်နှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံအပေါ် မြွေမသေ တုတ်မကျိုးအနေအထားနှင့် ဆက်ဆံရေးပြုလုပ်ခဲ့သော်လည်း ယခုအချိန်၌ အိုဘားမားက အီရန်ကိုသာ ရွေးချယ်လိမ့်မည်ဖြစ်ကြောင်း၊ အကြောင်းမှာ နျူကလီးယားသဘောတူညီချက် ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းထားလိုသောကြောင့်ဖြစ်ကြောင်း အီရန်သံအမတ်တစ်ဦးက ပြောသည်။

နျူကလီးယား သဘောတူညီမှုကို ထိန်းသိမ်းလိုက်နာရန် သမ္မတ အိုဘားမားက အီရန်နိုင်ငံအပေါ် ပျော့ပြောင်းသော မူဝါဒများချမှတ်ဆက်ဆံခဲ့သည်။ ၎င်းတို့၏ရန်လိုမှု၊ ဒေသတွင်းကြီးစိုးလိုမှုများကို လျစ်လျူရှုခဲ့ပြီး မက်လုံးပေးဆွဲဆောင်မှုများဖြင့် ခြိမ်းခြောက်မှုများကို လျှော့ချနိုင်ရန် ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အီရန်ခေါင်းဆောင်များ၏ အမြင်ဘက်ကကြည့်လျှင် အိုဘားမား၏ ခရီးစဉ်သည် အီရန်အတွက် အကျိုးစီးပွားသက်သက်သာဖြစ်သည်။ အကြောင်းမှာ ယင်းခရီးစဉ်သည် ဒေသတွင်းနိုင်ငံများ၏သောကကို စကားလုံးများဖြင့် လာရောက်ဖြေဖျောက်ပေးရုံထက်မပိုခဲ့ပေ။

ထို့ပြင် ဒေသတွင်းနိုင်ငံများအပေါ်၌ ရန်လိုသည့် အီရန်၏အပြုအမူကို အိုဘားမားခရီးစဉ်က ထိန်းချုပ်နိုင်သည်သာမကဘဲ ဒေသတွင်း၌ အီရန်၏စစ်အင်အားကိုပါ ပြသခွင့်ရရှိခဲ့သည်။ သမ္မတ ရိုဟာနီကိုယ်တိုင် နျူကလီးယားသဘောတူညီချက်အပြီး အီရန်လွတ်မြောက်ရေးနှင့် ကာကွယ်ရေးတပ်မတော် (IRGC)သည် ဒေသတွင်းလွှမ်းမိုးမှုရှိလာခြင်းနှင့် အီရန်နိုင်ငံ၏ စီးပွားရေးနည်းပညာပိုင်းနှင့် သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ တိုးတက်လာမှုတို့အပေါ် ဂုဏ်ယူကျေနပ်နေခဲ့သည်။

နိဂုံးချုပ်ရလျှင် ဆော်ဒီအာရေဗျသို့သွားရောက်သော အိုဘားမား၏ ခရီးစဉ်သည် အီရန်အဖို့ ပထဝီဝင်နိုင်ငံရေးအရ၊ မဟာဗျူဟာနည်းအရသာမက စီးပွားရေးအရပါ အကျိုးအမြတ်ရရှိစေသည်။ ဒေသတွင်း အခြားနိုင်ငံများအပေါ် အိုဘားမား၏ ချွေးသိပ်ဖြေဖျောက်မှုသည် ဒေသတွင်း၌ အီရန်၏ လွှမ်းမိုးလိုမှု ရည်ရွယ်ချက်ကို ဖြစ်မြောက်အောင် ဆောင်ရွက်ခွင့်ပေးလိုက်ခြင်းလည်း ဖြစ်သည်။ အိုဘားမား၏ နှစ်သိမ့်မှုကြောင့် အီရန်အတွက် အဓိကပြဿနာဖြစ်နေသော ဒေသတွင်း အခြားနိုင်ငံများက ၎င်းအပေါ်ဆန့်ကျင်သည့်ကိစ္စကိုလည်း တားဆီးကာကွယ်ပေးနိုင်လိမ့်မည်။ တစ်ပြိုင်နက်တည်း ဒေသတွင်းရော တစ်ကမ္ဘာလုံးကပါ ဝယက်ရိုက်မှုကို စိုးရိမ်နေစရာမလိုဘဲ အီရန်ကို စိတ်ကြိုက်လုပ်ခွင့်ပေးလိုက်ခြင်းလည်းဖြစ်သည်။

**ကိုးကား-ဟက်ဖင်တန်ပို့စ်**

**ဆော်ဒီအာရေဗျသို့သွားရောက်သော အိုဘားမား၏ ခရီးစဉ်သည် အီရန် အဖို့ ပထဝီဝင်နိုင်ငံရေးအရ၊ မဟာဗျူဟာနည်းအရသာမက စီးပွားရေးအရပါ အကျိုးအမြတ်ရရှိစေသည်။**

# ဒုက္ခသည်များနှင့် ပတ်သက်ပြီး အတားအဆီးများအား ဖယ်ရှားမည်ဟု အိုဘားမားပြောကြား



ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်အား ဒုက္ခသည်များ နိုင်ငံတွင်းလက်ခံထားမှုနှင့်ပတ်သက်ပြီး တစ်ကမ္ဘာလုံးက ချီးကျူးထောမနာပြုနေစဉ် ပြည်တွင်း၌ ၎င်းအားထောက်ခံမှုနှုန်း ကျဆင်းလျက်ရှိသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမား ဂျာမနီနိုင်ငံသို့ ရောက်ရှိနေစဉ် ဟန်နိုဗာမြို့တွင် ကျောင်းသားများအား ရွှေ့ပြောင်းအခြေချနေထိုင်သူများအရေးကို ဟောပြောဆွေးနွေးခဲ့သည်။ ၎င်းရွှေ့ပြောင်းအခြေချနေထိုင်သူများအား ဥရောပသမဂ္ဂက ကျောထောက်နောက်ခံပြုထားကြောင်း၊ ဂျာမနီကဲ့သို့သော နိုင်ငံအနေဖြင့် စစ်အေးကာလအတွင်း ဘာလင်မြို့သားများ ဘာလင်တံတိုင်းကို ဖြိုချပြီး အရှေ့နှင့်အနောက် ဂျာမနီအား ပေါင်းစည်းခြင်းကို နမူနာယူပြီး အဆိုပါ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား တံခါးဖွင့်ပေးသင့်ကြောင်း ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ်အတွင်း ဂျာမနီသို့ ရောက်ရှိစဉ် အိုဘားမားက "ကျွန်တော်တို့အနေနဲ့ မတူညီတဲ့ ဒေသတွေက ရောက်လာတဲ့ ဒီဒုက္ခသည်တွေ၊ ကျွန်တော်တို့နဲ့ ကိုးကွယ်ယုံကြည်မှုခြင်း မတူတဲ့သူတွေကို အခွင့်အရေးတန်းတူပေးဖို့ ကတိပြုသင့်သလား"ဟု အိုဘားမားက ဂျာမနီပြည်သူများအား မေးခွန်းထုတ်ခဲ့သည်။

ယခု ရှစ်နှစ်ကြာပြီးနောက် ထိုမေးခွန်း၏ အဖြေထွက်ပေါ်လာသော်လည်း အိုဘားမားလိုလားသော အဖြေမျိုး မဟုတ်ချေ။ ဆီးရီးယားနှင့် အီရတ်နိုင်ငံများမှ စစ်ဘေးရှောင်ဒုက္ခသည်ရွှေ့ပြောင်းသွားလာသူများက ဥရောပ၏ တံခါးဖွင့်ဝါဒကို စမ်းသပ်နေကြသည်။ ဘားရက်အိုဘားမားဂျာမနီသို့ရောက်ရှိနေစဉ် ၎င်း၏ အိမ်နီးချင်းဩစတြီးယားနိုင်ငံအတွင်းတွင်မူ ရွှေ့ပြောင်းအခြေချသူများ၏ရန်ကို ကာကွယ်ရန်အတွက် ပါလီမန်အတွင်းသို့ သေနတ်ကိုင်ဆောင်ဝင်ရောက်သော အမျိုးသားလွတ်မြောက်ရေးပါတီမှနိုဘတ်ဟော့ဘာက ရွေးကောက်ပွဲပထမအကျော့တွင် ဦးဆောင်လျက်ရှိသည်။

၎င်းသည် လွှတ်တော်အမတ်များ၏ ဆန္ဒမဲများထက်သာလွန်ပြီး ၃၆ ဒသမ ၇ ရာခိုင်နှုန်း ရရှိနေသည်။ ဟန်နိုဗာမြို့တွင် ကျင်းပသော အဆိုပါပွဲသို့ တက်ရောက်နားထောင်သူ ဂျာမနီကျောင်းသား ဆာဘရီနာဝင်းက "ဩစတြီးယားဟာ အတော်ဆိုးတဲ့ အခြေအနေမှာရှိပါတယ်"ဟု ဆိုသည်။ ဂျာမနီဝန်ကြီးချုပ် မာကယ်အတွက်မူ အိုဘားမား၏ခရီးစဉ်မှာ ၎င်းအား ထောက်ခံမှုနှုန်း ပြန်လည်မြင့်တက်ရေးအတွက် လမ်းစတစ်ရပ်ပင် ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ လူသားတွေကို တားဆီးထားတဲ့ အရာမှန်သမျှကို ဖန်တီးပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုး သတ်မှတ်လို့ မရနိုင်ပါဘူး။ ဒါတွေကို ဖယ်ရှားဖို့လိုပါတယ်"ဟု အိုဘားမားက ပြောကြားခဲ့သည်။

**ကိုးကား-တိုင်းမ်**

■ **စိန်ရင်**

# တရားမဝင် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိ

**မကွေး မေ ၂၈**

ရခိုင်ရိုးမတောမှ ဆင်၊ ကြောင်ဝက်(ခ) ကြောင်မင်းနှင့် အခြားရှားပါးသော တောရိုင်းတိရစ္ဆာန်များအား သတ်ဖြတ်၍ ၎င်းတို့၏ သားရေ၊ အရိုး၊ အသားခြောက်များအား တစ်ဖက် တရုတ်နိုင်ငံသို့ တရားမဝင် တင်ပို့သယ်ဆောင်ရောင်းဝယ်နေကြောင်း သတင်းရရှိသဖြင့် မေ ၂၆ ရက်က မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ပူးပေါင်းအဖွဲ့သည် အဆိုပါသစ်တောထွက်ပစ္စည်းများ တင်ဆောင်လာသောယာဉ်အား မင်းဘူး-ပဒါန်း ကားလမ်းမိုင်တိုင်(၃/၃) အနီး မကွေး MEG(3)စက်သုံးဆီအရောင်းဆိုင်တွင် မြင့်သိန်း(၄၈နှစ်) မောင်းနှင်ပြီး ချစ်ထွန်း(၅၀နှစ်) လိုက်ပါလာသည့် 6G/----Hijet ယာဉ်သည် ဆီဆိုင်တွင် ဆီဖြည့်နေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖမ်းဆီးရမိသော တရားမဝင်သစ်တောထွက် ပစ္စည်းများမှာ ၅"×၅" ခန့်ရှိ ဆင်သားရေအခြောက် ၁၉၆ ချပ်၊ အလေးချိန် ၄၆ ပိဿာ၊ ဆင်နှာမောင်း အသားခြောက် အပိုင်းအစ ဆိုဒ်စုံ ၃၆ တုံး၊ အလေးချိန် ငါးပိဿာ၊ ချေသားရေခြောက် ဆိုဒ်စုံ ၅၁ ချပ်၊ ကြောင်ဝက်ခေါင်းခြောက် လေးလုံး၊ ကြောင်ဝက်အရိုးမျိုးစုံတို့အား ထည့်ထားသော တရားမဝင်သစ်တောထွက် ပစ္စည်းအလေးချိန် သုံးပိဿာနှင့် ငွေစက္ကူရောရာ ၅၈၀၀၀၀၀ တို့ကို သိမ်းဆည်းရမိသောကြောင့် **(အောက်ပုံ)** မြင့်သိန်းနှင့် ချစ်ထွန်းတို့နှစ်ဦးအား မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**



# ကျောက်မဲ၌ ဆွဲမိုင်းနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

**ကျောက်မဲ မေ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ချောင်းချောက်ကျေးရွာအုပ်စု နောင်အန်းကျေးရွာအနီးတွင် မေ ၂၇ ရက် ည ၈ နာရီခန့်က ဆွဲမိုင်းနှစ်လုံး ပေါက်ကွဲ၍ ကားတစ်စီး ပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ နောင်ချိုမြို့မှ ထွက်ခွာလာသော တပ်မတော်မှ FAW ယာဉ်ကြီး လေးစီးသည် လားရှိုးမြို့သို့ ထွက်ခွာလာစဉ် ကျောက်မဲမြို့နယ် ချောင်းချောက်ကျေးရွာအုပ်စု နောင်အန်းကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်အကွာရှိ နတ်စင်အနီး ပြည်ထောင်စုကားလမ်း (၁၁၈)မိုင်တိုင်အလွန်တွင် လမ်း၏တောင်ဘက်ခြမ်း လယ်ကန်သင်းရိုးအနီးမှ ဆွဲမိုင်းဟုယူဆရသည့် မိုင်းနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ယာဉ်ကြီးတစ်စီးမှာ ရှေ့လေကာမှန်ကွဲ၊ ရှေ့ဘီးပေါက်ကွဲခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် ယာဉ်တန်းမှာ ည ၈ နာရီခွဲတွင် ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိတ္ထီလာတွင် မီးရထားလမ်းချော်

**မိတ္ထီလာ မေ ၂၈**

မိတ္ထီလာဘူတာသို့ သာစည်ဘူတာမှ စက်ခေါင်းမောင်း သက်ဦးမောင် မောင်းနှင်ပြီး ရထားထိန်း ဦးမျိုးဝင်းတို့ လိုက်ပါလာသော သာစည်-မြင်းခြံသွား အဆန်ရထားအမှတ်(၁၁၁) စက်ခေါင်းအမှတ် DF 2027 အဆန်ရထားသည် မေ ၂၈ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး ရထားလမ်း ကြေးတိုင်အမှတ် ၃၁၉/၁၀ အနီးတွင် ရထားအရှိန်မထိန်းနိုင်ဘဲ ရထားတွဲ လေးတွဲမြောက် တွဲအမှတ် BDTEZ-22/06 ရထားလမ်းလွဲချော်ကျမှုဖြစ်ပွားခဲ့သည်။

ရထားတွဲချော်မှုမှာ လူထိခိုက်မှုမရှိဘဲ ရထားလမ်းချော်မှုကို မိတ္ထီလာဘူတာမှ ဦးစန်းနိုင် အငယ်တန်းအင်ဂျင်နီယာ မြန်မာ့မီးရထားလမ်း မိုင်(၃) ပါ ၁၃ ဦး၊ သာစည်ဘူတာမှ တွဲအုပ်ဦးဆန်းဦးပါ ၁၅ ဦးတို့က ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြုပြင်ပြီး၍ မြင်းခြံဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# တိုက်ကြီးဘူတာရုံ၌ ရန်ကုန်-ပြည်အဆန်ရထားမှ တွဲထိန်းခြေချော်ကျ

**တိုက်ကြီး မေ ၂၈**

အမှတ်(၇၁)အဆန် ရန်ကုန်-ပြည် အမြန်ရထား DF -2070 သည် တိုက်ကြီးဘူတာသို့ မေ ၂၇ ရက် ညနေ ၃ နာရီ ၂ မိနစ်တွင် ရောက်ရှိ၍ ခရီးသည်အတက်အဆင်း ပြုလုပ်ပြီး ညနေ ၃ နာရီ ၄ မိနစ်တွင် ပြန်လည်ထွက်ခွာရာ ဦးနေမျိုးတင့် (၄၇နှစ်) တွဲပြင်ဌာန လုပ်သား (တွဲထိန်း)သည် ရထားရပ်ချိန်၌ ဘူတာစကြံပေါ်ဆင်း၍ ခရီးသည်များကို အတက်အဆင်းကြီးကြပ်ဆောင်ရွက်ပြီး ရထားထွက်ချိန် တွင် ဖိနစ်ကျွတ်ကျ၍ ပြန်လည် ကောက်ကာ ရထားပေါ်သို့



တက်ရောက်စဉ် ခြေချော်ပြီး စင်္ကြံနှင့် သံလမ်းကြား ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာများရရှိ၍ တိုက်ကြီးမြို့ ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# အပူရှိန်ပြင်း၍ လူနှစ်ဦး ရုတ်တရက်သေဆုံး

**နွားထိုးကြီး မေ ၂၈**

နွားထိုးကြီးမြို့၌ နံနက် ၁၀ နာရီကျော်လျှင် အပူရှိန်မြင့်မားပြီး ညနေပိုင်းအထိ အပူဒဏ်ခံနေရသည်။ မေ ၂၇ ရက်က အမှတ် ၇ ရပ်ကွက်မှ အမျိုးသားတစ်ဦး ရေခဲဘူး ချိုင်းကြားညှပ်၊ ရေစိုပုဆိုးခြုံ၊ လေပန်ကာဖွင့်အိပ်ကာ ရုတ်တရက် သေဆုံးခဲ့သည်။

အလားတူ အမှတ်(၆)ရပ်ကွက်တွင်လည်း အမျိုးသမီးတစ်ဦးမှာ ရေချိုး ခေါင်းလျှော်ပြီး အိပ်နေစဉ် သေဆုံးခဲ့ကြောင်း မြို့ခံနီးစပ်သူတို့ထံမှ သိရသည်။

**ငွေးမြင့်မောင်**


## ပြည်နယ်ပညာရေးမှူးရုံး
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူများအားလုံးအတွက် အခမဲ့ထောက်ပံ့ပေးနိုင်ရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ (အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**

(က) စာအုပ်အရွယ်အစား - (၆.၂၅×၈.၂၅)လက်မ
(ခ) လိုင်းအရေအတွက် - ၂၂လိုင်း(အနည်းဆုံး)
(ဂ) အဖုံးစက္ကူ - ၁၈၀ gsm Duplex Board (Color)
(ဃ) အတွင်းစက္ကူ - ၆၀ gsm indo 1k Woodfree
(င) စာမျက်နှာ - ၈၀ Pages
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၅-၂၀၁၆ရက် ၁၆:၀၀နာရီ

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၅၇-၂၅၉၁၄**
**မွန်ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၂၇၂၆၄**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကယ်ဆယ်ရေး ပစ္စည်းများ ကျားလုံချည်(၂/၈၀ အသင့်ချုပ်ပြီး အကျယ် ၇၅"၊ အနံ ၄၆")၊ တဘက် (အလျား ၅၄"၊ အနံ ၂၇")၊ ချည်စောင် (အလျား ၈၀"၊ အနံ ၆၆")၊ ဆပ်ပြာတောင့် (၂၂၅ ဂရမ်ဝန်းကျင်)၊ လေးထောင့်ပလတ်စတစ်ပုံးအကြည် (အဖုံး+ဘီး+လက်ကိုင်ပါ၊ အလျား ၁' ၈.၅"၊ အနံ ၁' ၃"၊ အမြင့် ၁'၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပါသည်စာတန်းပါ)၊ မိုးကာလိပ်(တာပေါ်လင်၊ ကိုရီးယား ၆'×၃၀၀'အထူ)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချပေးနိုင်မည့်ဈေးနှုန်း၊ ပစ္စည်းနမူနာနှင့်အတူ တင်ဒါလာရောက်ပေးသွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ကယ်ဆယ်ရေးပစ္စည်းများ၏ အသေးစိတ်စာရင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၉၅၊ ၀၆၇-၄၀၄၃၁၇ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၄-၂၀၁၆ ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၆-၅-၂၀၁၆ ရက် ၁၆:၀၀နာရီ
(ဂ) **တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ် မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း/ တံတား၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်/အရှည်မိုင် |
|---|---|---|
| (၁) | ကတ္တရာလမ်း | (၁/၆)မိုင် |
| (၂) | ကွန်ကရစ်လမ်း | (၃/၂.၈၃)မိုင် |
| (၃) | ကျောက်လမ်း | (၂၁/၆.၅)မိုင် |
| (၄) | မြေသားလမ်း | (၂၄/၅)မိုင် |
| (၅) | ကွန်ကရစ်တံတား | (၅၄၀)ပေ |
| (၆) | ရေပြွန် | (၃၃၅)ပေ |
| (၇) | မြေသားရေကန် | (၁၂၇)ကန် |
| (၈) | စိမ့်စမ်းရေသွယ်လုပ်ငန်း | (၁၅)ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၄-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၁၆ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၄၃-၂၂၆၄၄၊ ၀၄၃-၂၂၉၂၃ နှင့် လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဖုန်း-၀၉-၄၂၁၇၁၀၃၂၂ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မြင်းခြံမြို့ အထက(၃) နဝမတန်း(က)မှ မောင်အောင်ဘိုဘိုနှင့် တလုတ်မြို့ အထက သတ္တမတန်း(ခ)မှ မကြည်လဲ့လဲ့ဖြိုးတို့၏ ဖခင် ဦးဝင်းမြင့် ၉/မခန(နိုင်)၁၅၂၅၇၇နှင့် အိမ်ထောင်စုစာရင်းပါ ဦးဝင်းမြင့်ကိုမှာ တစ်ဦးတည်းဖြစ်ပါသည်။

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတာက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
မေလ (၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/9231 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ စကားဝါA (၁)လမ်း၊ အမှတ် ၉၈နေ ကျွန်တော်ဦးမန်ဗျက်စန် ၄/တဇန(နိုင်)၀၁၇၁၂၅၏ နိုင်ငံကူးလက်မှတ် MB-199619သည် ရန်ကုန်မှ ပုသိမ်သို့အပြန်ခရီးတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးအပ်စေလိုပါသည်။

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ ဘိုကနောင်လမ်းနေ ဦးမန်းဒွိုင်း၏သား စကလိုခွေးထောင် ၁၄/ပသန(နိုင်)၁၅၂၉၉၁သည် မိဘများအားစိတ်ဆင်းရဲအောင် နှိပ်စက်မှုများပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

**ဦးမန်းဒွိုင်း ၁၄/ပသန(နိုင်)၀၃၁၁၅၇-**
**ဒေါ်နန့်ထန်းမလာ ၁၄/ပသန(နိုင်)၀၆၄၂၅၃**

**ပျောက်ဆုံးကြောင်း**

ဒိုင်နာယာဉ်အမှတ် 2E-8656၏ ယာဉ်လိုင်စင်စာအုပ်နှင့် ဗီးတက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၀၅၄၁၁၄၃၊ ၀၉-၉၆၂၁၇၃၃၀၃**

**အမည်ပြောင်း**

ဦးမြင့်ဆွေ ၅/မရန(နိုင်)၀၅၇၃၉၃ ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ အဋ္ဌမတန်းမှ မောင်သူရထွေးအား မောင်အောင်ဘုန်းပြည့်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဘုန်းပြည့်မင်း**

# အကြိုဗိုလ်လုပွဲ ပထမအကျော့ စပိန်မြေတွင် ဘိုင်ယန်တို့ရှုံးနိမ့်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် စပိန်ကလပ် အက်သလက်တီကိုနှင့် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်တို့ ဧပြီ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်မြေတွင် အိမ်ရှင်အက်သလက်တီကိုအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကယ်လ်ဒါရွန်ကွင်း၌ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ရှင်အက်သလက်တီကိုသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည်ဘိုင်ယန်အသင်းသည် ၄-၁-၂-၃ ပုံစံဖြင့် ပွဲထွက်လာသည်။ အိမ်ရှင်အက်သလက်တီကိုအသင်းသည် ပွဲစပြီးအချိတ်အဆက်မိမိ ဖိအားပေးခဲ့ကာ ပွဲချိန် ၁၁ မိနစ်တွင် ကွင်းလယ်ကစားသမား ဆာအူလ်နီဂက်ဇ်သည် ဘိုင်ယန်နောက်တန်းကို တစ်ကိုယ်တော် ဖြတ်ကျော်ခဲ့ပြီး အက်သလက်တီကိုအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ **(ယာပုံ)** ဘိုင်ယန်အသင်းသည် ချေပဂိုးရရှိရန် ဖိအားပေးခဲ့ပြီး ဒုတိယပိုင်း မိနစ် ၆၀ ကျော်တွင် ဝါရင့်ကစားသမားဖြစ်သော ရိဘာရီနှင့် သောမတ်စ်မူလာတို့ကို လူစားလဲခဲ့ပြီး တိုက်စစ်မြှင့်ခဲ့သော်လည်း အက်သလက်တီကိုနောက်တန်းကို မကျော်လွှန်ခဲ့ပေ။ အက်သလက်တီကိုအသင်းသည် လက်ရှိကမ္ဘာ့အကောင်းဆုံး နောက်တန်းလုံခြုံမှုအသင်းအဖြစ် သတ်မှတ်ခံထားရပြီး ယင်းပွဲတွင်သက်သေပြနိုင်ခဲ့သည်။

ဘိုင်ယန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၆ ကြိမ်အနက် ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ခံစစ်အသွင်ဖြင့် အက်သလက်တီကိုအသင်းသည် တန်ပြန်တိုက်စစ်



အားထားကာ ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်အနက် ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ဧပြီ ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်တစ်ပွဲဖြစ်သော အင်္ဂလန်ကလပ် မန်စီးတီးနှင့် စပိန်ကလပ် ရီးရဲမက်ဒရစ်ပွဲတွင် အင်္ဂလန်မြေ၌ ရီးရဲမက်ဒရစ်အသင်း ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို မေ ၃ ရက်နှင့် ၄ ရက်တို့တွင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သီဟ**

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဦးမျိုးလှိုင်ဝင်းကို ဧပြီ ၂၈ ရက်က အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်သစ်သက်တမ်းမှာ တစ်နှစ်ရှိမည်ဖြစ်သည်။

ဦးမျိုးလှိုင်ဝင်းကိုင်တွယ်မည့် မြန်မာယူ-၁၉ အသင်းသည် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံယူ-၁၉ ပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ ထိုင်း၊ သြစတြေးလျတို့နှင့် တစ်အုပ်စုတည်းကျရောက်နေရာ ခက်ခက်ခဲခဲ ရှုန်းကန်ရဖွယ်ရှိနေသည်။ Air Bagan၊ ရန်ကုန်၊ နေပြည်တော်အသင်းတို့ကို ကိုင်တွယ်ဖူးသည့် ဦးမျိုးလှိုင်ဝင်းအနေဖြင့် မြန်မာယူ-၁၉ အသင်းကို အောင်မြင်မှုများ ရယူနိုင်ခြင်း ရှိ/မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

❍ *ကျောဖုံးမှ*

(တိုက်ဂါး-ဘားအံ)၊ သားစနေ(သရဖူ)နှင့် ရှမ်းညီ (T & T)၊ ဖိုက်ကေ(မန္တလေး)နှင့် တက်လူ(စဉ့်ကိုင်) တို့ အပါအဝင် စုစုပေါင်းတွဲဆိုင်း ၁၀ ဆိုင်းမှ ငါးချီပွဲများ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"အခုပွဲက အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ရိုးရာလက်ဝှေ့ရဲ့ သကြ်န်ပြီးပထမဆုံးနှစ်ဦးပွဲလို့ ပြောရမှာပါ။ ဖိုးကေရဲ့ မကျေပွဲသွေးကြွေးပြန်ဆပ်မယ့်ပွဲလို့ ပြောရမယ်။ တကယ်ပဲ ပြန်ဆပ်နိုင်မလားဆိုတာကတော့ သူ့သမိုင်းသူဖော်ဆောင်မယ်လို့ ထင်ပါတယ်။ မန္တလေးပရိသတ်ကလည်း ဒါကိုစိတ်ဝင်စားနေကြတာ။ ပြီးခဲ့တဲ့နှစ်တွေ့တုန်းကတော့ ဒုတိယအချီမှာ သွေးသစ်အောင်ကို အလဲထိုးနဲ့ရှုံးခဲ့တယ်။ အခုတော့ ဒီပွဲအတွက် ၁၀ပေါင်လောက် ဝိတ်ပြန်ချပြီး ကြိုးစားယှဉ်ပြိုင်ထိုးသတ်မယ်လို့ ကြွေးကြော်ထားတယ်။ ကျွန်တော့်ရဲ့အတွေ့အကြုံအရ ကြည့်ကောင်းမယ့်ပွဲလို့ ပြောရမှာပါ"ဟု ပွဲစီစဉ်သူ ဆရာကိုဒသကပြောသည်။

တစ်ကျော့ပြန်သွေးကြွေးပြန်ဆပ်မည့် အဆိုပါလက်ဝှေ့ပွဲတွင် ရိုးရာလက်ဝှေ့ကို စိတ်ပါဝင်စားကြည့်ရှုလိုသူများအတွက် VIP တန်းငွေကျပ် ၂၀၀၀၀၊ အထူးတန်းငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းငွေကျပ် ၇၀၀၀ ဖြင့် ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား
## News Channel
**၂၉-၄-၂၀၁၆(သောကြာနေ့)**

**နံနက်ပိုင်း**
၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၅၀ - **မုံရွာမြို့ကြက်မွေးမြူရေးဇုန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုမရှိစေရန် ဆောင်ရွက်ထားမှုအခြေအနေ**
၉း၃၅ - အနုပညာသတင်းအစီအစဉ်
၁၁း၁၅ - Weekly Sport Info
၁၂း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေထီးဆောင်းမိသားစု** (အပိုင်း-၉)
၁၃း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါဂင်ချီ** (အပိုင်း-၉)
၁၄း၀၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၂)
၁၄း၃၅ - မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (စလူကာနှင့်အားမာန်)

**ညပိုင်း**
၁၅း၃၅ - **ရှမဆုံးတော့သည် လူချွန် လူကောင်း၏ ရုပ်ပုံလွှာ** (အပိုင်း-၂)
၁၆း၃၅ - Football Magazine (ရတနာပုံယူနိုက်တက်အသင်း)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- သမိုင်းကိုဖော်ပြသောဝါကျများ **လူရွှင်တော်ကြီး ဦးမြတ်သာနှင့် တွေ့ဆုံခြင်း**

မှတ်ချက်။ ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ် ၁/၂၀၁၆-၂၀၁၇)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်လက်အောက်ရှိ မြို့နယ်များမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းမျိုးစုံနှင့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဟင်္သာတခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ကြော်ငြာသင်ပုန်းတွင် ၁၈-၅-၂၀၁၆ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - **၂၆-၅-၂၀၁၆ရက်၊ ၁၁း၀၀နာရီ**
**တင်ဒါဖွင့်မည့်နေရာ** - **လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့။**
**တင်ဒါဖွင့်မည့်ရက်/အချိန်** - **၂၆-၅-၂၀၁၆ရက်၊ ၁၃း၃၀နာရီ**

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၈-၅-၂၀၁၆ရက်မှ ၂၅-၅-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဟင်္သာတခရိုင်၊ လမ်းဦးစီးဌာန (ဖုန်း-၀၄၄-၂၁၀၃၃)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန လက်အောက်ရှိ အထူးအဖွဲ့/ခရိုင်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

**ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်များ**

| | | |
|---|---|---|
| ၁။ လမ်းခင်းကျောက်(ရွယ်စုံ) | ၂။ မြစ်သဲ | ၃။ မြစ်ကျောက်စရစ် |
| ၄။ ဘိလပ်မြေ | ၅။ သံချောင်းလုံး(ရွယ်စုံ) | ၆။ ကတ္တရာ |
| ၇။ တောသစ် | ၈။ ဒီဇယ်ဆီ | ၉။ ဂဝံမြေ/မြေနီကျောက်၊ စရစ်၊ မြေမာ |
| ၁၀။ သစ်မာခွဲသား | ၁၁။ ငါးထပ်သား | ၁၂။ ဖြုန်းကျောက်/ချောင်းကျောက် |
| ၁၃။ အုတ် | ၁၄။ ကွန်ကရစ် (၅၀၀၀ PSI) | ၁၅။ သံကြိမ်း |

**ပစ္စည်းဝယ်ယူမည့် တည်ဆောက်ရေးအထူးအဖွဲ့/ခရိုင်များ**

၁။ လမ်းအထူးအဖွဲ့ (၂၂)ရုံး (ဘားအံမြို့၊ သံလွင်တံတားအနီး) - ဖုန်း-၀၉-၆၅၂၀၂၀၆၊ ၀၉-၈၇၃၀၉၂၁၊ ၀၉-၈၅၉၆၀၆၅
၂။ လမ်းဦးစီးဌာန၊ ဘားအံခရိုင်ရုံး (ဘားအံမြို့) - ဖုန်း-၀၉-၇၃၇၉၀၅၄၉၊ ၀၅၁-၂၁၁၄၅
၃။ လမ်းဦးစီးဌာန၊ ကော့ကရိတ်ခရိုင်ရုံး (ကော့ကရိတ်မြို့) - ဖုန်း-၀၉-၃၂၉၁၉၈၁၀၊ ၀၉-၇၉၄၈၄၆၄၁၄၊ ၀၅၈-၄၀၀၂၈
၄။ လမ်းဦးစီးဌာန၊ ဖာပွန်ခရိုင်ရုံး (ဖာပွန်/ဘားအံမြို့) - ဖုန်း-၀၉-၇၈၉၆၆၇၅၅၄၊ ၀၉-၄၂၅၀၄၇၉၂၄

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ အထက်ဖော်ပြပါရုံးများတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါတင်သွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက်များကို ၎င်းရုံးများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါတင်သွင်းရမည့်ရက်/အချိန်/နေရာ** - ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၀၀နာရီ၊ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၂-၅-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၀၀နာရီ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

**ကရင်ပြည်နယ်တင်ဒါခေါ်ယူရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ပုသိမ်တက္ကသိုလ်**

## ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အဏုဇီဝဗေဒအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်း တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၆ ခုနှစ် ဇွန်လ ၁ ရက်တွင် အသက်(၃၀)ထက်မကျော်လွန်သူ ဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့ စဉ်းစားမည်)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။
(ခ) ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ် သုံးနာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများ ကိုသာ လက်ခံမည်။
(ဂ) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်တစ်နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။
(ဃ) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒအထူးပြုဖြင့် မဟာသုတေသနဘွဲ့ ရရှိထားသည့် ကျောင်းသား ကျောင်းသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ)လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်သော သုတေသနကျမ်း အကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက်(ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃) မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။
(င) တက္ကသိုလ်၊ဒီဂရီကောလိပ်များမှ သရုပ်ပြဖြစ်ပါက သရုပ်ပြရာထူးတွင် လုပ်သက်တစ်နှစ် အနည်းဆုံးရှိရမည်။
(စ) ပုသိမ်တက္ကသိုလ်စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် ၁၃-၅-၂၀၁၆ ရက်(သောကြာနေ့)နောက်ဆုံးထား လျှောက်ထားရမည်။
(ဆ) လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင် Ph.D သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။
(၁)(၁၆-၅-၂၀၁၆)တနင်္လာနေ့(၀၉း၀၀)နာရီမှ(၁၂း၀၀)နာရီ သက်ဆိုင်ရာဘာသာရပ်
(၂) (၁၇-၅-၂၀၁၆)အင်္ဂါနေ့(၀၉း၀၀)နာရီမှ (၁၂း၀၀) နာရီ အင်္ဂလိပ်စာဘာသာရပ်
(ဇ) ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၃-၅-၂၀၁၆ ရက်(တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။
(ဈ) အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်း-၀၉-၇၇၉၇၈၂၄၃၂ ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ပုသိမ်တက္ကသိုလ်**

SH မြင့်သူထက် YU
အာဆီယံပညာသင်ဆုအထောက်အကူပြု
အင်္ဂလိပ်စာ ➤ SH.Myint Thu Htet.YU
သင်္ချာ ➤ ဦးတိုးအောင် ပါမောက္ခ(ငြိမ်း)
သိပ္ပံ ➤ ဒေါ်စန်းစန်းမြင့် တွဲ/ပါမောက္ခ(ငြိမ်း)
၂၉.၄.၂၀၁၆ စမည် လက်ခံပြီ
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် တင်နိုင်ဦး ၁၃/ရစန(နိုင်)၀၀၄၄၃၉၏ SSO လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၃၂၂၈၇၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မြိုင် ၉/ဘသန(နိုင်)၁၁၇၁၁၇၏ Passport (No ·မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၄၀၇၄၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၂၀၅၊ မြေကွက်တည်နေရာအမှတ် ၂၀၅၊ အောင်သုခ ၁ လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း) ဦးသန်းဌေး CF-၀၈၄၈၅၇အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းဌေးအပေါ် တရားပြိုင်ထားကာ ဒေါ်မီမီစန်းမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးကိုယ်စားဘိလစ်ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁မှ တရားမကြီးမှုအမှတ် ၇၇/၂၀၁၅၏ ၂-၂-၂၀၁၆ ရက်စွဲပါ စီရင်ချက်၊ ဇာရီမှုအမှတ် ၁၄/၂၀၁၆၏ နေ့စဉ်မှတ်တမ်းနှင့် ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၁၃၁၊ မြေကွက်တည်နေရာအမှတ် ၁၃၁၊ အောင်ရိပ်သာလမ်း၊ ၂၈ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း ဦးကျော်အောင်(ခ) ကျင်အောင် (ISN -၂၄၂၅၀၄) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်အောင်(ခ)ကျင်အောင်နှင့် ဒေါ်ခင်မူ၊ ဒေါ်မလှညိုတို့အပေါ် တရားပြိုင်ထားကာ ဒေါ်ခင်စောမြင့်မှ တရားလိုပြု၍ ဒဂုံမြို့သစ်မြောက်ပိုင်း တရားရုံးတွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးကိုယ်စား ဘိလစ်ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁မှ တရားမကြီးမှုအမှတ် (၉၀/၂၀၁၅)၏ ၁၀-၂-၂၀၁၆ရက်စွဲပါစီရင်ချက်၊ ဇာရီမှုအမှတ် (၁၆/၂၀၁၆)၏ နေ့စဉ်မှတ်တမ်းနှင့် ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကျေးလက်အလုပ်အကိုင်ရှားပါးမှုကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများပြား

**ရန်ကုန် ဧပြီ ၂၈**

အထက်အညာ ကျေးလက်ဒေသများတွင် အလုပ်အကိုင်များ ရှားပါးမှုနှင့် လုပ်ခလစာများနည်းပါးမှုတို့ကြောင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မှုများပြားလျက်ရှိကြောင်း ရန်ကုန်မြို့ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး စာရင်းဇယားများအရ သိရသည်။

ပြည်ပနိုင်ငံများသို့အစိုးရအနေဖြင့် တရားဝင်အလုပ်အကိုင်သွားရောက်လုပ်ကိုင်ခြင်းကို အားပေးခဲ့ပြီးနောက် အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများမှတစ်ဆင့် ကျေးလက်ဒေသများမှ လူငယ်လူရွယ်များ သွားရောက်အလုပ်လုပ်ကိုင်မှုမှာ တစ်ဟုန်ထိုး မြင့်တက်လာခဲ့ကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်မတို့က အခုရွာမှာ အလုပ်မလုပ်ကြတော့ဘူး။ ရွာမှာက တစ်နေ့လုပ်ခ ငွေကျပ် ၃၀၀၀ ပဲရတာ။ အဲဒါနေ့တိုင်းအလုပ် မရှိဘူး။ အခုလို မိုးကခေါင်၊ နေကပူဆိုရင် ဘာအလုပ်မှကို မရှိတာ။ ရှိတာလေးထိုင်စားပြန်တော့လည်း အကြွေးတင်လို့ မပြီးတော့ဘူး။ အခုရွာမှာက လူငယ်တွေ ထိုင်းကိုသွားတယ်။ နည်းနည်းအဆင်ပြေရင် မလေးကိုသွားတယ်။ ဘာပဲပြောပြော ကျွန်မတို့ ဟိုမှာတစ်လဘတ် ၆၀၀၀ လောက်ရတယ်။ ဘတ်ငွေ အတက်အကျအပေါ်မူတည်ပြီး ငွေကျပ်နှစ်သိန်းကနေ သုံးသိန်းလောက်တော့ရတယ်။ ရွာမှာ အလုပ်အကိုင်ရှားတော့ ပြည်ပကိုပဲ ထွက်ကြတဲ့သူတွေများတယ်" ဟု နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာမှ မဝင်းဝင်းဆွေက ပြောသည်။



**နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာမှ လူငယ်လူရွယ်များ ဧပြီ ၂၅ ရက်က မြန်မာနိုင်ငံကူးလက်မှတ်များ စောင့်ဆိုင်းနေစဉ်။**

ကျေးလက်ဒေသမှ လူငယ်လူရွယ်အချို့သည် အလုပ်အကိုင်များရှားပါးလာမှုကြောင့် ထိုင်း၊ မလေးနှင့် စင်ကာပူစသော နိုင်ငံများသို့သွားရောက် အလုပ်လုပ်ကိုင်မှုများပြားလျက်ရှိသည်။ "ထိုင်းမှာသွားလုပ်တယ်ဆိုရင် အေးဂျင့်နဲ့ လုပ်တာများတယ်။ ကုန်ကျမှုငွေ ကျပ်ငါးသိန်းလောက်တော့ရှိတယ်။ ကိုယ့်ဘာသာ နိုင်ငံကူးလက်မှတ်ရအောင်လုပ်ပြီးသွားမယ်ဆိုရင်တော့ ဒီလောက်တော့ ကုန်ကျမှုမရှိပါဘူး။ ဟိုမှာလုပ်ရတဲ့ အလုပ်တွေကတော့ ငါးစက်ရုံတွေ၊ မုန့်စက်ရုံတွေမှာ လုပ်ကြရတာပါ။ ဘာပဲပြောပြော ရွာတွေမှာထက်စာရင် ပုံမှန်ဝင်ငွေရှိတာပေါ့" ဟု ထိုင်းနိုင်ငံသို့သွားရောက်အလုပ် လုပ်ကိုင်မည့် ကိုသန်းဝင်းဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်သော မြန်မာလူငယ်များအနေဖြင့် ပြဿနာအချို့ ပေါ်ပေါက်ခဲ့ပြီးနောက် တရားဝင်သွားရောက်မှုကို လမ်းဖွင့်ပေးလျက်ရှိရာ ယခုအခါ နေ့စဉ် ခရီးသွားအေးဂျင့်နှင့်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မှု များပြားလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ထင်သာမြင်သာပြုပြင်စရာ

# စာသင်ကျောင်းနံဘေး ယာယီဈေးအား နေရာပြောင်းရွှေ့ရောင်းချစေလို

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ (အင်္ဂပါ)အခြေခံပညာမူလတန်းလွန်ကျောင်းနံဘေးလမ်းတွင်ဖွင့်လှစ်ရောင်းချလျက်ရှိသော ယာယီဈေးသည်**(ယာပုံ)** စာသင်ကျောင်းနှင့် နီးကပ်လျက်ရှိပြီး ဈေးမှအနံ့ဆိုးများကြောင့် နေရာပြောင်းရွှေ့ပေး ရောင်းချစေလိုကြောင်း ကျေးရွာပြည်သူများထံမှ သိရသည်။

အဆိုပါဈေးတွင် ဈေးရောင်းလျက်ရှိသော ဈေးသူဈေးသားများအနေဖြင့် ဈေးမှထွက်ရှိသော အမှိုက်များကို စနစ်တကျမစွန့်ပစ်ကြဘဲ စာသင်ကျောင်းအနီး ဈေးလမ်းထိပ် လမ်းနံဘေးတွင် စုပုံစွန့်ပစ်မှုကြောင့် ရေမြောင်းပိတ်ခြင်း၊ မိုးရာသီတွင် ခြင်များစွာပေါက်ဖွားခြင်းဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းအမှိုက်များစွန့်ပစ်နေရာကို ဈေးအနီးနားတွင် နေထိုင်သူများက မြေများမကြာခဏဖို့ရကြောင်း ဈေးအနီးနေထိုင်သူတစ်ဦးက ပြောသည်။

စာသင်ကျောင်းနံဘေး ဈေးရောင်းချနေမှုတွင် ဈေးမှထွက်ရှိသော အနံ့ဆိုးများ၊ အညစ်



အကြေးများကြောင့် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေး ထိခိုက်နိုင်ကြောင်း၊ ကျောင်းပတ်ဝန်းကျင်တွင်လည်း ဈေးမှထွက်ရှိသော အမှိုက်သရိုက်များကြောင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျောင်းဥပမိရုပ်ကို ထိခိုက်နိုင်သဖြင့် အဆိုပါဈေးကို နေရာပြောင်းရွှေ့ဖွင့်လှစ် ရောင်းချစေလိုကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်အေးက ပြောသည်။

အဆိုပါဈေးသည် ယာယီဈေးအဖြစ် ဖွင့်လှစ်ရောင်းချလျက်ရှိသည်မှာ ၁၀ နှစ်ကျော်ပြီ ဖြစ်ကြောင်း၊ ဈေးသူဈေးသားများအနေဖြင့် နံနက် ၅ နာရီမှ ၁၀ နာရီခန့်အထိ ရောင်းချလျက်ရှိကြကြောင်း၊ ယင်းဈေးကို ကျေးရွာပိုင်မြေနေရာတွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ကျေးရွာအထောက်အကူပြု ကော်မတီများ၊ ရပ်မိ ရပ်ဖများနှင့် ဆွေးနွေးတိုင်ပင်ပြီး သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဌေးက ပြောသည်။ စာသင်ကျောင်းအနီး ယာယီဈေးကို စာသင်ကျောင်းနှင့် နီးကပ်လျက်ရှိသောကြောင့် ကျေးရွာပြည်သူများက ကျေးရွာပိုင်မြေနေရာတွင် ပြောင်းရွှေ့ပြီး ရောင်းချစေလိုကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စိုက်ပျိုးရေးသုတေသနပညာရှင်များ ကွင်းဆင်းလေ့လာ

**နေပြည်တော် ဧပြီ ၂၈**

အလျင်လိုကျေးရွာ မျိုးစေ့ထုတ်စိုက်ကွင်း၊ ဒက္ခိဏသီရိ မြို့နယ် ကျားကူး(အနောက်)ကျေးရွာ ၈၅ ဧက မျိုးစေ့ထုတ်စိုက်ကွင်း၊ အဆင့်မြင့်စက်မှုလယ်ယာမြေ စံပြမျိုးစေ့ထုတ်စိုက်ကွင်းများနှင့် မျိုးစေ့သန့်စင်စက်နှင့် ထုပ်ပိုးစက်ရုံများသို့ ဧပြီ ၂၅ ရက် နံနက် ၇ နာရီခွဲက စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့်အဖွဲ့က ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့ဝင်များအား အယ်နီညိုကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးနှင့်အခက်အခဲများကို ခံနိုင်ရည်ရှိမည့် သက်တမ်းတိုမျိုးကောင်းမျိုးသန့်များထုတ်လုပ်ရရှိစေရန်၊ သုတေသနခြံများအနေဖြင့် အာမခံချက်ပေးနိုင်မည့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များကို မျိုးစေ့ဥပဒေနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် စသည်တို့ကို ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## ကျေးရွာချင်းဆက်ကွန်ကရစ်တံတားဖွင့်

**ပုသိမ်ကြီး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေဝန်းကျေးရွာနှင့် ကံသစ်ကျေးရွာဆက် ကွန်ကရစ်တံတားလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၂၅ ရက်က ကျင်းပရာ ရေဝန်းတောင်ကျောင်းဆရာတော်ဘဒ္ဒန္တဂန္ဓသာရနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါ ကွန်ကရစ်တံတားကြီးအား ရေဝန်းတောင်ကျောင်းဆရာတော်ဦးစီး၍ ကျေးရွာသားများစုပေါင်းပြီး ခြောက်နှစ်ကျော်ကြာကြိုးပမ်း၍ ဆောက်လုပ်ခဲ့သောတံတားဖြစ်သည်။ တံတားအရှည်မှာ ၇၇၄ ပေ၊ အမြင့် ခုနစ်ပေ၊ အကျယ် ၁၀ ပေရှိပြီး ကုန်ကျငွေမှာ စုစုပေါင်း ငွေကျပ် ၅၇၆ သိန်း ကျော်ကုန်ကျကြောင်း သိရသည်။

**အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာများ စိစစ်ရွေးချယ်

**အိမ်မဲ ဧပြီ ၂၈**

အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၉ ရွာ စိစစ်ရွေးချယ်ပွဲကို အိမ်မဲမြို့ ရွှေပြည်တန်ခန်းမ၌ ဧပြီ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ဖွံ့/ထောက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်အတည်ပြု ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မဝေ**

## စာပေဟောပြောပွဲ ကျုံဝါးကျေးရွာတွင်ကျင်းပ

**ဖျာပုံ ဧပြီ ၂၈**

ဖျာပုံမြို့နယ် ကျုံဝါးကျေးရွာတွင် စာပေချစ်သူများ၏ ပထမအကြိမ် စာပေဟောပြောပွဲကို ဧပြီလနောက်ဆုံးပတ်က ကျုံဝါးကျေးရွာ မဏိရတနာကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာပေဟောပြောပွဲတွင် စာရေးဆရာမ သတင်းထောက်သူဇာနွယ် (ဖျာပုံ)ကကျွန်မဘဝကျွန်မစာ ကျွန်မချစ်သောနိုင်ငံတော် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာလင်းရောင်တင်က မေတ္တာတန်ခိုးအကျိုးအာနိသင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာကြီး ဒေါက်တာခင်မောင်ညိုက ဘဝနေနည်း ထိုင်နည်းခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြရာ ကျုံဝါးကျေးရွာနှင့် အနီးနားကျေးရွာများမှ ဒေသခံစာပေချစ်သူများ တက်ရောက်နားထောင်ကြကြောင်း သိရသည်။

**ကိုသန့်**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးတိုက်နယ်ဆေးရုံသို့ ဧပြီ ၂၄ ရက်က မန္တလေးမြို့နေ မြင့်မိုရ်ဦးဆေးဆိုင် ဦးစိုးနိုင်-ဒေါက်တာရီရီခိုင် မိသားစုက နှစ်ဖက်မိဘများကို အမှူးထားပြီး အောက်ဆီဂျင်ပေးစက် (Oxygen concentrater) တစ်လုံး လှူဒါန်းရာ မော်လူးတိုက်နယ် ၁၆ ခုတင်ဆံ့ ဆေးရုံမှ ဒေါက်တာဝတ်မှုံထွန်း လက်ခံယူစဉ်။

**ခင်မောင်ဆွေ(မော်လူး)**

# စေတနာမှန်သူများအတွက် သမိုင်းကမရိုင်းပါ

**ကိုရွှေမိုး**

ပဲခူးတိုင်းဒေသကြီးအရှေ့ဘက်ခြမ်းက ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက်မှာ ကျွန်တော့်ကို မွေးသည်။ ကျွန်တော်ဖြတ်သန်းကြီးပြင်းရတဲ့မြို့လေးကို ကျွန်တော်ချစ်သည်။ သကြ်န်ရုံးပိတ်ရက်ရှည် မိဘများရှိရာ မွေးဇာတိကိုပြန်ဖြစ်သည်။

မြို့ကလေးထဲအေးအေးလူလူ လျှောက်လည်ဖြစ်သည်။ ကျွန်တော့်အပေါ် မြို့ကလေးနှင့် အပေါင်းအသင်းများကမပြောင်းလဲ။ မြို့ပြကို တက်လှမ်းဖို့ အားယူနေသော ခေတ်မီအဆောက်အအုံများကိုနေရာတိုင်းတွေ့ရသည်။ စီးပွားရေးတိုးတက်လာသော ပြယုဂ်တစ်ခုအဖြစ်မြင်ရ၍ကျေနပ်ဝမ်းသာဖြစ်မိသည်။

စည်ပင်သာယာပိုင်နက် နယ်နိမိတ်အတွင်း စည်ပင်ခွင့်ပြုချက်ဖြင့်ဥပဒေနှင့်အညီ ခွင့်တောင်းတွေ့လိုက်ရသည်။

ကျွန်တော်ငယ်စဉ်က စည်ပင်မှ တစ်ခါပြင်ခဲ့ဖူးသည့်လမ်းပေပဲ။ အခုနှစ် ၂၀ ကျော်ကြာအောင် နောက်ထပ် တစ်ခါမှမပြုပြင်ခဲ့သေးဟု မှတ်မိနေသည်။

စည်ပင်ပိုင်နယ်နိမိတ်လမ်းဘေးတွင် ချုံများထိုးထိုးထောင်ထောင်မြင်ရသည်။ ရာသီဥတုက ပူပြင်းလွန်းလှလို့ ဒီလိုပူပြင်းရာသီမှာ စည်းကမ်းမဲ့သူတို့က ဆေးလိပ်မီးမပစ်မိပါစေနှင့် ဆုတောင်းရသေးသည်။

ပုပ္ပားတောင် တောမီးလောင်နေကြောင်း သတင်းစာမှာဖတ်ရတော့ ကျွန်တော်ကြောက်သည်။ ဒီအချိန် တာဝန်ရှိသူတစ်ယောက်ယောက် ကျွန်တော်တို့လမ်းဘက်လှည့်လာစေချင်မိသည်။

ကျွန်တော့်အိမ်ရဲ့ လမ်းထိပ်နားတွင်ဈေးနှင့်နီးသည့် လက်ဖက်ရည်ဆိုင်ကောင်းကောင်းရှိသည်။ ကျွန်တော်တို့ ငယ်စဉ်ထိုင်နေကျဆိုင်ဖြစ်သည်။ ဆိုင်အမည်က "ကိုရဲတီးဟောက်"။ လမ်းထိပ်မရောက်ခင် အမှိုက်ပုံကြီးကို မိန့်မိန့်ကြီးတွေ့ရလို့ တစ်ခါအံ့သြရပြန်ပါပြီ။ အမှိုက်ပုံက လမ်းမပေါ် တစ်ဝက်ကျော်လောက်ကို နေရာယူထားသည်။

**ကုန်စိမ်းဈေး၊ ယာယီပျံ့ကျဈေးနေရာ သတ်သတ်မှတ်မှတ်ထားပေးပါခင်ဗျား။ ယာယီဈေးသည်များ ခွေးနေရာမရသလို ဟိုနားကပ်၊ ဒီနားကပ်ဈေးရောင်းနေရသည့်ဘဝကို စာနာနားလည်နိုင်ရန်ဖြစ်သည်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ဈေးကောက်တစ်နေ့ ငွေကျပ် ၂၀၀ ပေးရပြီး အမှိုက်သိမ်းဆည်းခက နေ့စဉ်ငွေကျပ် ၂၀ ပေးနေရသည်**

ရက်ရှည်လများ မသိမ်းဘဲထားသည့် အမှိုက်များက အနံ့ဆိုးတွေထွက်နေသည်။ နေ့စဉ်ဈေးသို့ မဖြစ်မနေ သွားရာလမ်းမပေါ်မြင်မကောင်း၊ ကြည့်မကောင်း။

အဆိုပါအမှိုက်ပုံတွင်ပဲ အန္တရာယ်မလွယ်နိုင်သူတို့က ခပ်တည်တည်အပေါ့စွန့်နေကြပြန်သည်။ မြို့လယ်ကောင်အပေါ့စွန့်နေရာအဖြစ် ငွေကောက်ခံခွင့်ရလျှင် ဘာတွေအခွင့်အရေးယူဦးမည်လဲ ကျွန်တော်သိချင်မိသည်။

အရပ်သားအစိုးရက တစ်နိုင်ငံလုံးအမှိုက်ကောက်ဖို့ ဆော်ဩခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်များကိုယ်တိုင် စံပြအမှိုက်ကောက်ကြသည်။ မြို့ကိုယ်စားပြု ပြည်သူ့ရွေးချယ်ခံများလည်း လူထုစည်းရုံးရေးပုံစံဖြင့် အမှိုက်ကောက်ခဲ့ကြသည်။

ရပ်ရွာလူထုပူးပေါင်းပြီး အမှိုက်ကောက်ခြင်း အမှုပြုကြပြီးကတည်းက အမှိုက်သိမ်းခြင်းအလုပ်ကို တာဝန်ရှိသူတို့က မလုပ်ကြတော့ဟန်ရှိသည်။

ဗိုလ်ချုပ်လမ်းတစ်လျှောက်အိမ်ဆိုင်များက အရင်နှင့်မတူအောင် စည်စည်ကားကားရောင်းဝယ်နေကြသည်။ တချို့အိမ်ဆိုင်များက စည်ပင်သာယာပိုင်လမ်းနယ်မြေကို ကျော်လွန်ဈေးရောင်းနေကြသည်။ သံထည်များနှင့် အဆောက်အအုံများကပါ စည်ပင်မြေပေါ် ကျော်လွန်ဆောက်ထားကြပြန်သည်။

အရင်ငယ်စဉ်က တံမြက်စည်းလောက် အိမ်ပြင်ဘက်ထုတ်ရောင်း၊ ထောင်ရောင်းတာမျိုးမြင်ခဲ့ဖူးသည်။ ယနေ့ပြောင်းလဲလာသော ဈေးရောင်းချပုံစံက လမ်းမပေါ်တက်ပြီးဈေးရောင်းချနေသည်။ တာဝန်ရှိသူတို့ မမြင်၊ မတွေ့၊ မသိ၊ မကြားဟန်တော့မတူ။

သုံးတန်ကားများသာ ဝင်ထွက်ရမည့်လမ်းက ၂၂ ဘီးကုန်ကားကြီးများ ဝင်ထွက်နေပြန်သည်။ "လမ်းပျက်လျှင် တော်တော်နှင့်ပြင်နိုင်မှာမဟုတ်။ စီးပွားရေးသမားကလည်း ကျပ်ကားတွေဝင်ထွက်နေလို့ လမ်းပျက်ရပါတယ်" ဟု ဆိုပြီး တာဝန်ယူပြင်ပေးမည်မဟုတ်ကြောင်း သေချာစေသည်။ နစ်နာစရာရှိလျှင် မြို့လူထုသာဖြစ်မည်။

စည်ပင်သာယာ ဥပဒေရှိသည်။ စည်ပင်က ဥပဒေအရတားပိုင်ခွင့်အာဏာရှိသည်။ မလိုက်နာလျှင် အရေးယူရမည်။ စည်ပင်မြေပေါ် ကျူးကျော်ဆောက်လုပ်ထားသော အခိုင်အမာအဆောက်အအုံများအား ဥပဒေနှင့်အညီ ဖယ်ရှားဖျက်ခိုင်းရမည်။ မဖျက်ချင်လည်း ထိထိမိမိဒဏ်ငွေရိုက်အရေးယူသင့်သည်။ တစ်လင်္ကသိန်း၊ ဆယ်သိန်းသတ်မှတ်လိုက်လျှင် ယင်းဝင်ငွေနှင့် မြို့ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်မည်။

သက်ဆိုင်သူများ နှာစေးမနေသင့်တော့သော အချိန်ဖြစ်သည်။ ဒီပုံမျိုးနှင့်တော့ မိုးချုပ်မခံနိုင်တော့ပါ။

ကျွန်တော်တို့မြို့နှင့်ပတ်သက်လျှင် ကျွန်တော်ကလေးဘဝကတည်းက ဘယ်တော့မှ ရေမကြီးဖူးကြောင်းလည်းဝန်ခံရပါလိမ့်ဦးမည်။ ကျွန်တော်တို့မြို့မှာ ရေစီးရေလာကောင်းအောင် ရှေးလူကြီးများ စီမံထားနိုင်ခဲ့သည်။

ရန်ကုန်၊ မန္တလေးလမ်းမကြီး၏ရေစီးဆင်းခြင်းသည် ဗိုလ်ချုပ်လမ်းမအတိုင်းစီးပြီး အောင်ရတနာဆိုင်ဘေးမြောင်းမှ သရဖီလမ်းထိပ်ရှေ့ ကတ္တရာလမ်းမကိုဖြတ်ဖောက်ထားသောတံတားမှ စီးဆင်းကြောင်းမှတ်မိနေသည်။

ယခု ဦးစံကျော်လမ်းမကိုဖြတ်ဖောက် တံတားထိုးထားခြင်းမှာမပြုသင့်သော အပိုအလုပ်ဖြစ်နေသည်။ နိုင်ငံတော်ဘဏ္ဍာငွေ အပိုကုန်သလို ဈေးလမ်းမတစ်လျှောက် ရေမြုပ်စေကြောင်းတွေ့ရသည်။ ငယ်ငယ်ကတည်းက ကျောက်တံခါးဈေး ရေကြီးရေမြုပ်သောဖြစ်ရပ်ကို ကျွန်တော်မတွေ့ဖူးခဲ့။

ကုန်စိမ်းဈေး၊ ယာယီပျံ့ကျဈေးနေရာသတ်သတ်မှတ်မှတ်ထားပေးပါခင်ဗျား။ ယာယီဈေးသည်များ ဟိုနားကပ်၊ ဒီနားကပ်ဈေးရောင်းနေရသည့်ဘဝကို စာနာနားလည်နိုင်ရန်ဖြစ်သည်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ဈေးကောက်တစ်နေ့ ငွေကျပ် ၂၀၀ ပေးရပြီး အမှိုက်သိမ်းဆည်းခက နေ့စဉ်ငွေကျပ် ၂၀ ပေးနေရသည်။ တစ်လအတွက် ပျံ့ကျဈေးသည်တစ်ဦးရဲ့ ဈေးခွန်ဘယ်လောက်ရှိသလဲ သင်္ချာကျွမ်းကျင်သူများဟုယူဆ၍ တွက်ပြဖို့လိုမည်မထင်။ ဈေးကောက်ပေးရခြင်းတန်အောင် ပျံ့ကျဈေးတန်း အရင်နေရာတွင် သတ်သတ်မှတ်မှတ် ဈေးရောင်းချခွင့် စီမံဆောင်ရွက်ပေးလျှင် ဈေးအင်္ဂါရပ်နှင့်ညီညွတ်ပြီး ဣန္ဒြေရရဈေးရောင်းနိုင်သဖြင့် နတ်လူသာဓုခေါ်နိုင်သည်။

ဝန်ထမ်းဆိုသည်က ကမ်းနားသစ်ပင်ဖြစ်သည်။ ကိုယ်တာဝန်ယူလုပ်ကိုင်ရသော အလုပ်စီမံခန့်ခွဲမှုများလျှင် မြို့လူထုနစ်နာသလို နိုင်ငံတော်နစ်နာစေသည်။

ရေစီးရေလာကောင်းအောင် အခုကတည်းက မြောင်းထဲမှ အမှိုက်များလည်း ဖယ်ရှားတော်မူကြပါဦး။ မိုးရွာမှ အနည်အနှစ်များဆည်ယူပြီး မြောင်းနှုတ်ခမ်းပေါ် စုပုံထားခြင်းက မိုးရွာလျှင် မြောင်းထဲပဲပြန်ကျပါလိမ့်မည်။

တာဝန်ရှိသူများ တာဝန်သိသိဖြင့် မြို့ကလေးပေါ်မှာ သစ္စာရှိစေချင်သည်။ မည်သည့်အလုပ်ဖြစ်ဖြစ် စေတနာရှိရှိ လုပ်ဆောင်နိုင်ဖို့လိုသည်။ ဒါသည်ပင် သမိုင်းဖြစ်သည်။ စေတနာမမှန်သူအတွက် သမိုင်းကရိုင်းနေမည်မှာသေချာသည်။ မိမိအတ္တအတွက် လူထုအပေါ် သိုက်တူးနေလျှင် လူထုရဲ့ဒဏ်ခတ်မှုတစ်နေ့ကြုံပါလိမ့်မည်။

ခေတ်ပြောင်း၊ စနစ်ပြောင်းသည်ကို လက်မခံချင်လည်းလက်ခံရမည်ဖြစ်သည်။ ခေတ်ဆွေး၊ စနစ်ဆွေး၏ အကျင့်စရိုက်ဗီဇပါ ပြောင်းလဲနိုင်ရန်လိုနေသည်။ ယနေ့တိုင်းဒေသကြီးအစိုးရအဖွဲ့ပြောင်းပြီဖြစ်သည်။ စည်ပင်ဝန်ကြီးကအသစ်ဖြစ်လာသည်။ မြို့ကလေးကို သံယောဇဉ်ရှိသူပီပီ ဝန်ကြီးသစ်နှင့်တွေ့လျှင် အမုန်းခံပြီး ပြောပေးရပါဦးမည်။

တည်ဆောက်ထားသောအဆောက်အအုံများဖြစ်မည်။ ခွင့်မတောင်းဘဲနှင့်မည်သူမျှ မြို့နယ်စည်ပင်သာယာအဖွဲ့မသိဘဲ အလစ်အငိုက် လုပ်ချင်တိုင်း လုပ်လို့မရပေ။

စည်ပင်နယ်နိမိတ်ကိုကျော်လွန်ပြီး အဆောက်အအုံများ တည်ဆောက်ခွင့် စည်ပင်ကခွင့်မပြု။

ပြောင်းလဲတိုးတက်ခြင်းထဲမှာ ကျွန်တော့်အိမ်သို့သွားရာလမ်းမက မပြောင်းလဲနိုင်ဘဲ စုတ်ပြတ်နေတာ

# ရေစကြိုမြို့နယ်ရှိ ကျေးလက်ဒေသများတွင် သောက်သုံးရေလိုအပ်ချက် ပိုမိုမြင့်မားလျက်ရှိ



**ရေစကြို ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ တစ်နေ့ထက်တစ်နေ့ အပူချိန်များမြင့်တက်လာမှုနှင့်အတူ ကုန်းပိုင်းဒေသကျေးရွာများရှိ ဒေသခံပြည်သူများ၏ သောက်သုံးရေလိုအပ်ချက်များလည်း ပိုမိုမြင့်မားလျက်ရှိကြောင်း သိရသည်။

ထိုသို့သောက်သုံးရေပိုမိုလိုအပ်လျက်ရှိသော ရှင်မတောင်တောင်ခြေမှ ဂွေးပင်ယား(မြောက်)ရွာတွင် သောက်သုံးရေလိုအပ်နေသည့်အတွက် ဧပြီ ၂၆ ရက်က ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သောက်သုံးရေဂါလန် ၆၀၀ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရေစကြိုမြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်နှင့် တပ်ဖွဲ့ဝင်များသည် ရေဂါလန် ၁၈၀၀ ကိုလည်းကောင်း၊ ကံပွင့်မိသားစုနှင့် ဆက်နွယ်သူများ ရေအလှူတော်အဖွဲ့မှလည်း ရေဂါလန် ၂၀၀၀ ကိုလည်းကောင်း ရှင်မတောင်တောင်ခြေရှိ ကံပေါက်ကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# ရေရှားပါးသောကျေးရွာသို့ ရေလှူဒါန်း

**ကြို့ပင်ကောက် ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာတို့ပူးပေါင်း၍ ဧပြီလ တတိယပတ်က သောက်သုံးရေလုံလောက်စွာမရရှိသည့် ကြို့ပင်ကောက်မြို့နယ် ဖုန်းစိုးစုအုပ်စု ဖုန်းစိုးစု ကျေးရွာရှိ အိမ်ထောင်စု ၁၂၉ စု လူဦးရေ ၄၄၅ ဦးတို့အား ရေဂါလန် ၂၄၀၀ အခမဲ့ဖြန့်ဝေ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# ပေါင်းတည်မြို့၌ စက်မှုလယ်ယာ စခန်းသစ်(ဆွယ်) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပေါင်းတည် ဧပြီ ၂၈**

ပေါင်းတည်မြို့နယ် ကျေးရွာများရှိ လယ်ယာမြေများနှင့် အနီးပတ်ဝန်းကျင်မြို့နယ် ကျေးရွာများရှိ လယ်ယာမြေများ ရာသီအမီ သီးထပ်စိုက်ပျိုးနိုင်ရေးအတွက်ရည်ရွယ်၍ စက်မှုလယ်ယာစခန်းသစ်ဖွင့်ပွဲကို ဧပြီ ၂၇ နံနက် ၈ နာရီက ပေါင်းတည်မြို့နယ် စက်မှုလယ်ယာစခန်းသစ်(ဆွယ်)၌ ကျင်းပသည်။

ရှေးဦးစွာ ရုံးချုပ်(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်တို့က စက်မှုလယ်ယာ စခန်းသစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းအောင်က စခန်းသစ်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များက စခန်းသစ်အတွင်းထားရှိသည့် ခြေလှေ့စက်များ၊ ထွန်စက်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ ဆင်ဖြူပြင်ဆိပ်ကမ်းသို့ရောက်ရှိ

**သရက်ချောင်း ဧပြီ ၂၈**
ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းသို့ ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့သည် အမှတ်- AH-02 (သံလွင်) ဆေးရုံသင်္ဘောဖြင့် ရောက်ရှိခဲ့သည်။

အဆိုပါ အဖွဲ့တွင် ဒုတိယဗိုလ်မှူးကြီး ရဲထွန်းလင်း ဦးစီးသောအဖွဲ့မှ ၄၅ ဦး၊ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ ဗိုလ်မှူးမျိုးမင်းဦး ဦးစီးသောအဖွဲ့မှ ၇၀ စုစုပေါင်း ၁၁၅ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။



အဆိုပါ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့အား ထားဝယ်တပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဗိုလ်မှူးကြီးထိန်ဝင်း၊ တပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး မင်းမင်းထွန်း တို့က ကြည့်ရှုအားပေးခဲ့ပြီး နယ်လှည့် ဆေးကုသရေးအဖွဲ့က အထွေထွေ ရောဂါသည် ဒေသခံပြည်သူ ၃၅၀ ခန့်ကို ဆေးကုသပေးခဲ့ကြသည်။

တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းရှိ ခရီးသည်နားနေဆောင်တွင် ဧပြီ ၂၆ ရက်မှ မေ ၁ ရက်အထိ ၆ ရက်ကြာ ကုသပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်တွင် ချည်ထည်လုပ်ငန်းမှ ဆိုးဆေးများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်မည်

**ဝမ်းတွင်း ဧပြီ ၂၈**
မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ ဂျပန်နိုင်ငံ Mr.Tadahiro Moriyama ၊ Mr. Nobuhiro Orii၊ Mr.Kinta Sekiguchi ၊ Mr.Takahash Genj တို့သည် ဧပြီ ၂၅ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ မြို့နယ်အတွင်းရှိ ချည်ထည်၊ ဆိုးဆေးလုပ်ငန်းရှင်များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၄၄ဦးနှင့် တွေ့ဆုံကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ HORIBA.,LTD. ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ပထမနှစ်အတွင်း ဆောင်ရွက်မှုအခြေအနေနှင့် ဒုတိယနှစ် အတွင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား ချပြရှင်းလင်းဆွေးနွေး ကြသည်။

အဆိုပါအဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ဝမ်းတွင်းမြို့နယ် ထီးလှိုင်(အရှေ့)ကျေးရွာရှိ ရေဆိုးရေစုကန် သုံး ကန်အနီးတွင် ရေဆိုးသန့်စင်စက်ပြုလုပ်မည့်နေရာအခြေအနေ၊ ကြည့်ရှုခြင်း၊ ရေဆိုးသန့်စင်ရာတွင် လိုအပ်သည့်လျှပ်စစ်မီးသွယ်တန်းနိုင်မှုအခြေအနေ၊ ရေရရှိနိုင်မှုအခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# သောက်သုံးရေပြတ်လပ်သော ကျေးရွာများသို့ ရေလှူဒါန်း

**လှိုင်ကော် ဧပြီ ၂၈**
ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့ပြီး ရေလှောင်ကန်များတွင် ရေခန်းခြောက်ခြင်းဖြစ်ပေါ်လျက်ရှိရာ ကျေးရွာများတွင် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေး လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ဝစ္စကုမ္ဘီသန့်ရှင်းရေးအဖွဲ့မှ လွိုင်ကော်မြို့နယ် ဒေါ်မူကလားကျေးရွာသို့ ဧပြီ ၂၆ ရက်က ရေဂါလန် ၁၁၀၀ အား သွားရောက်လှူဒါန်းသည်။

ယင်းကျေးရွာသည် အိမ်ခြေ ၉၆ အိမ်၊ လူဦးရေ ၃၅၄ ဦးနေထိုင်ကာ သောက်သုံးရေ နေ့စဉ်တစ်ရက် ပျမ်းမျှရေဂါလန် ၁၀၆၂ ဂါလန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အခြားရေပြတ်လပ်လျက်ရှိသော လွိုင်ကော်ခရိုင်အတွင်းရှိ လွိုင်ကော်မြို့နယ် ဒီမောဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်များရှိ ကျေးရွာ များသို့ လူမှုရေးပရဟိတအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များက ကားများပေါ်တွင် ရေတိုင်ကီများတင်ဆောင်၍ လည်းကောင်း၊ မိုးကာခင်းရေဖြည့်၍ လည်းကောင်း၊ ရေသန့်ဘူးကြီးများဖြင့်လည်းကောင်း သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သရက်မြို့နယ် ရင်ကြီးကျေးရွာ ရေကန်ကြီးပြုပြင်ရန် လှူဒါန်းကုသိုလ်ယူ

**သရက် ဧပြီ ၂၈**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ရင်ကြီးကျေးရွာတွင် အယ်နီညိုရာသီဥတုဒဏ်ကြောင့် ရွာအနီးရှိ ရေကန်ကြီးရေခန်းခြောက်ခဲ့သဖြင့် လူနှင့် တိရစ္ဆာန်များ သောက်သုံးရေခက်ခဲ၍ ဧပြီ ၂၅ ရက်တွင် စေတနာရှင်များက ယန္တရားစက် (ဘက်ဟိုး)ဖြင့် ရေကန်ပြုပြင်တူးဖော်ခြင်း ကုသိုလ်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။

သရက်မြို့ မြခဲတောင်ကျောင်းတိုက်ဆရာတော်၊ ခမ္မရတနာကိုးပင်ကျောင်းဆရာတော်၊ ရှစ်မျက်နှာ ကျောင်းတိုက် ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ပေ ၁၀၀ ပတ်လည်အနက်ငါးပေရှိ ရေကန်တူးခြင်း၊ ရေကန်ပေါင်တင်ခြင်းအတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



# ပုသိမ်မြို့၌ ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း

**ပုသိမ် ဧပြီ ၂၈**
ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေအခက်ခဲရှိနေသော ရပ်နီးရပ်ဝေး ကျေးလက်ဒေသများသို့ ပုသိမ်မြို့တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ အရှင်မြတ်နှင့် အဘယသီဝံတိုက်သစ်ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိ အရှင်မြတ်တို့ကြီးမှူးဖွဲ့စည်းထားသော မနောဖြူလူမှုကူညီရေးအသင်းကြီးက မတ် ၂၃ ရက်မှစ၍ ရေဂါလန် ၄၀၀၀ ဆံ့ ရေသယ်ယာဉ်ကြီးခုနစ်စီးဖြင့် နေ့စဉ်မပြတ် ပုသိမ်မြို့နှင့်ဆက်သွယ်လျက်ရှိသော ပုသိမ်-မော်တင်၊ ပုသိမ်-မြစ်တရာ-ဝါးကလော၊ ပုသိမ်-သာပေါင်း၊ ပုသိမ်-ချောင်းသာ၊ ပုသိမ်- ငွေဆောင်ဒေသများသို့ အလှည့်ကျလိုက်လံပို့ဆောင်လှူဒါန်းလျက်ရှိသည်။ ထို့ပြင် ဧပြီ ၂၅ ရက်က ဦးမြင့်အောင်-ဒေါ်မြင့်မြင့်သန်း (မိုးလေဝသ)ထောက်ပံ့လှူဒါန်းမှုဖြင့် သောက်သုံးရေသန့်များကို ပုသိမ်-ငွေဆောင်ဒေသတစ်ခွင်ရှိ ကျေးရွာများသို့ လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်

**တာချီလိတ် ဧပြီ ၂၈**
မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီက ဦးစီး၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁)၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဝေါလ်ဗွီးရှင်းမြန်မာ(တာချီလိတ်)တို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်က တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် အရှေ့ပိုင်း လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်း ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေး၊ ပြစ်မှုကြောင်းအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်၊ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်၊ ကလေးသူငယ်အား ပြစ်မှုဖြင့် အရေးယူခြင်း၊ ကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်ခြင်း၊ ကလေးသူငယ်နှင့်လူငယ်များကို အကျဉ်းထောင်တွင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ပြစ်မှုကျူးလွန်သော လူငယ်စသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့သည်။ သင်တန်းကို ဧပြီ ၂၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းကို မြို့ပေါ်ရပ်ကွက် ၁၁ ခုမှ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# လေပြင်းကြောင့် ပျက်စီးမှုများအတွက် ပစ္စည်းများထောက်ပံ့

**မြစ်သား ဧပြီ ၂၈**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ဧပြီ ၂၂ ရက်က မိုးသက်လေပြင်းနှင့် မိုးသီးများ ကြွေကျမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများထဲမှ လုံးဝပြိုကျပျက်စီးသွားသော အိမ်ခြေ ၂၅၁ အိမ်ရှိခဲ့ပြီး ၎င်းတို့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများ ဧပြီ ၂၅ က ရောက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးဒုက္ခ စီမံခန့်ခွဲရေးဌာနမှ ထောက်ပံ့ပေးအပ်မည့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက မန္တလေးသို့သွားရောက် ထုတ်ယူခဲ့ရာ chichen kit ၂၅၁ပုံး၊ Traplin 4-6m အထုပ် ၁၀၀၊ Hygiene Kit ပုံး ၁၀၀၊ ရေဘူး ၁၀၀၊ Jumbo ခြင်ဆေးဘူး ၂၅၁ ဘူးရရှိခဲ့ပြီး စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၈၈၅၀၀၀ ရှိကြောင်း သိရသည်။

မြို့နယ်ကြက်ခြေနီအသင်းက ဧပြီ ၂၇ ရက်တွင် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ထိခိုက်ဆုံးရှုံးမှုကြောင့် အကျိုးခံစားခွင့်ရှိသူများထံ လက်ဝယ်အရောက် ဆက်လက်ပေးအပ် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**




# ဆင်ပေါင်ဝဲမြို့၌ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ပူဇော်ပွဲ ညှိနှိုင်းစည်းဝေး

**ဆင်ပေါင်ဝဲ ဧပြီ ၂၈**
ဆင်ပေါင်ဝဲမြို့ အမှတ် (၁)ရပ်ကွက် ကမ္ဘာအေးကျောင်းတိုက်ဆရာတော် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဘဒ္ဒန္တ ဝိမလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှဆက်ကပ်သော မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည့်အတွက် တပည့်ဒါယကာ/ဒါယိကာမများက ပူဇော်ပွဲကျင်းပနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ဧပြီလ နောက်ဆုံးပတ်က ကမ္ဘာအေးကျောင်းတိုက်တွင်ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အမှတ် (၁/၂/၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးပွဲတွင် ဆရာတော်ပူဇော်ပွဲကို မေ ၂၉ ရက်နံနက်တွင် ကမ္ဘာအေးကျောင်းတိုက်ဝိဟာရ၌ ကျင်းပမည်ဖြစ်ပြီး ရပ်နီးရပ်ဝေးမှ ဆရာတော်ဒါယကာ/ဒါယိကာမများအနေဖြင့် ဆရာတော်ပူဇော်ပွဲ တက်ရောက်နိုင်ရေးနှင့် အလှူငွေထည့်ဝင်ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရေးစသည်တို့ ဆွေးနွေးကြကြောင်း သိရသည်။

**(မျိုးမျိုး-ဆင်ပေါင်ဝဲ)**

## သရက်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ အသက်ဝင်စေရေး ကြိုးပမ်းဆောင်ရွက်

**သရက် မေ ၂၈**
ဖွင့်လှစ်ပြီးစာကြည့်တိုက်များအနေဖြင့် ဖွင့်လှစ်ရုံဖြင့် မပြီးစီးဘဲ လူထုပညာပေးလုပ်ငန်းများနှင့်ပြည်သူများ၏ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း သရက်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ဆောင်နေစဉ်တွင် တာဝန်ရှိသူများက ညှိနှိုင်းပြောကြားလိုက်သည်။

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး စာကြည့်တိုက်များရှင်သန်ခိုင်မာရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၂၇ ရက် နံနက်တွင် လုပ်ဆောင်ခဲ့ကြပြီး သရက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိတောင်ဘို့ကြီးကျေးရွာ အပ္ပမာဒ စာကြည့်တိုက်၊ တွင်းလယ်ကျေးရွာရှိ မျိုးဆက်သစ်စာကြည့်တိုက်တို့သို့ သွားရောက်ကာ စာကြည့်တိုက်မှူးများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ပိုမိုမြင့်မားလာရေးနှင့် ရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## လက်ဝှေ့နည်းပြသင်တန်း ထူးချွန်ဆုပေးအပ်

**ထားဝယ် မေ ၂၈**
မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သည့် တနင်္သာရီတိုင်းဒေသကြီး လက်ဝှေ့နည်းပြသင်တန်းဆင်းပွဲကို မေ ၂၆ရက်က အား/ကာ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ နည်းပြဦးမြင့်ထွန်းက လက်ဝှေ့နည်းပြသင်တန်းပေးအပ်ရခြင်းတို့ကိုပြောကြားကာ ဝန်ကြီးက သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မြို့နယ်အသီးသီးမှ သင်တန်းသားကိုးဦး၊ သင်တန်းသူလေးဦးတို့ တက်ရောက်ခဲ့ကြပြီး ရက်သတ္တတစ်ပတ်ခန့်ကြာမြင့်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း (ထားဝယ်)**

## လေပြင်းတိုက်ခတ်မှုကြောင့် မုတ်ဆိတ်ကွင်းရွာရှိ ပျက်စီးနေအိမ်များ ကူညီထောက်ပံ့

**တနင်္သာရီ မေ ၂၈**
မေ ၂၅ ရက် ညနေ ၆ နာရီကျော်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု မုတ်ဆိတ်ကွင်းရွာ၌လေပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် ခနိမိုး၊ ထရံကာလူနေအိမ်လေးလုံးပျက်စီးခဲ့ပြီး အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၁၁ ဦးတို့ စားဝတ်နေရေးအခက်အခဲကြုံတွေ့နေရသဖြင့် ပေးအပ်ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်ဦးစီးသော ဌာနဆိုင်ရာများပါအဖွဲ့သည် မြိတ်ခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွေးနွေးစိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် အဆိုပါလေဘေးသင့်နေအိမ်လေးလုံးမှ အိမ်ထောင်စုလေးစုတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် အသုံးအဆောင်များဖြစ်သည့်အိမ်းသုံးပစ္စည်းကိုးမျိုးပါ ပုံးတစ်ပုံးစီကိုလည်းကောင်း၊ အိမ်ဆောက်ပစ္စည်းမျိုးစုံပါ တစ်ထုပ်စီနှင့် အိမ်ထောင်စုတစ်စုအတွက် ငွေကျပ်ငါးသောင်းနှင့် ဆန်တို့ကိုလည်းကောင်း၊ ကြက်ခြေနီမှ ပေးအပ်သည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုးပါ ပုံးတစ်ပုံးစီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း**



## သာမညကျေးရွာပတ်ဝန်းကျင်၌ သောက်သုံးရေဖြန့်ဝေလှူဒါန်း

**ဘားအံ မေ ၂၈**
ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာတွင် ပူပြင်းခြောက်သွေ့၍ ရေခန်းခြောက်သည့် ရာသီဥတုသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် နေရာဒေသအချို့တွင် ရေရှားပါးလာရာ မေ ၂၆ ရက် နံနက် ၁၀နာရီက ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးလင်းထွဋ်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများသည် သာမညကျေးရွာ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ သာမညကျေးရွာအုပ်စု ဝိဇ္ဇာရပ်ကွက် အပိုင်း (၂)နှင့် ရွှေတောင် (၂)ရပ်ကွက်များသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

အိမ်ခြေ ၁၅၆ လုံးမှ လူဦးရေ ၉၅၀ တို့အတွက် ရေဂါလန် ၁၆၀၀ ကျော် ဖြန့်ဝေလှူဒါန်းပေးခဲ့ပြီး ဘားအံမြို့နယ်၌ နှစ်စဉ် နွေရာသီကာလများတွင် ကျေးရွာများရှိ ရေတွင်းရေကန်များ၊ ရေတုံကင်များ ရေထွက်နည်းလာလေ့ရှိပြီး ရေရှားပါးလေ့ရှိသော ရပ်ကွက်နှင့် ကျေးရွာများမှာ ဘားအံမြို့နယ်အတွင်းရှိ အမှတ် (၉) ရပ်ကွက်၊ ကျောက်တစ်လုံး(ဝင်းဒရယ်)အုပ်စု ပျဉ်းကတိုးကျေးရွာနှင့် သစ်ဖြူပင်ဆိတ်ကျေးရွာ၊ အထက်ကော့ရင်းကျေးရွာအုပ်စု ရွှေဝါထွန်းကျေးရွာ၊ တကောင်ဘိုးကျေးရွာအုပ်စု အလယ်ရွာများဖြစ်ပြီး ယခုနှစ် အယ်နီညိုနွေရာသီဥတုဖြစ်စဉ်ကြောင့် ယခင်နှစ်များကထက် ရေရှားပါးမှု ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ဂန့်ဂေါမြို့နယ် လယ်ဓမ္မကျေးရွာ သောက်သုံးရေလှူဒါန်းမှု စတင်ရရှိ

**ဂန့်ဂေါ မေ ၂၈**
ဂန့်ဂေါမြို့နယ်၌ ရေရှားပါးပြတ်လပ်သည့် ပုံတောင်၊ ပုံညာဒေသ ကြက်ရိုးကျေးရွာအုပ်စု လယ်ဓမ္မကျေးရွာသို့ မေ ၂၆ ရက်က ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်လင်း ဦးဆောင်သည့်အဖွဲ့က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ပေးပို့လှူဒါန်းရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ နှင့် ဂန့်ဂေါမြို့နယ် ကျောမြို့ အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၈၀၀ တို့ကို လယ်ဓမ္မကျေးရွာ အိမ်ခြေ ၇၂ လုံးရှိ လူဦးရေ ၃၆၀ တို့အတွက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရေပေးဝေရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးသန်းထက်အောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်လွင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲအုပ်ဝင်းနိုင်တို့နှင့်အဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာရှိ သောက်ရေတွင်းမှာ ယခုနှစ်တွင် ရေထွက်နည်းသဖြင့် သောက်သုံးရေပြတ်လပ်ခြင်းဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ သောက်သုံးရေအဆင်ပြေစွာ ရရှိနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ရေတွင်းတူးဖော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## ပွင့်ဖြူမြို့၌ ဓမ္မစကူးလ် ဖွင့်လှစ်

**ပွင့်ဖြူ မေ ၂၈**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့အရှေ့ပိုင်းရပ်ကွက် အောင်သိဒ္ဓိကျောင်းတိုက်တွင် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မေ ၂၆ ရက်က ကျင်းပသည်။ ဆရာတော် ဦးသုစိတ္တမှ ဦးစီးဖွင့်လှစ်ပြီး ကလေးငယ် ၁၀၅ ဦးတက်ရောက်ခဲ့ကြောင်း သိရပြီး သင်တန်းကာလမှာ တစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း ဆရာတော်ထံမှ သိရသည်။

**ခင်မောင်ဌေး(ပွင့်ဖြူ)**

## ကျောင်းသားများ၏ နည်းပညာကျွမ်းကျင်မှုအတွက် ဆမ်ဆောင်းမှ အောက်တိုဘာတွင် ကူညီပေးမည်

**ရန်ကုန် မေ ၂၈**
မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအား ရွေးချယ်ကာ ဆမ်ဆောင်းနည်းပညာကျောင်းမှ Android Mobile Application Development Training ကို တစ်လကြာ သင်ကြားပေးပြီး ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် နည်းပညာနယ်ပယ်၌ အတွေ့အကြုံများရရှိစေရန်၊ နည်းပညာရပ်များ ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်သည့် အလေ့အထရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်း ပညာရှင်များအဖြစ် ရပ်တည်လာနိုင်စေရန် အထောက်အကူပြုကြောင်း ပါဝင်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများထံမှ သိရသည်။

အဆိုပါအစီအစဉ်ကို ၂၀၁၃ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ပြိုင်ပွဲတွင် "Go Go Around" travel application ကို တီထွင်ဖန်တီးခဲ့ပြီး ပထမဆုကို သူငယ်ချင်းများစုစည်းထားသည့် အဖွဲ့နှင့်အတူ ရရှိထားသည့် ကွန်ပျူတာကျောင်းသား မောင်အောင်စည်မင်းထက်က "ပြိုင်ပွဲကနေပြီး အတွေ့အကြုံတွေရသလို ချိတ်ဆက်မှုတွေလည်း ရပါတယ်။ ကျွန်တော်အလုပ်တစ်ဖက်နဲ့ ကျောင်းလည်း ဆက်တက်နေတယ်။ ပြိုင်ပွဲတွေမှာ အမှန်တကယ်ကြိုးစားပြီး ထူးချွန်သူတွေထွက်လာတာမို့ ကျောင်းသားတွေအတွက်လည်း အားတက်ရတယ်"ဟု ပြောပြသည်။

အဆိုပါအစီအစဉ်သည် ကျောင်းသား ကျောင်းသူများကို သုံးဦးတစ်ဖွဲ့နှုန်းဖြင့် တစ်ဖွဲ့လျှင် အက်ပလီကေးရှင်းတစ်ခုစီ တင်သွင်းယှဉ်ပြိုင်စေခြင်းဖြစ်သည်။ အဆိုပါအက်ပလီကေးရှင်းရေးဆွဲနိုင်ရန် စနစ်တကျ သင်ကြားပေးခဲ့ပြီး လူထုအတွက် အမှန်တကယ်လိုအပ်သည့် အက်ပလီကေးရှင်းများကို စံထားရွေးချယ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ဆုရရှိပါက ပထမဆုကို အမေရိကန်ဒေါ်လာ ၂၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၅၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် အခြားဆုများကို ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သိရသည်။

"ပြိုင်ပွဲရော၊ သင်တန်းရော တွဲထားလို့ ပိုပြီးအမြင်ကျယ်သွားတယ်။ ရန်ကုန်တင်မကဘူး ကွန်ပျူတာတက္ကသိုလ်တွေအားလုံး ပါဝင်တာဆိုတော့ ရင်ခုန်ဖို့ ကောင်းပါတယ်။ အက်ပလီကေးရှင်းတစ်ခုတီထွင်ပြီး လူထုအတွက် ဘယ်လိုအသုံးဝင်မလဲ စဉ်းစားပေးပြီး ဆောင်ရွက်ခဲ့ရတယ်။ လူငယ်တွေအားလုံး ပါဝင်သင့်တယ်"ဟု ယမန်နှစ်က ဆုရရှိခဲ့သူ မန္တလေးကွန်ပျူတာတက္ကသိုလ်မှ မောင်ရဲထက်အောင်က ဖြေကြားသည်။

လာမည့် ၂၀၁၆ခုနှစ်အတွက် Samsung Tech Institute ကို အောက်တိုဘာလတွင် ကျင်းပသွားမည်ဖြစ်ခြင်းကြောင့် ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်နေကြကြောင်း သိရသည်။

**သွန်းဝသန်**



# ချန်ပီယံလိဂ်ဗိုလ်နယ်ရောက်ဖို့ မျှော်လင့်တဲ့ မန်စီးတီး

မန်စီးတီးအသင်းအနေနဲ့ ချန်ပီယံလိဂ်ဆီးမီးဖိုင်နယ် ပထမအကျော့မှာ ရီးရဲမက်ဒရစ်ကို ဂိုးမရှိသရေကစားပြီး ဒေးဗစ်ဆေးလ်ဗား ဒဏ်ရာရရှိသွားခဲ့သော်လည်း ဗိုလ်လုပွဲတက်နိုင်တဲ့အခြေအနေရှိကြောင်း နည်းပြပယ်လီဂရီနီက ပြောဆိုလိုက်ပါတယ်။ မန်စီးတီးအသင်းရဲ့ အဓိကအားထားရတဲ့ ကစားသမားတစ်ဦး ဒုတိယအကျော့မှာ ဒဏ်ရာကြောင့် မပါဝင်နိုင်ပေမယ့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မယ်လို့ ယုံကြည်ထားကြောင်း ပယ်လီဂရီနီက ဆိုပါတယ်။ ဒေးဗစ်ဆေးလ်ဗားဟာ ဒုတိယအကျော့မှာ လွဲချော်မှာဖြစ်ပါတယ်။ ပထမအကျော့မှာ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ အကောင်းဆုံးအခွင့်အရေးရခဲ့ပေမယ့် အသုံးချနိုင်ခြင်းမရှိပါဘူး။ တိုက်စစ်မှူး ဂါးရက်ဘေးလ် ပယ်နယ်တီကန်ခွင့်ရခဲ့ပေမယ့် မန်စီးတီးဂိုးသမား လက်စွမ်းပြကာကွယ်ခဲ့တဲ့အတွက် ဂိုးမရှိသရေပွဲနဲ့ အဆုံးသတ်ခဲ့ပါတယ်။ သို့ပေမယ့် ဒီပွဲမှာ စီရော်နယ်ဒို ဒဏ်ရာကြောင့် ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ ဒုတိယအကျော့မှာတော့ ရီးရဲမက်ဒရစ်ကို အနိုင်ကစားဖို့ပြင်ဆင်ထားတယ်လို့ မန်စီးတီးနည်းပြက ဆိုပါတယ်။

# အကောင်းဆုံးခြေစွမ်းနဲ့ ကစားနိုင်သေးတယ်လို့ဆိုတဲ့ အီဘရာဟီမိုဗစ်




ဇလက်တန်အီဘရာဟီမိုဗစ်ဟာ အသက်အရွယ်ရလာပြီဖြစ်ပေမယ့် အမြင့်ဆုံးကစားနိုင်တဲ့ ကစားသမားတစ်ဦးရဲ့ခြေစွမ်းကို ပိုင်ဆိုင်ထားတယ်လို့ ဆွီဒင်နည်းပြ အဲရစ်ဟာရမ်က ယုံကြည်ထားပါတယ်။ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနဲ့အတူ လေးနှစ်ကြာကစားခဲ့တဲ့ အီဘရာဟီမိုဗစ်ဟာ အသင်းကို အောင်မြင်မှုဖလားတွေဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် အသင်းကနေ ထွက်ခွာဖွယ်ရှိနေပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို ပရီမီယာလိဂ်ကလပ်တွေအပါအဝင် ဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့စိတ်ဝင်စားနေကြပါတယ်။ ယခုနှစ်ထဲမှာ အသက် ၃၅ နှစ်ရှိသွားပြီးဖြစ်တဲ့ အီဘရာဟီမိုဗစ်ဟာ လိဂ်ပွဲ ၂၇ ပွဲမှာ ၃၂ ဂိုးအထိ သွင်းယူပေးခဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် ပီအက်စ်ဂျီနဲ့ ယခုနှစ်ရာသီမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ အီဘရာဟီမိုဗစ်ဟာ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်တဲ့ကစားသမားတစ်ဦးဖြစ်လာဖို့ ရှိပါတယ်။ သူဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်လီဂူး-၁ ဖလားကို လေးကြိမ်တိုင် ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ဘွန်ဒက်လီဂါဖလားအတွက် ရှေ့တစ်လှမ်းတိုးမယ့် ဘိုင်ယန်မြူးနစ်



**ဂျာမနီမြေက ဘွန်ဒက်လီဂါပွဲစဉ်(၃၂)ကို မေ ၁၀ ရက်မှာ ကစားဖို့ရှိနေပြီး ရာသီကုန် ပန်းဝင်ချိန်နီးကပ်လာတာနဲ့အမျှ အသင်းတိုင်း ခြေကုန်ဖွင့်ပြီး ယှဉ်ပြိုင်နေကြပြီဖြစ်ပါတယ်။ သုံးနှစ်ဆက်တိုက် ဘွန်ဒက်လီဂါကို ဆွတ်ခူးနိုင်ရေးအတွက် အားထုတ်နေတဲ့ ဘိုင်ယန်မြူးနစ်တို့ကတော့ ပွဲတိုင်းအမှားအယွင်းမခံတော့ဘဲ ပြိုင်ဘက်တိုင်းကို အလေးထားကစားနေတာမို့ ဒီတစ်ပတ်ပွဲစဉ်မှာလည်း နိုင်ပွဲဆက်ဦးမယ့်အနေအထားရှိနေပြန်ပါတယ်။**

### ဘိုင်ယန်မြူးနစ်နှင့်ဂလာဘတ်

ဘိုင်ယန်မြူးနစ်တို့က ဂလာဘတ်နဲ့ဆုံတိုင်း ရှုံးပွဲမရှိခဲ့ပေမယ့် အခုနောက်ဆုံးနှစ်ပွဲကစားခဲ့ရာမှာ နှစ်ပွဲစလုံးရှုံးထားခဲ့တာမို့ ဒီပွဲကို သတိကြီးကြီးထားပြီး ကစားမှရပါလိမ့်မယ်။ လောလောဆယ်မှာတော့ ဘိုင်ယန်မြူးနစ်တို့က ဘွန်ဒက်လီဂါမှာ ငါးပွဲဆက်တိုက်နိုင်ပွဲရရှိနေတာမို့ အခုပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရအောင် ပုံဖော်ပါလိမ့်မယ်။ ဂလာဘတ်တို့ကတော့ ခြေစွမ်းကျဆင်းနေပြီး ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတာမို့ အခုပွဲမှာ ဘိုင်ယန်မြူးနစ်တို့ရဲ့အောင်ပွဲဖြစ်သွားပါလိမ့်မယ်။

### ဒေါ့မွန်နှင့်ဝုဖ်ဘတ်

အခုတလောခြေစွမ်းပြန်ကောင်းလာတဲ့ ဒေါ့မွန်တို့က ဘွန်ဒက်လီဂါမှာ နိုင်ပွဲဆက်ဖို့ ကြိုးစားမှာပါ။ ဝုဖ်ဘတ်တို့ကလည်း အသင်းလိုက်ခြေစွမ်းကောင်းမွန်နေပေမယ့် အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာမို့ ဒေါ့မွန်တို့အကြိုက်ဖြစ်သွားနိုင်ပါတယ်။ ဒေါ့မွန်ရဲ့တိုက်စစ်မှူးတွေက နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ ကိုးဂိုးအထိ သွင်းယူထားပြီး ပေးဂိုးလည်းမရှိတာမို့ ဝုဖ်ဘတ်အတွက် ပွဲကျပ်ပါပဲ။ တန်းစီဇယားကိုဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်ကို ဖိအားပေးနိုင်ဖို့အတွက် အခုပွဲကို ဒေါ့မွန်ဟာ ဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူပါလိမ့်မယ်။

### အော့စ်ဘတ်နှင့်ကိုလုံး

ပြီးခဲ့တဲ့ပွဲစဉ်က ဝုဖ်ဘတ်ကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့လို့ တန်းဆင်းဇုန်နားက ဝေးကွာသွားတဲ့ အော့စ်ဘတ်အတွက် အခုပွဲမှာ ကိုလုံးကို ခက်ခဲစွာ ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမယ့် ကိုလုံးနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် အော့စ်ဘတ်တို့က သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေရရှိထားတာမို့ အခုပွဲမှာ မှတ်တမ်းကောင်းကို အော့စ်ဘတ်တို့ ဆက်လက်ရေးထိုးပါလိမ့်မယ်။

### ဟန်နိုဗာနှင့်ရှော်လ်ကေး

တန်းဆင်းရတော့မယ့် ဟန်နိုဗာအတွက်တော့ ရှော်လ်ကေးတို့ကို ဘယ်လိုအမှတ်ပေးသွားဦးမလဲ ကြည့်ရမှာပါ။ ဒါပေမယ့် ဟန်နိုဗာတို့က ရှော်လ်ကေးနဲ့နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့ရာမှာ ဟန်နိုဗာတို့က နှစ်ပွဲနိုင်ပြီး ရှော်လ်ကေးတို့က သုံးပွဲနိုင်ထားပါတယ်။ ဟန်နိုဗာရဲ့တိုက်စစ်က အားထားလို့မရသလို ခံစစ်ပိုင်းလည်း ဆိုးရွားနေတာမို့ ရှော်လ်ကေးတို့က အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။

### ဟော့ဖန်ဟိမ်းနှင့် အင်ဂိုစတက်

တန်းဆင်းဇုန်ထဲကျဆင်းလုဖြစ်နေတဲ့ ဟော့ဖန်ဟိမ်းတို့ အခုပွဲမှာ အင်ဂိုစတက်ကို ခြေကုန်ထုတ်ကစားပါလိမ့်မယ်။ ဟော့ဖန်ဟိမ်းရဲ့ အိမ်ကွင်းစွမ်းဆောင်မှုက ကောင်းမွန်နေပြီး အမှတ်ရအောင်ကြိုးစားနိုင်တာမို့ အင်ဂိုစတက်တို့ အလွယ်တကူနိုင်ပွဲမရနိုင်ပါဘူး။ အင်ဂိုစတက်ဟာ ခြေစွမ်းကောင်းမွန်ပေမယ့် အဝေးကွင်းရလဒ်က မကောင်းတတ်တာမို့ ဒီပွဲမှာ အိမ်ရှင်ကို ရွေးချယ်အားပေးတာ စိတ်ပျော်ရွှင်မှုပေးပါလိမ့်မယ်။

### လေဗာကူဆင်နှင့် ဟာသာဘာလင်

တန်းစီဇယား တတိယနဲ့ စတုတ္ထနေရာက အသင်းတွေ ထိပ်တိုက်တွေ့တဲ့ပွဲဖြစ်တာမို့ ပရိသတ်အကြိုက်ပွဲစဉ်ဖြစ်လာမှာပါ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုငါးပွဲမှာ လေဗာကူဆင်တို့က လေးပွဲနိုင်ပြီး ဟာသာဘာလင်က တစ်ပွဲသာ နိုင်ထားပါတယ်။ လောလောဆယ်မှာလည်း လေဗာကူဆင်တို့က နိုင်ပွဲဆက်နေပြီး ဟာသာဘာလင်တို့က ရှုံးပွဲဆက်နေတာမို့ တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားပိုကောင်းတဲ့ လေဗာကူဆင်တို့ပဲ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်သွားပါလိမ့်မယ်။

### မိန့်ဇ်နှင့်ဟမ်းဘတ်

အိမ်ကွင်းမှာ ရလဒ်ကောင်းအောင်ကစားတဲ့ မိန့်ဇ်တို့က ဟမ်းဘတ်ကို အကြိတ်အနယ်ကစားရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုငါးပွဲရလဒ်ကိုကြည့်ရင် မိန့်ဇ်တို့က သုံးပွဲနိုင်ပြီး ဟမ်းဘတ်တို့က နှစ်ပွဲနိုင်ထားပါတယ်။ လောလောဆယ်မှာ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ဟမ်းဘတ်တို့အနေနဲ့ တိုက်စစ်ဖွင့်ကစားမယ့် မိန့်ဇ်ကို အနိုင်ရဖို့မလွယ်ပါဘူး။ အိမ်ရှင်တို့ အမှတ်မဆုံးရှုံးနိုင်ပါဘူး။

### ဒမ်စတက်နှင့်ဖရန့်ဖတ်

တန်းဆင်းဇုန်ထဲမှာ နစ်မြုပ်နေတဲ့ ဖရန့်ဖတ်တို့အတွက် ဒမ်စတက်နဲ့ပွဲမှာ အမှတ်ပြည့်ရယူပြီး ရှန်းထဖို့အခွင့်အရေး ရှာပါလိမ့်မယ်။ ဒမ်စတက်တို့က နောက်ဆုံးကစားခဲ့တဲ့ ကိုလုံးနဲ့ပွဲမှာ ဂိုးပြတ်ရှုံးခဲ့ပေမယ့် အခုပွဲအိမ်ကွင်းမှာ နိုင်ပွဲပြန်ရှာဖွေပါလိမ့်မယ်။ ဒမ်စတက်နဲ့ဖရန့်ဖတ်တို့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဖရန့်ဖတ်က သုံးပွဲနိုင်ပြီး ဒမ်စတက်တို့က နှစ်ပွဲနိုင်ထားပါတယ်။ အမှတ်ပြည့်ရဖို့ အပြင်းအထန်ကြိုးစားလာမယ့် ဒမ်စတက်တို့ပဲ အနိုင်ရလဒ်ကို ဆုပ်ကိုင်သွားပါလိမ့်မယ်။

**■ မိုးမြင့်လင်းလက် ■**

# အက်စ်တွန်ဗီလာ နည်းပြသစ်ဖြစ်လာနိုင်တဲ့ နီဂေးလ်ပီယာဆင်

အက်စ်တွန်ဗီလာအသင်းအနေနဲ့ ပရီမီယာလိဂ်မှ တန်းဆင်းရတော့မယ့်အခြေအနေမှာ အသင်းကိုကယ်တင်နိုင်မယ့်နည်းပြ အခက်အခဲကိုကြုံတွေ့နေရဆဲပါ။ အက်စ်တွန်ဗီလာတာဝန်ရှိသူတွေအနေနဲ့ လာမယ့်နည်းပြရာထူးအတွက် နီဂေးလ်ပီယာဆင်နဲ့ ဒုတိယအကြိမ်ဆွေးနွေးနေဆဲဖြစ်ပါတယ်။ လက်စတာနည်းပြဟောင်း ပီယာဆင်အနေနဲ့ အက်စ်တွန်ဗီလာနည်းပြဖြစ်လာဖွယ် ရှိပါတယ်။ လက်ရှိနည်းပြရေမီဂါဒီရဲ့နည်းပြရာထူးကို ဆက်ခံမယ့်သူတွေထဲမှာ မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ်လည်းပါဝင်နေပါတယ်။ ပီယာဆင်နဲ့ဒေးဗစ်မိုယက်စ်တို့နှစ်ဦးစလုံး အက်စ်တွန်ဗီလာရဲ့နည်းပြဖြစ်လာဖို့ ရေပန်းစားနေတာပါ။ ဒေးဗစ်မိုယက်စ်ကတော့ မန်ယူမှာ မအောင်မြင်ခဲ့ပြီးတဲ့နောက် နည်းပြအလုပ်တွေမှာ ရေပန်းစားမှုနည်းခဲ့တာပါ။ လက်စတာနည်းပြဟောင်း ပီယာဆင်ကတော့ ပြီးခဲ့တဲ့နွေရာသီက မစ်ဒယ်ဘရော့ကို ကိုင်တွယ်ခဲ့ပြီးတဲ့နောက် နည်းပြအလုပ်နဲ့အဆက်အသွယ်ပြတ်တောက်နေတာပါ။ ပီယာဆင်ကို ဒုတိယအကြိမ် ဆွေးနွေးနေတာဖြစ်လို့ အက်စ်တွန်ဗီလာရဲ့နည်းပြသစ်ဖြစ်လာဖို့ ရှိနေပါတယ်။

## မြန်အောင်မြို့ပေါ် ရေပြတ်လပ်ခြင်းမရှိ၊ ကျေးရွာ အနည်းငယ်သာ ရေရှားပါး

**မြန်အောင် မေ ၂၈**
မြန်အောင်မြို့နယ်၌ ယခုနှစ် နွေကာလတွင် မြို့ပေါ်ရပ်ကွက်များတွင် ရေပြတ်လပ်မှုမရှိဘဲ ကျေးရွာ အနည်းငယ်သာ ရေရှားပါးမှုကြုံတွေ့နေရကြောင်း သိရှိရသည်။

မေ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သဲဘို့ကျေးရွာအုပ်စု နတ်တောင်ကျေးရွာတွင် ရေရှားပါးမှုဒဏ်ကြုံတွေ့ရသောကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်မီးသတ် ဦးစီးဌာနတို့ ပူးပေါင်းကာ ရေဂါလန် ၁၆၀၀ ဆံ့ ရေဘောက်ဆာကားဖြင့် ရေပေးဝေရေးများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှုလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းက မြန်အောင်မြို့နယ် နတ်တောင်ကျေးရွာတွင် အလှူရှင်များမှ စုပေါင်းလှူဒါန်းထားသည့် ၃၈၀ အနက်ရှိအဝီစိတွင်း ကြောင့် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် ရေထွက်ရှိပြီး ယခုအခါအောက်ရေမလိုက်တော့ကြောင်း၊ ဌာနအနေဖြင့် နတ်တောင်ကျေးရွာ ရေရရှိရေးအတွက် ငွေကျပ်ငါးသိန်းချထားပေးခဲ့ကြောင်း ဖြေကြားသည်။

နတ်တောင်ကျေးရွာနှင့်ပေ ၁၂၀၀ အကွာရှိရေရှိရာ အရင်းအမြစ်တစ်ခုမှ ရေပိုက်သွယ်တန်းပြီး နတ်တောင်ရွာအားရေပေးဝေခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် စီစဉ်ထားရှိပါကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျန်ကျေးရွာများကိုလည်းဌာနအနေဖြင့် ကွင်းဆင်းဆောင်ရွက်ထားပါကြောင်း၊ ရေပြတ်လပ်ခြင်းမရှိဘဲ ရေအထွက်နည်းသဖြင့် အချိန်ပေး၍ရေခပ်နေရခြင်းသာရှိကြောင်း၊ မိမိတို့ဌာနအနေဖြင့် ယခုနှစ်နွေရာသီရေပြတ်လပ်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဦးသိန်းမင်းက ပြောကြားသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့်လည်း မေ ၂၆ ရက်က မြန်အောင်မြို့နယ်ရှိကျေးရွာများတွင် ရေသန့်ဘူးကြီးများနှင့် မီးသတ်ဦးစီးဌာနမှရေဘောက်ဆာ ကားများဖြင့်ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများသွားရောက် လှူဒါန်းခဲ့ကြောင်း မြန်အောင်မြို့မ စခန်းမှူး ဒုရဲမှူး မောင်မောင်ဌေးထံမှ သိရသည်။
**နေဝင်းဇော်(မြန်အောင်)**



## ချင်းတွင်းမြစ်တွင်းသွား ရေယာဉ်များအန္တရာယ်မဖြစ်ပေါ်စေရေး လိုက်နာရန် သတိပေးချက်များထုတ်ပြန်ထား

**မုံရွာ မေ ၂၈**
ချင်းတွင်းမြစ်အတွင်း အစုန်အဆန် သွားလာလျက်ရှိသည့် ရေယာဉ်များအနေဖြင့် ရာသီဥတု ဖောက်ပြန်မှုဖြစ်စဉ်များကြောင့် ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်မှုများနှင့် ကြုံတွေ့ရပါက ရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီမှ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"မုံရွာမြို့ကနေ အထက်ချင်းတွင်းဒေသတွေကို ထွက်ခွာမယ့် လူစီးအမြန်ရေယာဉ်တွေ ကုန်တင်အမြန်ရေယာဉ်တွေ ထွက်ခွာဖို့အတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီရုံးကို လာပြီးသတင်းပို့တဲ့အချိန်မှာ ရာသီဥတုနဲ့ပတ်သက်ပြီး သတိပြုသွားလာကြဖို့၊ ရေဒီယိုက ရာသီဥတုသတင်းတွေကို အဆက်မပြတ်နားထောင်ကြဖို့၊ လေပြင်းတိုက်ခတ်မှုနဲ့ ရုတ်တရက် ကြုံတွေ့ရရင်လည်း ခရီးသည်တွေ အန္တရာယ် ကင်းရှင်းရေးအတွက် နီးစပ်ရာကမ်းစပ်တွေမှာ ဆိုက်ကပ်ကြဖို့ကို သတိပေးမှာကြားပါတယ်။ နောက်ပြီး ခရီးစဉ်မထွက်ခွာမီ စစ်ဆေးတဲ့ စစ်ဆေးရေးအဖွဲ့တွေကိုလည်း ထပ်ဆင့်သတိပေးဖို့ကိုလည်း မှာကြားထားပါတယ်"ဟု မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ချင်းတွင်းမြစ်အတွင်းမှ လူစီးအမြန် ရေယာဉ် ရှစ်သင်းမှ ၁၃၄ စင်းဖြင့်လည်းကောင်း၊ ကုန်တင် ရေယာဉ် ၁၉သင်းမှ ၄၅၂ စင်းဖြင့် ကုန်စည်များနှင့် ခရီးသည်များအား နေ့စဉ် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် လေပြင်းများ မကြာခဏတိုက်ခတ်လျက်ရှိရာ လမ်းခရီးတွင် မလိုလားအပ်သည့် မတော်တဆမှုများ မဖြစ်စေရေးအတွက် သတိပေးချက်များ ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။
**(ဖိုးချမ်း-မုံရွာ)**

## ထန်းခင်းကြီး ကျေးရွာသို့ သောက်သုံးရေ ဂါလန် ၂၀၀၀ ဖြန့်ဝေပေး

**ပုလဲ မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ သောက်သုံးရေ ရှားပါး ပြတ်လပ်မှုကြုံတွေ့နေရသည့် လယ်မွကျေးရွာအုပ်စု ထန်းခင်းကြီးကျေးရွာနေ အိမ်ထောင်စုများအတွက် မေ ၂၅ ရက် နံနက် ၉ နာရီက သောက်သုံးရေ ဂါလန်၂၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိန်းရွှန်းက "ထန်းခင်းကြီးကျေးရွာမှာ မြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်သမဦးစီးဌာနတို့နဲ့ ပူးပေါင်းပြီး ကျေးရွာမှာရှိတဲ့ အိမ်ခြေ ၂၂၇ အိမ်၊ အိမ်ထောင်စု ၂၂၇ စု၊ လူဦးရေ ၁၁၇၄ ဦး အတွက် ရေဂါလန် ၂၀၀၀ကို သွားရောက်ဖြန့်ဝေပေးခြင်း ဖြစ်ပါတယ်။ မြို့နယ်အတွင်းရှိ ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်တဲ့ ကျေးရွာ တွေကိုလည်း ကျွန်တော်တို့ မြို့နယ်သမဝါယမအသင်းစု အနေနဲ့ ဆက်လက်ပြီးတော့ သောက်သုံးရေတွေကို ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပုလဲမြို့နယ် အတွင်းရှိ သောက်သုံးရေ ရှားပါးပြတ်လပ်မှု ဖြစ်ပေါ်ခဲ့သော ကျေးရွာများသို့စေတနာရှင် အလှူရှင်များနှင့် ဌာနဆိုင်ရာများက စုပေါင်းကာ သွားရောက်၍ သောက်သုံးရေများကို နေ့စဉ်နှင့်အမျှ လိုသလောက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။
**မင်းခန့်စိုး(ဇေယျာမြေ)**

## မြိတ်မြို့နယ်အတွင်းရှိ ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေ

**မြိတ် မေ ၂၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် စက်ရေတွင်းများ၊ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှုကြောင့် ရေပြတ်လပ်ကာ ရေရှားပါး၍ အခက်အခဲ ကြုံတွေ့နေရသည့် ကျေးရွာနေပြည်သူများအား မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေ အခက်အခဲမရှိစေရန် သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။



ယင်းသို့ သောက်သုံးရေဖြန့်ဝေပေးရာတွင် မေ ၂၆ ရက်က မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများက ရေဂါလန် ၁၃၀၀ ပါ မီးသတ်ရေသယ်ယာဉ်ဖြင့် တောတန်းကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်၊ လူဦးရေ ၆၈၀ အတွက် သောက်သုံးရေများကို တစ်ခေါက်၊ အရှေ့တောင်ကျေးရွာရှိ အိမ်ခြေ ၆၈၊ လူဦးရေ ၆၂၀ တို့အတွက် သောက်သုံးရေတစ်ခေါက်၊ လက်မဲကျေးရွာရှိ အိမ်ခြေ ၈၀၊ လူဦးရေ ၉၀၀ တို့အတွက် သောက်သုံးရေ တစ်ခေါက်၊ သကန်တောင်ပုကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူဦးရေ ၁၃၀၀ တို့အတွက် သောက်သုံးရေ နှစ်ခေါက်နှင့် ပသောင်းကျေးရွာအုပ်စု တက်လက်ငယ်ကျေးရွာရှိ အိမ်ခြေ ၁၀၄လုံး၊ လူဦးရေ ၅၇၇ဦး တို့အတွက် သောက်သုံးရေ တစ်ခေါက် ဖြန့်ဝေပေးခဲ့ပြီး ယင်းကျေးရွာအတွင်းရှိ ရေကန်များကိုလည်း ရေများဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေရှားပါးသည့် ကျေးရွာများကို သောက်သုံးရေ ဖြန့်ဝေပေးခြင်းလုပ်ငန်းကို မတ် ၁၅ ရက်မှစတင်၍ မေ ၂၂ ရက်အထိ အင်္ဂမော်ကျေးရွာအုပ်စု ရင်းတောင် ကျေးရွာရှိ အိမ်ခြေ ၇၀၊ လူဦးရေ ၃၂၈ ဦးတို့အတွက် သောက်သုံးရေ ၄၉၀၀ ဂါလန်နှင့် ရေသန့်ဘူး ၁၅၃၈ ဘူး၊ စန္ဒဝတ်ကျေးရွာအုပ်စု ချမ်းမြေ့သာရီရပ်ကွက် အိမ်ခြေ ၃၀၀၊ လူဦးရေ ၁၄၄၆ ဦးတို့ အတွက် သောက်သုံးရေ ၃၆၀၀ ဂါလန်၊ စန္ဒဝတ် ကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာရှိ အိမ်ခြေ ၃၂၇၊ လူဦးရေ ၁၈၂၇ ဦးတို့အတွက် သောက်သုံးရေ ၈၉၀၀ ဂါလန်၊ ပသောင်း ကျေးရွာအုပ်စု တက်လက်ငယ်ကျေးရွာရှိ အိမ်ခြေ ၁၀၄၊ လူဦးရေ ၅၇၇ ဦးတို့အတွက် သောက်သုံးရေ ၂၄၀၀ ဂါလန်၊ မဇောကျေးရွာအုပ်စု တောတန်းကျေးရွာရှိ အိမ်ခြေ ၇၄၊ လူဦးရေ ၂၄၀ တို့အတွက် သောက်သုံးရေ ၂၄၀၀ ဂါလန်နှင့် စန္ဒဝတ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၅၀၀ အတွက် သောက်သုံးရေ ၃၁၀၀ ဂါလန်၊ စုစုပေါင်းရေဂါလန် ၂၅၃၀၀ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးနှင့် မဇောကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ပြီး သဘာဝရေအရင်းအမြစ် ရရှိနိုင်မည့် နေရာများကို သွားရောက်ကြည့်ရှုပြီး ရေရရှိရေး စီမံဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။
**မြင့်ဦး(မြိတ်)**

## သောက်သုံးရေနှင့် စက်သုံးဆီများ ထောက်ပံ့

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘန့်ဘားကျေးရွာအုပ်စု လက်ဖက်တောင်ကျေးရွာအုပ်စုနှင့် မဲပေါက်ကျေးရွာအုပ်စုများသို့ မေ ၂၇ ရက် နံနက်က သောက်သုံးရေနှင့် စက်သုံးဆီများကို သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာများသည် ပျဉ်းမနားမြို့နှင့် မိုင် ၄၀ ခန့် ဝေးပြီး တောင်ပေါ်ဒေသဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒက္ခိဏခရိုင်ဦးစီးမှူး ဦးစိုးလင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးခဲ့သည်။
**(ခရိုင်ပြန်/ဆက်)**

# ဆေးပညာသတင်းဆန်းများ(၁၃၁)

**ဆောင်းပါး - ဒေါက်တာကံညွန့်**



ယခုစတင်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အမျိုးသမီးတွေအတွက် ကာမအားတိုးဆေးအဖြစ် USFDA က လွန်ခဲ့တဲ့နှစ် ဩဂုတ်လက အသိအမှတ်ပြုလိုက်တဲ့ဆေးဟာ မျှော်လင့်ထားသလို ထင်တိုင်းမပေါက် ဖြစ်နေတယ်ဆိုတဲ့ သတင်းပါ။ ဒီဆေးကတော့ ADDYI လို့ အမည်ပေးထားတဲ့ Flibanserin ဆေးပဲဖြစ်ပါတယ်။ ဒီဆေးကို SPROUT ဆေးကုမ္ပဏီက ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီဆေးပေါ်လာစတော့ HSDD လို့ အတိုကောက်ခေါ်တဲ့ Hypoactive Sexual Desire Disorder ကာမရာဂဆန္ဒအားနည်းတဲ့ အမျိုးသမီးတွေအတွက် အားတက်စရာဆေးကောင်းတစ်ခုပေါ်ပေါက်လာပြီ။ ယခင်ကတော့ ယောကျ်ားတွေအတွက်သာ ရှိနေတာဆိုပြီး အမျိုးသမီး ပရိသတ်အတွက်ပါ ဝမ်းသာစရာ သတင်းထူးဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဒီဆေးကို သုံးစွဲပြီးကြတဲ့အခါ တချို့မှာ အဆင်ပြေကြပေမယ့် တချို့အဆင်မပြေနိုင်ဖြစ်ရတာကို တွေ့ရတယ်လို့ သမားတော်ကြီးတွေ၊ သားဖွားမီးယပ်ဆရာဝန်ကြီးတွေနှင့် စိတ်ရောဂါဆရာဝန်တွေထံကို ရောက်လာတဲ့ သတင်းတွေအရ သိရပါတယ်။ ဒီဆေးဟာ နေ့စဉ်ရက်သတ္တရှစ်ပတ်ကြာ နှစ်လခန့် ဆက်တိုက်သောက်ရပြီး အရက်သောက်ထားသူတွေနဲ့ အဆင်မပြေဖြစ်ကာ ဘေးထွက်ဆိုးကျိုးအဖြစ် သွေးပေါင်ကျခြင်း၊ သတိလစ်ခြင်းအထိ ဖြစ်နိုင်တာကြောင့် ဒီဆေးအသုံးပြုနေချိန်မှာ အရက်အလွန်အကျွံမသောက်ဖို့ သတိပေးဖို့လိုကြောင်းလည်း ထောက်ပြထားပါတယ်။ စိတ်ရောဂါဆရာဝန်တချို့ကတော့ မိမိစိတ်ဝင်စားမှုမရှိတဲ့ ယောကျ်ားတစ်ဦးနှင့် လိင်ဆက်ဆံဖို့ အခက်အခဲကို ဒီဆေးက ဘယ်လိုမှမစွမ်းဆောင်နိုင်ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ နှလုံးရောဂါတစ်မျိုး ခံစားနေရသူတွေအတွက် ဝမ်းသာစရာသတင်းပါ။ ဒီနှလုံးရောဂါတစ်မျိုးဖြစ်တဲ့ Aortic Valve Stenosis နှလုံးထဲက Aortic အဆို့ရှင်ကျဉ်းနေတဲ့ ရောဂါပါ။ ဒီရောဂါမျိုးခံစားနေရသူတွေကို ယခင်က open surgery ခေါ် ရင်ဘတ်ကိုဖွင့်ပြီး ကုသတဲ့နည်းကိုသာ အသုံးပြုခဲ့ရတာပါ။ ယခုပေါ်လာတဲ့နည်းသစ်အရ ဒီလိုရင်ဖွင့်ခွဲစိတ်ကုသစရာမလိုတော့ဘဲ သွေးကြောထဲကတစ်ဆင့် ထိုးသွင်းကုသနိုင်ပြီလို့ဆိုပါတယ်။ ဒီနည်းက TAVR (Transcathater Aortic Valve Replacement) လို့ ခေါ်ပြီး SAPIEN3 ခေါ်တဲ့ Valve တစ်ခုကို အစားထိုးကုသပေးတာလို့ဆိုပါတယ်။ ဒီကုသနည်းကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့မှာ ကျင်းပတဲ့ American College of Cardiology Meeting မှ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီနည်းကို တီထွင်နိုင်ခဲ့သူကတော့ Emory University School of Medicine က ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီနည်းပေါ်လာတာဟာ ရင်ဘတ်ကိုဖွင့်ပြီး ခွဲစိတ်ခံရန်မသင့်တော်တဲ့ လူနာတွေအတွက် ကုထုံးတစ်ခု အသုံးဝင်လာမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ထပ်မံဖော်ပြလိုတဲ့ သတင်းကတော့ Organ Transplant ခေါ်တဲ့ အစားထိုးကုသမှုသတင်းပါ။ ကိုယ်ခန္ဓာမှာ အသက်ရှင်ဖို့ အရေးကြီးတဲ့ ကျောက်ကပ်၊ အသည်း၊ နှလုံး၊ အဆုတ်စတဲ့ Organ တွေဟာ ပုံမှန်လုပ်ငန်းမဆောင်ရွက်နိုင်အောင် ပျက်စီးလာပြီဆိုရင် အစားထိုးကုသမှုပြုလုပ်ဖို့ လိုအပ်ပါတယ်။ ကမ္ဘာတစ်လွှား အစားထိုးကုသမှုခံယူဖို့ စောင့်ဆိုင်းနေရတဲ့ လူနာတွေဟာ သန်းနှင့်ချီပြီး ရှိနေပါတယ်။ ဥပမာ အိန္ဒိယနိုင်ငံတစ်ခုထဲမှာကို ကျောက်ကပ်အစားထိုးကုသမှုခံယူဖို့ စောင့်ဆိုင်းနေသူ တစ်သိန်းငါးသောင်းကျော်ရှိတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ကျောက်ကပ်လှူဒါန်းပြီး အစားထိုးကုသမှုပြုနိုင်ခဲ့သူတစ်နှစ်မှ ငါးထောင်ခန့်သာရှိတယ်။ နောက်ပြီး တစ်နှစ်တစ်နှစ်မှာ ကျောက်ကပ်အစားထိုးခံသင့်တဲ့ ဝေဒနာရှင်ကလည်း ၁၀ မှ ၂၅ ရာနှုန်းထိ တိုးနေတယ်လို့ ဆိုပါတယ်။

**ကမ္ဘာတစ်လွှား ခန္ဓာကိုယ်အစားထိုးကုသဖို့ လှူဒါန်းရာမှာ စပိန်နိုင်ငံက အများဆုံးဖြစ်ပြီး လူတစ်သန်းမှာ ၃၅ ဒသမ ၁ ဦး လှူဒါန်းတယ်လို့ဆိုပါတယ်။ ဒါဟာ သေဆုံးပြီး လှူဒါန်းသူပါ။ မသေဆုံးခင် လှူဒါန်းရာမှာတော့ တူရကီနိုင်ငံက ထိပ်ဆုံးကဖြစ်ပြီး လူတစ်သန်းမှာ ၄၄ ဒသမ ၆ ယောက်လှူဒါန်းခဲ့တာဖြစ်ပါတယ်**

ဒီလိုအစားထိုးကုသမှုအမျိုးမျိုးကို ကုသနိုင်ဖို့ သေဆုံးပြီးစလူနာ၊ သေဆုံးခါနီးလူနာ၊ ဒါမှမဟုတ် ကျောက်ကပ်တစ်ဖက်ကို လှူဒါန်းနိုင်သူတို့ထံက ရရှိမှသာ ကုသမှု ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။

ကမ္ဘာတစ်လွှား ခန္ဓာကိုယ်အစားထိုးကုသဖို့ လှူဒါန်းရာမှာ စပိန်နိုင်ငံက အများဆုံးဖြစ်ပြီး လူတစ်သန်းမှာ ၃၅ ဒသမ ၁ ဦး လှူဒါန်းတယ်လို့ဆိုပါတယ်။ ဒါဟာ သေဆုံးပြီး လှူဒါန်းသူပါ။ မသေဆုံးခင် လှူဒါန်းရာမှာတော့ တူရကီနိုင်ငံက ထိပ်ဆုံးကဖြစ်ပြီး လူတစ်သန်းမှာ ၄၄ ဒသမ ၆ ယောက်လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် စာရင်းအရ ကျောက်ကပ်အစားထိုးကုသမှုအများဆုံးမှာ ခရိုအေးရှား၊ ပြင်သစ်နှင့် စပိန်နိုင်ငံတွေကဖြစ်ကြောင်း Internaitonal Registry in Organ Donation and Transplantation (IRODT) မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အမှတ်(၁) ဆီးချိုရောဂါရှင်များနှင့်ဆိုင်တဲ့ သတင်းတစ်ပုဒ်ပါ။ အမှတ်(၁)ဆီးချို အမျိုးအစားခံနေရသူများဟာ ကြာလာတဲ့အခါ အတက်ရောဂါ (Epilepsy) ဖြစ်နိုင်ချေသာမန်လူတွေထက် သုံးဆခန့် ပိုများနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီအကြောင်းလေ့လာခဲ့သူတွေကတော့ ထိုင်ဝမ် China Medical University Children Hospital Taiwan က ဆေးပညာရှင်တွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ Type (1) ဆီးချိုရောဂါရှင် ၂၅၆၈ ဦးတို့ လေ့လာသုတေသနပြုခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ ဒီဝေဒနာရှင်တွေမှာ သာမန်လူတွေထက် အတက်ရောဂါရှိဖို့ ၂ ဒသမ ၈၄ ဆ ပိုများနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ ဒီဆီးချိုဝေဒနာရှင်တွေမှာ အချိုဓာတ် (Glucose) အတက်အကျရှိနေခြင်းဟာ ဦးနှောက်ရဲ့ Metabolism ကို ပြောင်းလဲစေပြီး ဦးနှောက်မှာရှိတဲ့ Neuroral Network ကို အနှောင့်အယှက်ပေးတာကြောင့် ဖြစ်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ ကလေးတွေနှင့်ဆိုင်ပါတယ်။ ကလေးမိဘတွေဟာ ကိုယ့်ကလေး အဝလွန်ပြဿနာရှိနိုင် မရှိနိုင်ကို ခန့်မှန်းနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Cincinnati Childern Hospital က ဆေးပညာရှင်တစ်စုက လေ့လာခဲ့ကြတာဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ ကလေးနှစ်နှစ်အောက်အရွယ်ထိ BMI ခေါ်တဲ့ Body Mass Index ဟာ တိုင်းတာစရာမလိုဘူးလို့ အများယူဆထားကြတာပါ။ ဒါပေမယ့် သူတို့ဟာ ကလေး ခြောက်လ၊ ၁၂လ၊ ၁၈လနှင့် ခြောက်လတစ်ခါစီ ကလေးခုနစ်နှစ်အရွယ်ထိ မှတ်တမ်းယူခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုယူပြီး လေ့လာခဲ့ရာမှာ အဝလွန်ပြဿနာရှိနိုင်မယ့်ကလေးကို ခန့်မှန်းနိုင်ခဲ့ပြီလို့ဆိုပါတယ်။ လူကြီးအရွယ်ထိ ဒီပြဿနာရှိနိုင်မလားဆိုတာကိုတော့ ထပ်မံ လေ့လာရဦးမယ်လို့ဆိုပါတယ်။ ဒါပေမယ့် ယခုလေ့လာချက်အရ သေချာပြောနိုင်တာကတော့ ကလေးခြောက်လ အရွယ်ကစပြီး BMI ဆက်တိုက်များလာတဲ့ကလေးဟာ ကလေးခုနစ်နှစ်အရွယ်လောက်မှာ အဝလွန်ပြဿနာရှိနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကလေးတိုင်းခြောက်လတစ်ခါ BMI မှတ်တမ်းထားရှိခြင်းဟာ အကျိုးမယုတ်နိုင်ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းက Medical Tourism ခေါ်တဲ့ ဆေးကုသဖို့ ခရီးသွားလာခြင်း သတင်းတစ်ခုပါ။ ထိုင်းနိုင်ငံက Medical Tourism လုပ်ငန်းဟာ အရှေ့တောင်အာရှမှာ ထိပ်တန်းရောက်နေတဲ့နိုင်ငံတစ်ခုပါ။ ဒီလုပ်ငန်းကရတဲ့ ဝင်ငွေဟာ တစ်နိုင်ငံလုံးရတဲ့ဝင်ငွေ GDP ရဲ့ ၁၀ရာခိုင်နှုန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသည်တွေလည်း အများအပြားလာရောက်တဲ့နိုင်ငံတစ်ခုပါ။ ၂၀၁၄ ခုနှစ်က စာရင်းအရ ကမ္ဘာလှည့်ခရီးသည် ၂၄ ဒသမ ၈ သန်းရှိခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတော့ ၂၈ သန်းရှိခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၀၅ ခုနှစ်က ထိုင်းနိုင်ငံက ပုဂ္ဂလိကဆေးရုံတွေမှာ လာရောက်ကုသကြတဲ့ နိုင်ငံတကာမှ လူနာပေါင်း ၂ ဒသမ ၈ သန်းရှိခဲ့ပြီး ဝင်ငွေ USD သုံးဘီလီယံခန့် ရရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ထိုင်းနိုင်ငံမှာ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာဖြစ်ခဲ့တဲ့ ဗန်ကောက်မြို့လယ်က Erawan ဘုရားကျောင်းဗုံးဖောက်ခွဲခံရမှုကြောင့် တစ်နေ့မှာ လူပေါင်း ရှစ်သောင်းခန့် နေ့စဉ်လာရောက်နေရာက ငါးသောင်း ကိုးထောင်အထိ ကျဆင်းသွားရတယ်လို့ ဆိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး Medical Tourism လုပ်ငန်းမှာ ကျဆင်းခဲ့ရတယ်လို့ဆိုပါတယ်။ တိုင်းပြည်သာယာအေးချမ်းရေးနှင့် အစိုးရတည်ငြိမ်ရေးဟာ ဆေးကုသမှုလုပ်ငန်းမှာပါ သက်ရောက်မှုရှိနိုင်တယ်ဆိုတဲ့ International Medical Tourism Journal IMTI ရဲ့ ဖော်ပြချက်ကို သတင်းတစ်ခု အနေဖြင့် ရှာဖွေတင်ပြလိုက်ရပါတယ်။ ။

## မြောင်းမြခရိုင်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများတွေ့ဆုံ

**မြောင်းမြ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ တွေ့ဆုံ မိတ်ဆက်ပွဲကို မေ ၂၆ ရက်နေ့ ညနေ ၃ နာရီက မြောင်းမြမြို့၊ မြရွှေဝါခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့် အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့ အသီးသီး မိတ်ဆက်စကားပြောကြားခဲ့ကြကာ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများကလည်း ပြန်လည်မိတ်ဆက်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံ မိတ်ဆက်ပွဲသို့ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ၊ အိမ်မဲ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်သန္တာ၊ မြောင်းမြမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ အိမ်မဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်မြင့်နှင့် ဒေါ်ရီရီထွန်း၊ မြောင်းမြခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ နွေရာသီ ရေရှားပါးချိန် သောက်သုံးရေရရှိရေး၊ ရာသီဥတုဖောက်ပြန်မှုများအတွက် သဘာဝဘေးဒဏ် ကာကွယ်ရေးစသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်မှုများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အောင်မင်း**



**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် အောင်လံမြို့ ဈေးကုန်းရပ်ကွက်ဘုန်းကြီးကျောင်း လမ်းပေါ်တွင် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်အရန် မီးသတ်တပ်ဖွဲ့ဝင်များ မေ ၂၆ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့စဉ်။** မိုးကိုကို-အောင်လံ



# မြို့နယ်အဆင့် သူငယ်တန်း ဆင့်ပွားသင်တန်းဖွင့်

**ဆိပ်ဖြူ ဧပြီ ၂၈**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပညာရေးဝန်ကြီးဌာနမှ သူငယ်တန်း Kindergarten (KG) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက အထက ဆိပ်ဖြူတွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေးက သင်တန်းဆိုင်ရာ အချက်လက်များ၊ သင်တန်းတက်ရောက်သည့် သင်တန်းသား ဆရာ ဆရာမများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ကလေးငယ်များ၏ ဖွံ့ဖြိုးမှုနယ်ပယ်ငါးခုကို အခြေခံ၍ ကလေးငယ်များကိုယ်တိုင် အမှန်အမှားခွဲခြားနိုင်ခြင်း၊ ကလေးငယ်များ တွေ့ကြုံလာရသည့် အခက်အခဲ ပြဿနာများကို ဖြေရှင်းတတ်လာစေရန် ပညာရေး၏ အခြေခံအကျဆုံးဖြစ်သည့် သူငယ်တန်း Kindergarten (KG) ပြုစုပျိုးထောင်ပေးရန် စသောရည်ရွယ်ချက်တို့ဖြင့် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး အဆိုပါ ဆင့်ပွားသင်တန်းကို မြို့နယ်အတွင်းမှ မူလတန်းအဆင့် ကျောင်းပေါင်း ၁၃၀ မှ ဆရာ ဆရာမ ၂၆၀ သင်တန်းတက်ရောက်ခဲ့ပြီး နည်းပြ ဆရာ ဆရာမ ၁၄ ဦးတို့က ဧပြီ ၂၆ ရက်မှ မေ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# စွန့်ဦးတီထွင်သူများအတွက် အကြံဉာဏ်ကောင်းများရရှိမည့် နိုင်ငံတကာအစီအစဉ်သစ် တယ်လီနောစတင်

**ရန်ကုန် ဧပြီ ၂၈**
တယ်လီနောမြန်မာလီမိတက်မှ ပထမဆုံးအကြိမ်အဖြစ် စွန့်ဦးတီထွင်အဖွဲ့နှစ်ခုအား ရွေးချယ်ကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် စီးပွားရေးအကြံပေးနှီးနှောဖလှယ်ပွဲသို့ စေလွှတ်မည်ဖြစ်ပြီး ယင်းနှစ်ဖွဲ့အတွက် ၎င်းတို့၏ စီးပွားရေးအကြံဉာဏ်များကို အကောင်အထည်ဖော်ရန် အမေရိကန်ဒေါ်လာငါးသောင်းအထိ ပံ့ပိုးမှုရရှိမည့် အစီအစဉ်များပါဝင်ကြောင်း သိရသည်။

တယ်လီနော၏ Telenor Accelerate အစီအစဉ်အတွက် ‘MyanZen’ နှင့် ‘GoP’ အဖွဲ့တို့ကို ရွေးချယ်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ အခြားစွန့်ဦးစီးပွားရေးသမားများအဖွဲ့များနှင့်အတူ Bootcamp ကို တက်ရောက်ကြရမည်ဖြစ်သည်။

‘MyanZen’ သည် အသုံးပြုသူများအနေဖြင့် ပစ္စည်းမျိုးစုံကို နေရာမရွေး အချိန်တိုင်း ရောင်းဝယ်နိုင်ရန် ရည်ရွယ်ထားသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ‘GoP’ မှာ ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းများအကြား ပေါင်းကူးပေးရန် ရည်မှန်းထားသည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

Telenor Accelerate အစီအစဉ်အတွက် အဖွဲ့ပေါင်း ၃၉ ခုက လျှောက်လွှာ တင်သွင်းခဲ့ပြီး ယင်းအနက် အဖွဲ့ ၁၀ ဖွဲ့ကို ဆန်ခါတင်ရွေးချယ်ခဲ့ကာ အဖွဲ့ဝင် ငါးဦးပါ အကဲဖြတ်အဖွဲ့က ဆန်ခါတင်ရွေးချယ်ခံရသော အဖွဲ့များ၏ လုပ်ငန်းအစီအမံများကို အကဲဖြတ်ရွေးချယ်ထားကြောင်း သိရသည်။

အရွေးချယ်ခံရသော အဖွဲ့များသည် လေးလကြာမြင့်မည့် Bootcamp တွင် Silicon Valley ကျွမ်းကျင်ပညာရှင်များ၏ အလုပ်ရုံဆွေးနွေးပွဲများ၊ ဒေသတွင်းမှ အရည်အချင်းပြည့်ဝပြီး အောင်မြင်နေသည့် startup စွန့်ဦးတီထွင်သူများက တစ်ဦးချင်းစီ လမ်းပြ ညွှန်ကြားပေးမည့် အတွေ့အကြုံများ ရရှိမည့်အပြင် ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းရှိ အကျိုးတူ ရင်းနှီးမြှုပ်နှံလိုသူများအား တင်ပြဆွေးနွေးနိုင်မည့် အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း သိရပြီး ယင်းတို့၏ စီးပွားရေးလုပ်ငန်းအကြံဉာဏ်များကို အကောင်အထည်ဖော်ရန် အမေရိကန်ဒေါ်လာ ငါးသောင်းအထိ ပံ့ပိုးမှုကိုလည်း ရရှိမည်ဖြစ်သည်။

“jrefrm startup စွန့်ဦးတီထွင်လိုသူတွေအနေနဲ့ သူတို့ရဲ့ အလားအလာတွေကို အကောင်အထည်ဖော်ဆောင်နိုင်စေဖို့ လုပ်ငန်းခွဲထွင်နိုင်စေဖို့ အထောက်အကူပြုနိုင်အောင် Telenor Accelerate ကို မြန်မာနိုင်ငံမှာ ဆောင်ရွက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ထူးချွန်တဲ့ startup တွေ အများအပြားရှိနေပြီး သင့်လျော်တဲ့ အထောက်အပံ့၊ အကြံဉာဏ်တွေကို တိုးတက်အကောင်အထည်ဖော်ဖို့နဲ့ စီးပွားဖြစ်ဆောင်ရွက်ဖို့အတွက် အခွင့်အရေးတွေသာ ရရှိကြမယ်ဆိုရင် သူတို့တွေမှာ ခိုင်မာတဲ့ အနာဂတ်အလားအလာရှိကြတယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ အခုရွေးချယ်ခံရတဲ့ အဖွဲ့ နှစ်ဖွဲ့သည်လည်း ရရှိမယ့် အခွင့်အလမ်းတွေကို အမိအရ ဆုပ်ကိုင်နိုင်ကြမယ်လို့ ယုံကြည်ထားပါတယ်”ဟု တယ်လီနော်မြန်မာ၏ နည်းဗျူဟာချမှတ်မှုဆိုင်ရာ အရာရှိချုပ် Ronny-Bakke Naevdal က ပြောကြားသည်။

**သွန်းဝသန်**



# ကျွန်းစုမြို့နယ် နဝရတ်ရေအိုင်အနီးတောင်ပေါ်၌ သစ်ပင်မီးရှို့ခြင်းအား ဒေသခံပြည်သူများစိုးရိမ်

**ကျွန်းစု ဧပြီ ၂၈**
ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာ နဝရတ်ရေအိုင်အနီးတောင်ပေါ်တွင် သစ်တော သစ်ပင်များခုတ်ထွင် မီးရှို့နေလျက်ရှိနေမှုအပေါ် ဒေသခံပြည်သူများမှ စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

နွေရာသီကျရောက်ချိန် ရာသီဥတုပူပြင်းကာ ရေအရင်းအမြစ်များရှားပါးလျက်ရှိချိန်တွင် ယခုကဲ့သို့ သစ်တော၊ သစ်ပင်ခုတ်ထွင်နေခြင်းကို စိုးရိမ်မိကြောင်း ဒေသခံတစ်ဦးကပြောကြားသည်။ နဝရတ်ရေအိုင်သည် ကျွန်းစုမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများအား အသေးစားရေအားလျှပ်စစ်ထုတ်စက်ရုံမှတစ်ဆင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနေလျက်ရှိသည်။

အဆိုပါရေအိုင်မှတစ်ဆင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျွန်းစုမြို့ပေါ်ရပ်ကွက်များတွင် ရေရရှိရေးကိုလည်း ဂျပန်နိုင်ငံမှ (JICA) အကူအညီဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်အထောက်အကူပြုကော်မတီများထံမှ သိရသည်။ ထို့ကြောင့် ရေအိုင်နှင့်အနီးတစ်ဝိုက်များကို သစ်ပင်များခုတ်ထွင်ခြင်းမပြုရန် ဒေသအာဏာပိုင်များက သတိပေးညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ရာ ယခုလို သစ်ပင်များခုတ်ထွင်မီးရှို့နေမှုကြောင့် သဘာဝရေအရင်းအမြစ်များ ထိခိုက်ဆုံးရှုံးလာနိုင်မှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးသင့်ကြောင်းလည်း ကျွန်းစုမြို့အမှတ်(၁)ရပ်ကွက်နေ ပြည်သူတစ်ဦးကပြော ကြားသည်။

**ရန်နိုင် (ကျွန်းစု ပြန်/ဆက်)**

# ပေါက်မြို့နယ်အတွင်း သောက်သုံးရေဖြန့်ဝေမှု မေ ၆ ရက်အထိ ဆောင်ရွက်မည်

**ပေါက် ဧပြီ ၂၈**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အတွင်းမှ ရေရှားပါးပြတ်လပ်နေသော ကျေးရွာများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၏ အစီအစဉ်ဖြင့် ပေါက်မြို့နယ်လမ်းဦးစီးဌာနက သောက်သုံးရေများကို ဧပြီ ၂၃ ရက်က စတင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်ရေပေးဝေရေးကြီးကြပ်မှုကော်မတီအဖွဲ့နှင့် လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ လမ်းဦးစီးဌာနမှ ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သက္ကယ်ချောင်း ကျေးရွာသို့ ရေဂါလန် ၈၀၀ ကိုလည်းကောင်း၊ သပြေရွာနှင့် စမ်းဖုန်းချောင်းကျေးရွာသို့ ရေဂါလန် ၈၀၀၀ ကိုလည်းကောင်း၊ မြောက်ကပိုင်ကျေးရွာသို့ ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း ဖြန့်ဝေပေးလျက်ရှိရာ ဆက်လက်၍လည်း မြို့နယ်အတွင်းရှိ ရေရှားပါးနေသောကျေးရွာများသို့ သောက်သုံးရေများကို လမ်းဦးစီးဌာနအနေဖြင့် မေ ၆ ရက်အထိ နေ့စဉ် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# ရွှေဘိုခရိုင်၌ လေဘေးသင့် အိမ်ထောင်စုပေါင်း ၃၂၅၆ စုအတွက် ပစ္စည်းများထောက်ပံ့ပေးအပ်

**ခင်ဦး ဧပြီ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးသီးများရွာချခဲ့သဖြင့် ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကျေးရွာပေါင်း ၄၈ ရွာ၊ အိမ်ထောင်စုပေါင်း ၃၂၅၆ စု ထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါ လေဘေးသင့် အိမ်ထောင်စုပေါင်း ၃၂၅၆ စုအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သော အိမ်ထောင်စုတစ်စုလျှင် ပစ္စည်းအစုံ ၁၄ မျိုးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဧပြီ ၂၆ ရက်က စနစ်တကျထုတ်ပေးလျက်ရှိရာ စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၉၁ သိန်းကျော်ရှိကြောင်း သိရသည်။

ပစ္စည်းများထုတ်ယူရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာရေးများက လာရောက်ထုတ်ယူပြီး သက်ဆိုင်ရာ အိမ်ထောင်စုများကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# မိုးသီးကြွေကျပျက်စီးသွားသော အိမ်ထောင်စုများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုမှ ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်း

**ကောလင်း ဧပြီ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လာကာအုပ်စုအတွင်းရှိ လာကာ၊ ဗောဓိကုန်း၊ ချီယားပင်၊ ဇီးဖြူကျင်း၊ ဘုရားကုန်းကျေးရွာတို့၌ ဧပြီ ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်း၍ မိုးသီးများကြွေကျမှုကြောင့် နေအိမ် ၄၄၇ အိမ်အမိုးများ ပေါက်ပြဲပျက်စီးခဲ့သည်။ ယင်းကျေးရွာများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့်အဖွဲ့တို့သည် ဧပြီ ၂၆ ရက်တွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီးနောက် ပျက်စီးခဲ့သော အိမ်ထောင်စုများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုမှ ၆ ပေ သွပ် ၈၀၀ ချပ်၊ ၇ ပေသွပ် ၂၀၀ ချပ်၊ ဘိလပ်မြေအိတ် ၃၀၊ သွပ်ရိုက်သံများ အပါအဝင် စုစုပေါင်းတန်ဖိုး ၂၃၈၁၀၀၀ ကျပ်ကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် ဒေသခံပြည်သူများက လက်ခံရယူခဲ့သည်။ ၎င်းအပြင် တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများအား သောက်သုံးရေလှူဒါန်း



**ထားဝယ် ဧပြီ ၂၇**

ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၆ ရက်တွင် လတ်တလော သောက်သုံးရေလိုအပ်မှု ဖြစ်ပေါ်နေသော ကျေးရွာများဖြစ်သည့် ကဒက်ငယ်ဆိပ်ကျေးရွာနှင့် ဝေဒီကျေးရွာတို့သို့ လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများက ရေပေးဝေလှူဒါန်းခဲ့သည်။

လောင်းလုံးမြို့နယ်မှ ကိုးမိုင်ကွာဝေးသော ကဒက်ငယ်ဆိပ်ကျေးရွာသို့ နံနက် ၉ နာရီတွင် ကဒက်ငယ်ဆိပ်ကျေးရွာရှိ အိမ်ထောင်စု ၁၃၈ စု၊ လူဦးရေ ၄၀၃ ဦးအား ရေဂါလန်၁၀၀၀ ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီ လောင်းလုံးမြို့နယ်မှ ခုနစ်မိုင်ကွာဝေးသော ဝေဒီကျေးရွာရှိ အိမ်ထောင်စု ၅၂၂ စု လူဦးရေ ၂၃၂၈ ဦးအား ရေဂါလန် ၁၀၀၀ ကို လည်းကောင်း ကျေးရွာအရောက် ရေသယ်ယာဉ်ဖြင့် ဒုတိယအကြိမ် သွားရောက်လှူဒါန်းသည်။

ထိုသို့ ရေပေးဝေလှူဒါန်းမှုများကြောင့် ကျေးရွာနေပြည်သူများ သောက်သုံးရေ ပြတ်လပ်နေမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေကြောင်းနှင့်လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်သင်ကြား

**မြိတ် ဧပြီ ၂၈**

အနာဂတ်မျိုးဆက်သစ်လူငယ်များ မြန်မာ့ပထဝီအနေအထားနှင့် မြန်မာ့ရေပိုင်နက်၊ လေပိုင်နက်ကို ထိန်းသိမ်းကာကွယ်မှုဆိုင်ရာဘာသာရပ်များသိရှိနားလည်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် အနာဂတ်သားကောင်းလူငယ်များ ဖြစ်လာစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် တနင်္သာရီ ရေတပ်စခန်းဌာနချုပ်မှ ရေကြောင်းလူငယ်အခြေခံသင်တန်း(၁/၂၀၁၆)နှင့် ရေကြောင်း လူငယ်တန်းမြင့်သင်တန်း (၁/၂၀၁၆)ကို မြိတ်မြို့ အထက (၆) အုန်းတောကျောင်းတွင်လည်းကောင်း၊ မြိတ်လေတပ်စခန်း ဌာနချုပ်မှ အခြေခံလေကြောင်းလူငယ်သင်တန်း(၁/၂၀၁၆)ကို မြိတ်လေတပ်စခန်းဌာနချုပ်တွင်လည်းကောင်း ဧပြီ ၂၅ရက်မှစတင်၍ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။





အဆိုပါရေကြောင်းလူငယ်အခြေခံသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၄ ဦး၊ ရေကြောင်း လူငယ်တန်းမြင့်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၆ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းတွင် လက်နက်ငယ် စစ်ရေးပြဘာသာရပ်၊ ရေကူး၊ အခြေခံရေတပ်သားဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာ အလံအချက်ပြဆက်သွယ်နည်း၊ ရေယာဉ်ကိုင်တွယ်မောင်းနှင်ခြင်း၊ လှေလှော်သင်ခန်းစာ၊ ဒီရေအတက်အကျသင်ခန်းစာ၊ ရေကြောင်းဝေါဟာရများ၊ GPS အသုံးပြု၍ ရေကြောင်း သွားလာရေးဘာသာရပ်၊ ကြိုးချည်ကြိုးထုံး၊ ကမ္ဘာ့မြေပြင်ဆိုင်ရာသိကောင်းစရာများ စသည်တို့ကို သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်း (၁/၂၀၁၆) တွင် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းတွင် အခြေခံစစ်ပညာ လက်နက်မဲ့သင်တန်း၊ လေကြောင်းသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံ၊ လေယာဉ်ကိုယ်ထည်တည်ဆောက်မှု၊ လေယာဉ်စက်အုံ တည်ဆောက်မှု၊ လေယာဉ်တင်တည်ဆောက်မှုတို့ကို သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းကာလလေးပတ်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# လယ်ယာမြေလျော်ကြေးငွေများ မှန်ကန်တိကျစေရေးအတွက် ညှိနှိုင်းဆောင်ရွက်

**မကွေး ဧပြီ ၂၈**

မကွေးမြို့နယ် နံ့ကပ်ကျွန်း ကျေးရွာအုပ်စုအတွင်း စစ်မှုထမ်းအိမ်ရာ တည်ဆောက်ရန် သိမ်းဆည်းထားသော ထုံးပေါက်တောနှင့်ကန်ရွာလေးကျေးရွာအနီးရှိ လယ်ယာမြေများနှင့်ပတ်သက်၍ လျော်ကြေးနစ်နာမှုများ မှန်မှန်ကန်ကန် တိတိကျကျဖြစ်စေရေးနှင့် ပုံစံ(၇)များ ရရှိစေရေးတို့အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများသည် ဧပြီ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာများရှိ လယ်ယာမြေသိမ်းဆည်းခံ ဒေသခံပြည်သူများထံ သွားရောက်တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဦး၊ မကွေးမြို့ အမှတ်(၁)၊ (၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လယ်ယာမြေသိမ်းဆည်းခံ ဒေသခံပြည်သူများ တက်ရောက်တွေ့ဆုံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



# မျှဝေခြင်းစီမံချက်အတွက် တော်ဝင်ဖောင်ဒေးရှင်းမှ စာရေးကိရိယာများ လှူဒါန်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုမှ ဆောင်ရွက်သောမျှဝေခြင်းအတွက် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၁၆၀ တန်ဖိုးရှိ စာရေးကိရိယာပစ္စည်းများဖြစ်သော ပေတံ၊ ခဲဖျက်၊ ချွန်စက်အစုံရေ တစ်သိန်းလှူဒါန်းခြင်းအခမ်းအနားကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို၌ ကျင်းပရာ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ လှူဒါန်းသောပစ္စည်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကကြီး ဦးတင်ဦးက လက်ခံရယူခဲ့ကြောင်းသိရသည်။ မျှဝေခြင်းစီမံချက်ဗဟိုအကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူး ဦးကျော်သီဟက "အလှူခံရရှိတဲ့ပစ္စည်းများဖြစ်တဲ့ စာရေးကိရိယာပစ္စည်းများကို ရန်ကုန်တိုင်းဗဟိုရုံးချုပ်ကနေပြီးတော့ သွားရေးလာရေးအဆင်မပြေကြတဲ့နယ်စပ်ဒေသက ကျောင်းသားကလေးများအတွက် သွားရောက်ပေးပို့လှူဒါန်းသွားပါ့မယ်။ နောက်ပြီး မီးဘေးသင့်ဒေသများမှာရှိတဲ့ ကျောင်းသား ကျောင်းသူများအတွက်လည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကို သွားရောက်လှူဒါန်းဖို့ စီစဉ်ထားပါတယ်" ဟု ပြောကြားသည်။

**စိုးဝင်း(SP)**

**အမည်ပြောင်း**

ဦးအောင်ဇော်သူ ၅/မရန (နိုင်) ၁၉၇၁၅၁ ၏ သား မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံမြို့သစ် အမက(၄၆)မှ ပညာသင်ကြားနေသော မောင်မြတ်သုခအောင်အား ဘုန်းဆက်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

မှော်ဘီမြို့ ထောက်ကြန့်တိုးဂိတ်အနီး၊ ကိုးလုံးကွင်း၊ ဦးအောင်သင်းလမ်း၊ (ဥယျာဉ်ခြံမြေ)

(25'x60') = 45/55 သိန်း
(30'x60') = 60 သိန်း
(40'x60') = 75 သိန်း

Ph:09-448012251,09-252278945, 09-799716395

**တိုက်ခန်းရောင်းမည်**

(၁၂½ပေ×၅၀ပေ×၉ပေ) မြေညီထပ် ပြင်ဆင်ပြီး၊ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။ ဖုန်း-၀၉ ၄၂၅၀ ၂၅၂၈၁

**ချာချီးယား ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-681 9020
09-510 1862

**ခရုသင်း (သမင်ဖြူ)**

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

**ခရုသင်း၊ သမင်ဖြူ**

လိပ်ပိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

သွင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။

နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။

အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁



## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
## NATIONAL MANAGEMENT DEGREE COLLEGE
### ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် Winner Computer Group တို့ ပူးပေါင်းပြီး အောက်ပါဒီပလိုမာသင်တန်း အမှတ်စဉ်(၃၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည် - (က) Diploma in Information Communication Technology အမှတ်စဉ်(၃၄)
(ခ) Diploma in Software Engineering အမှတ်စဉ်(၃၄)
(ဂ) Diploma in Hardware Engineering အမှတ်စဉ်(၃၄)
(ဃ) Diploma in Network Engineering အမှတ်စဉ်(၃၄)

၂။ အနိမ့်ဆုံးပညာအရည်အချင်း-တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆို/ အောင်မြင်ပြီးသူများဖြစ်ရမည်။

၃။ သင်တန်းကာလ - (၁)နှစ်

၄။စတင်ဖွင့်လှစ်မည့်နေ့ရက်-၁၈-၆-၂၀၁၆ ရက် (သင်တန်းစတင်လက်ခံနေပြီ) အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀၊ ၀၉-၂၆၀၉၂၁၂၈၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**

## ရန်ကုန်တက္ကသိုလ်
### ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည် -
(က) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာသင်တန်း
(ခ) အသုံးချစိတ်ပညာ ဒီပလိုမာသင်တန်း
(ဂ) အသုံးချရူပဗေဒ ဒီပလိုမာသင်တန်း
(ဃ) ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း
(င) ကုန်ထုတ်ဓာတုဗေဒ ဒီပလိုမာသင်တန်း
(စ) စာကြည့်တိုက်နှင့်သုတပညာ ဒီပလိုမာသင်တန်း
(ဆ) မနုဿဗေဒ ဒီပလိုမာသင်တန်း
(ဇ) လူမှုရေးပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း

၂။ အထက်ပါဒီပလိုမာဘွဲ့သင်တန်းများကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) အစိုးရဝန်ထမ်းနှင့် အခြားလုပ်ငန်းတွင် အလုပ်လုပ်သူဖြစ်ပါက ဌာန/လုပ်ငန်းဆိုင်ရာအကြီးအကဲ(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရမည်။

၃။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဘာသာရပ်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

၄။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာနှင့် ကျောင်းဆောင်များဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၆-၅-၂၀၁၆ ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ရန်ကုန်တက္ကသိုလ်**

## လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ လိုင်စင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

* တံဆိပ်ခေါင်းလိုအပ်သူများ လိုအပ်သည့်အချိန် ဝယ်ယူနိုင်စေရေးအတွက် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူများကို ခွင့်ပြုလိုင်စင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

* လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားသူသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရန် လိုအပ်ပါသည်-
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန် အရည်အချင်းရှိသူဖြစ်ရမည်။
- အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၁၈)နှစ်ပြည့်ပြီး (၆၀)ထက်မကျော်လွန်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

* အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်၍ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူသည် မိမိ၏အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်း ရောင်းချခြင်းပြုမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကို ဖော်ပြ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့် လျှောက်ထားနိုင်ပါသည်။

* လျှောက်ထားသူများသည် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျင်းပပြုလုပ်မည့် ရုံးခွန်၊ တံဆိပ်ခွန်နှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ရက်သတ္တပတ်သင်တန်းကို အချိန်ပြည့်တက်ရောက်၍ အရည်အချင်း ဆန်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရပါမည်။

* ဖြေဆိုအောင်မြင်သူများ၏ အမှတ်အများဆုံးရရှိသူများကို မြို့နယ်အလိုက် သတ်မှတ်ထားသည့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူ အရေအတွက်အလိုက် လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချခွင့်ရသူအဖြစ် လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

* လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

* လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် ဝယ်ယူသည့် တံဆိပ်ခေါင်း တန်ဖိုး၏ ၄ ရာခိုင်နှုန်းကို လျှော့နှုန်းအဖြစ် ခံစားခွင့်ရှိပါသည်။

* တံဆိပ်ခေါင်းများကို လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူမှအပ အခြားမည်သူမျှ ရောင်းချခွင့်မရှိပါ။

* ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း၊ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း ခန့်ထားခြင်းမရှိသူသည် ကျပ်တစ်ဆယ်တန်ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကို ရောင်းချလျှင် ထောင်ဒဏ် ၆ လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
### ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
### ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်၊ လမ်း၊ တံတားရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကျေးလက်လမ်း | ၁၆၄/၇ ဒသမ ၁၅၃ | မိုင် |
| (ခ) | ကျေးလက်တံတား | ၁၉၉ စင်း၊ ၄၇၉၂ | ပေ |
| (ဂ) | ကျေးလက်ရေရရှိရေးလုပ်ငန်း | ၁၃၉ | ခု |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသောလုပ်ငန်းစံနှုန်း Design ပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ၏ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂-၅-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၅-၂၀၁၆ရက် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လိပ်စာမှာ ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(982 B)၊ တပင်ရွှေထီးလမ်း၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ပဲခူးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို တိုင်းဒေသကြီးဦးစီးဌာန ဖုန်း-၀၅၂-၂၂၃၀၆၅၉၊ ၀၅၂-၂၂၃၀၅၉၂ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### မန္တလေးအဝေးသင်တက္ကသိုလ်
## (၁၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅ ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ စတုတ္ထနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံ၊ ဗန်းမော်၊ ရွှေဘို၊ ရေနံချောင်း၊ မိုးညှင်း၊ မြင်းခြံဌာနခွဲများမှ ကျောင်းသားကျောင်းသူများသည် (၁၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၁$\frac{1}{2}$×၂)လက်မအရွယ် ကြည်လင်ပြတ်သားသော ဓာတ်ပုံအသစ် (၃) ပုံနှင့် မှတ်ပုံတင်မိတ္တူ(၁)စုံပူးတွဲ၍ ၂-၅-၂၀၁၆ရက်မှ ၃၁-၅-၂၀၁၆ရက်ထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင် တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်၍ အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန် အခကြေးငွေများကို ကြေလည်အောင်ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက် ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ ခုံအမှတ်၊ ပညာသင်နှစ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်၍ မိမိတို့နှင့်သက်ဆိုင်ရာဌာနခွဲမှတစ်ဆင့်စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်းမပြုလျှင်သော်လည်းကောင်း၊ အချိန်မီမလျှောက်ထားလျှင် သော်လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ယခင်ပညာသင်နှစ်များမှ ဝိဇ္ဇာ/သိပ္ပံ/ဥပဒေပညာ(ဘွဲ့)စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ ၂၀၁၅ ပညာသင်နှစ်တွင် ဘွဲ့ရရှိသူများမှ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ (အမှန်တကယ်) တက်ရောက်နိုင်သူများသာ တက်ရောက်ဘွဲ့လျှောက်ထားကြရန်ဖြစ်သည်။

၁၀။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မန္တလေးအဝေးသင်တက္ကသိုလ်**

## ဒေါ်မြဝတ်ရည် ၁/မကတ(နိုင်)၀၀၃၅၆၉ စံတော်ဝင်ရွှေဆိုင်(လုံးခင်း၊ ဖားကန့်မြို့) သိစေရန် အသိပေးကြေညာ

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ ကျွန်ုပ်၏အမှုသည်များဖြစ်သည့် ဒေါ်ပွားကြည်၊ ဒေါ်ခမ်းစိန်၊ ဒေါ်လှခိုင်၊ ဒေါ်သီတာမြင့်၊ ဒေါ်ကွေရင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေသည်မှာ-

လူကြီးမင်းသည် ကျွန်ုပ်၏အမှုသည်များထံသို့ ပေးရန်ရှိသည့်ဆုကြေးငွေနှင့် ချေးယူထားသောငွေများကို ထည့်သွင်းခြင်း၊ ပေးအပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေသည်ဟု သိရှိရပါသည်။ လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏အမှုသည်များအား အမှန်တကယ်ပေးသွင်းရန်ရှိသည့် စုကြေးငွေနှင့်ချေးယူထားငွေများကို ရှင်းလင်းညှိနှိုင်းခြင်း၊ ပေးဆပ်ခြင်းတို့အား ဆောင်ရွက်ပေးစေလိုပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လူကြီးမင်းကိုယ်တိုင်လာရောက်၍ ငွေကြေးကိစ္စအဝဝကို ပြေလည်အောင် ဆောင်ရွက်ဖြေရှင်းမှုပြုသွားရန်အသိပေးအကြောင်းကြား ကြေညာပါသည်။

အသိပေးအကြောင်းကြားပြီးဖြစ်ပါလျက် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်းမရှိပါက လူကြီးမင်းအပေါ် ဆိုင်ရာဥပဒေများအရ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသသည်။

**ဦးချားပ်(စ်)LL.B**
**အထက်တန်းရှေ့နေ စဉ်-၄၀၇၅၅**
**ဖုန်း-၀၉-၂၆၁၁၄၆၁၀၁**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 1-1(T)/MESC/2016-2017 | ရုံးသုံးစက်ကိရိယာ(၃)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၄-၅-၂၀၁၆ |
| (ခ) | 1-2(T)/MESC/2016-2017 | အခြားရုံးသုံးပစ္စည်း(၇)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၁၃း၀၀နာရီ |
| (ဂ) | 1-3(T)/MESC/2016-2017 | ရုံးသုံးပရိဘောဂ(၁၈)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | |
| (ဃ) | 1-4(T)/MESC/2016-2017 | တာယာ(၉)မျိုးနှင့်ဘက်ထရီ(၄)မျိုး ဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | ၅-၅-၂၀၁၆ ၁၃း၀၀နာရီ |
| (င) | 1-5(T)/MESC/2016-2017 | လျှပ်စစ်ပုံစံ(၂၂)မျိုးဝယ်ယူရန် | ၂၁-၄-၂၀၁၆ ရက် | |

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆×၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

## Republic of the Union of Myanmar
## Ministry of Planning and Finance
## Modernization of Publie Finance Management Project (MPFMp)
## Public Procurement Reforms
## Request for Expressions of Interest for
## Two Individual National Procurement Consultants
## Credit No 54020-MM, Grant No.TF017910

**Closing Date: 13 May, 2016**

The project is seeking to recruit two Individual National Procurement Consultants to inform the Public Procurement Rules and Regulations Supervisory Committee (PPRRSC) of the full scope of current procurement, public contracting practices and market situation to guide the preparation of a procurement law and modification of existing directives.

The work will specifically include; Procurement Practices and overall procurement market analysis and Construction sector study

Two consultants will be hired, one for each study but the two consultants will jointly prepare key recommendations and policy considerations to be considered by PPRRSC as part of the preparation of a law.

The consultant to carry out procurement practices and market analysis study is required to demonstrate the following as a minimum:
- An institutional development expert.
- A degree either in Law, Procurement, Supply chain management, economics, Organizational Development or related fields.
- Sound knowledge of procurement and/or supply chain management in Myanmar.
- Fluent in both English and local language.
- Sound knowledge of Myanmar government administrative systems.
- At least 10 years post qualification experience.

The consultant to carry out construction sector study is required to demonstrate the following as a minimum:
- A construction engineer.
- At least 15 years' experience, five of which must have been spent in Myanmar.
- Sound knowledge of the Myanmar construction industry and its regulatory framework.

Tow consultants will not be currently cmployed by Government as civil servants.

The consultant to carry out **procurement practices and market analysis study** is expected to Provide up to **100 days** of input within four month calendar period. The consultant to carry out **construction sector study** is expected to provide up to **80 days** of input within four calendar months. Both consultants will travel widely to collect and mine all the data under the guidance of PPRRSC and World Bank experts.

MPFMp now invites eligible individual consultants to indicate their interest in providing the above mentioned services. Interested consultants must provide information indicating that they are qualified to perform the services (in addition to the educational qualifications, experience of similar assignments and country of work etc.should be incorporated in the CV to be submitted along with expression of interest/application).

Interested candidates may obtain further information and detailed terms of reference for the assignments at the address below during office hours or by sending an E-mail to:naungwynn@gmail.com.

Expression of interest must be delivered to the address below by 16:00 hours on 13 May, 2016 to:

**U Zaw Naing**
Chair of Public Procurement Rules and
Regulations Working Committee and Deputy Director General
Treasury Department, Ministry of Planning and Finance
Building No. 34, Nay Pyi Taw, Myanmar
Tel:95-67-410575, 410158, 410162
Fax:95-67-410575, 410162
E-mail for applications:naungwynn@gmail.com copied to zawnaing652011@gmail.com pcaumm@mptmail.net mm.mmt.budget@gmail.com
Website:http;//www.mof.gov.mm/en

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အံကြူ (မြိတ်)

**အသက်(၉၄)နှစ်**

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဒီလမ်း၊ အမှတ် ၂၁နှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀လမ်း၊ တိုက် ၁၃/၈နေ (ဦးကဲမောင်)၏ဇနီး၊ (ဦးကြီးညွှန့်)-ဒေါ်တင်စီ၊ ဦးစိုးညွှန့်-ဒေါ်မြင့်မြင့်၊ (ဒေါ်လှမြင့်)၊ ဦးသန်းစိန်-ဒေါ်လှကြည်၊ ဦးအေးကြူ၊ ဦးစိုးလွင်-ဒေါ်မြမြညို၊ ဒေါ်တင်ဝေ(ငြိမ်း)ပြည်တွင်းအခွန်(မြိတ်)၊ ဦးကျော်တင်-ဒေါ်ရီရီချို၊ ဒေါ်ချိုချိုရီတို့၏မိခင်ကြီး၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စံပယ်လမ်း၊ တိုက် ၁၄၊ လေးလွှာနေ ဦးရဲမြင့်၏ဇနီး၊ ဗိုလ်ကြီးမင်းမော်(ငြိမ်း) (CEO Integrated Co.,Ltd)-ဒေါ်ပုလဲတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်အေး အသက်(၈၄)နှစ်သည် ၂၆-၄-၂၀၁၆ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (97) မှ သူငယ်ချင်းများ**

## ဒေါ်ကျင်နု(ခ)ငေါ်ကင်လန် အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သင်္ဂဟလမ်း၊ အမှတ် ၃၃၊ ပထမထပ်၊ ခြေရင်းနေ(ဦးငေါ်ဆွီပေါင်-ဒေါ်ရှင်စေ့)တို့၏သမီး၊ (ဦးထွေးရ-ဒေါ်ဆွာ-ဒေါ်အေးကြွယ်-ဒေါ်လင်း)တို့၏သမီးချွေးမ၊ (ဦးကျင်စိန်)၏ဇနီး၊ ဦးစိန်ဝင်း-ဒေါ်ခင်ဝင်း၊ ဦးလှခိုင်-ဒေါ်ခင်လှ၊ ဦးသက်ဆွေ-ဒေါ်အေးရီတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးအံ့ကျော် (ငြိမ်း)

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ် ၁နေ ဦးအံ့ကျော်သည် ၂၆-၄-၂၀၁၆ရက် နံနက် ၆း၂၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လှိုင်သာယာစက်မှုဇုန်(၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇)**
**စက်မှုလုပ်ငန်းရှင်များ**

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်အေးမြင့်

**စာရင်းရုံး(ငြိမ်း)၊ သုံးခွမြို့**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ (၇)ရပ်ကွက်၊ သီပေါလမ်း၊ အမှတ် ၆၃နေ (ဦးဘငွေး-ဒေါ်အုံးကြည်)တို့၏ သမီး၊ ဦးကျော်မြင့်၏ညီမ၊ သုံးခွမြို့၊ (၁၂)ရပ်ကွက်၊ နှင်းဆီလမ်း၊အမှတ် ၄၇နေ ဦးဝင်းမြင့်(ပြည်တွင်းအခွန်၊ ငြိမ်း)၏ဇနီးသည် ၂၇-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီအဗ္ဗဒွလ်ဟကီးမ်(ခ) ဦးတင်စိန်

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၂၂/၂၄၊ ပထမထပ်နေ [အဗ္ဗဒွလ်ရဟီးမ် (ခ) ဦးတင်ငွေ-စဖီးရာခါတွန် (ခ) ဒေါ်တင်မြ] တို့၏သား၊ [ဆွာလေအာမဒ်-စဖီယာခါတွန် (ခ)ဒေါ်ခင်သန်း]တို့၏ သားသမက်၊ ဟာဂျီမရောင်ရှန်ဘီ(ခ)ဒေါ်သန္တာမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဇိုင်နပ်ဘီ(ခ) မတင်သူဇာမြင့်၏ဖခင်၊ ဘီလ်ကိစ်ဘီ (ခ)ဒေါ်မာမာဝေ၏မောင်၊ ဟာဂျီဟနီးဖ် (ရောင်နက်)(ခ)ဦးတင်ရွှေ၏ညီ၊ သွာဟေရာ(ခ)ဒေါ်သန်းသန်းဝေ၊ ဟာဂျီမရိုကီရာ(ခ)ဒေါ်တင်တင်ဝေ၊ ဟာဂျီမဂျမီလာ(ခ)ဒေါ်မြင့်မြင့်ဝေ၊ ဟာဂျီဟာဖစ်မုဖ်သီမုဟမ္မဒ်အလီ (ခ) မောင်ကျော်ကျော်တို့၏အစ်ကို၊ ဦးကျော်မြင့်၊ (ဦးလှမြင့်)တို့၏ယောက်ဖ၊ ဟာဂျီမဒေါ်စန္ဒာမြင့်၏မတ်၊ ဟာဂျီမဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့်တို့၏ခဲအို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးလေးသည် ၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၉း၅၀နာရီတွင် ၅၂လမ်း နေအိမ်၌ အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးစွန္နီ ကဗရ်စတာန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်းနှင့် မဂ်ရသ်အတွက် ဆုတောင်းဒိုအာပြုပေးပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ကြည်

**အသက်(၇၈)နှစ်**

မြန်အောင်မြို့၊ မြို့တဲကြီးကုန်းရပ်နေ (ဦးစံတင်-ဒေါ်သန်း)တို့၏ သမီး၊ ရန်ကုန်မြို့နေ(အငြိမ်းစား ဒုဗိုလ်မှူးကြီး တင်ညွန့်)-ဒေါ်မြရီ၊ မြန်အောင်မြို့နေ ဦးသောင်းမြင့် (ဒေါ်ညွန့်ရီ)တို့၏ညီမ၊ တူ၊တူမ ကိုးယောက်တို့၏အဒေါ်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂၈-၄-၂၀၁၆ရက် နံနက် ၄း၁၀နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၈၄၊ လေးလွှာ၊ ဗဟိုလမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနိုင်ဝင်း

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဆရာစံ/တောင်စံပြရပ်ကွက်၊ အမှတ် ၁၊ ရွှေမြန်မာ စားသောက်ဆိုင်နေ ဦးမြင့်အောင်-ဒေါ်အေးသန်းတို့၏သား၊ ဦးစိုးကျော်သူ-ဒေါ်ချိုချိုဝင်း၊ ကိုအောင်ဇော်ထွန်း၊ (ကိုမျိုးဝင်း) - မသင်းသင်းအောင်၊ ကိုကျော်မင်းထွန်း-မနီနီအောင်၊ ကိုရဲလင်းအောင်-မပန်းအိဖြူတို့၏ အစ်ကိုကြီး၊ ဒေါ်ဖြူဖြူဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မငွေလမင်း၏ချစ်လှစွာသောဖခင်သည် ၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေမြန်မာစားသောက်ဆိုင်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကဥ္စနာ

**အသက်(၉၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ ၆၃လမ်း၊ ၂၂လမ်းထောင့်၊ မနောမယဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော သီလရှင်ဆရာကြီး၊ မူလ မင်းကွန်းမနောမယဆရာတော်ကြီး၏ တပည့်အရင်းသည် (၁၃၇၈ခုနှစ် တန်ခူးလပြည့်နေ့) ၂၂-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) ၂၃-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါကျောင်းတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူ ဆွေတော်မျိုးတော်များ

## ဒေါ်တင်ကြည် (မြိတ်)

**အသက်(၉၁)နှစ်**

မြိတ်မြို့၊ အမှတ် ၂၆၇၊ နောက်လယ် ၆လမ်းနေ (ဦးဘိုးကြင်-ဒေါ်ချစ်မေ)၏သမီး၊ (ဦးချစ်ထုံး-ဒေါ်အို)၏သမီးချွေးမ၊ (ဦးလွန်းဖေ)၏ဇနီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၆၃၁(၅ အီး ၄)နေ ဦးမောင်လွမ်-ဒေါ်စန်းကြူ၊ ဒေါ်ကြူ၊ ဦးတင်မြင့်-ဒေါ်နွယ်နွယ်ယု၊ ဒေါ်ဝင်းကြည်၊ (ဒေါ်စန်းလွင်)၊ ဒေါ်စန်းကြူ၊ ဦးတင်မောင်ဆွေ-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်နှင်းထွေး(ကထိက၊ ဌာနမှူး၊ အရှေ့တိုင်းပညာဌာန၊ မြိတ်တက္ကသိုလ်)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၆ရက် (စနေနေ့) ညနေ၄နာ ရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွယ်နွယ်(ခ)ဒေါ်ပုပု (ကျောက်ဖြူ/စနဲ)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့နေ (ဦးဝါဟိန်း-ဒေါ်စောလှ)တို့၏သမီး၊ သုံးဆယ်မြို့နေ (ဦးစိန်ဘန်း-ဒေါ်စောရွှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သုခလမ်း၊ အမှတ် ၇၇၀နေ [ဦးအေးမောင်၊ လသာမြို့နယ်၊ ပညာရေးမှူး(ငြိမ်း)]၏ဇနီး၊ ဦးမျိုးအေး-ဒေါ်နှင်းအေးမွန်၊ ဦးနော့နော့ထွန်း-ဒေါ်လွင်မာအေး၊ ဦးကျော်နိုင်အေးတို့၏မိခင်၊ မောင်လွင်သူထွန်း၊ မောင်နော့မြတ်ထွန်း၊ မောင်ကောင်းမြတ်ထွန်း၊ မဇင်လွင်ထွန်းတို့၏အဘွားသည် ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၆ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အမှားပြင်ဆင်ချက်

ဗိုလ်မှူးဒေါ်အံ့ခိုင်(ငြိမ်း)၏နာရေးတွင် ဗိုလ်ကြီးသက်ခိုင်(လေ)၏ဇနီးအစား ဗိုလ်ကြီးသက်နိုင်(လေ)၏ ဇနီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဒေါ်လှိုင်ဝန်(ခ) ဒေါ်မာမာဝင်း

**(ဖြူဖြူဝင်းခတ်ပုံတိုက်၊ ထားဝယ်မြို့)**

**အသက်(၆၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊မြောက်ရွာရပ်၊ ဆေးရုံလမ်း၊ အမှတ် ၅၅၂နေ (ဦးတိုးမောင်)-ဒေါ်ကျင်တို့၏ သမီး၊ ဦးမောင်ရွှေ - ဒေါ်ကင်းလိန်၊ ဦးဝင်းရှိန်-ဒေါ်ခင်ခင်ယု၊ဒေါ်သိန်းသိန်းယု၊ ဒေါ်သိန်းသိန်းမူ၊ ဒေါ်အေးအေးဝင်း၊ ဒေါ်ခင်စုဝင်းတို့၏ညီမ၊ (ဒေါ်အေးအေးထွေး)၊ ဦးရီစန်း-ဒေါ်ဝါဝါလွင်၊ ဦးရီစိန် - ဒေါ်နုနုထွေး၊ ဒေါ်ခင်စန်းမူ၊ ဦးအောင်မင်း၊ဒေါ်မြင့်မြင့်မူတို့၏အစ်မ၊ ကိုစန်းယု၊ မစန္ဒာဝင်း၊ မမြမြဝင်း၊ကိုစိုးမြင့်အောင်-မယဉ်ယဉ်ချို၊ မခင်မျိုးသန့်၊ မောင်ဇော်မင်းသန့်၊ ကိုဟိန်းအောင်-မစန္ဒာရီစန်းတို့၏အဒေါ်၊ မဝင့်ဇင်ဖူး၊ မောင်ဘုန်းထက်မြတ်တို့၏အဘွားသည် ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## မောင်ဖြိုးစည်သူကျော်

**အသက်(၃၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးတင်အုန်း)-ဒေါ်စန်းရီ၊ (ဦးအောင်မြင့်) - ဒေါ်စန်းစန်းမြင့်တို့၏ မြေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ပင်းယ၁၃လမ်းနေ(ဦးမြတ်လင်း) - ဒေါ်ခင်မိုးအောင်တို့၏ သား၊ ဦးအောင်ထိုက်-ဒေါ်အိသန္တာမိုး၊ မောင်ဇော်ထူးတို့၏အစ်ကိုသည်၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြစံ (ဟင်္သာတ)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ နိဗ္ဗာန်ကျောင်းလမ်း၊ အမှတ်(၈)နေ (ဒေါ်တင်စိန်)၏ခင်ပွန်း၊ ဦးသန်းငွေ-ဒေါ်သန်းသန်းဦး၊ (ဦးထွန်းစိန်မောင်)-ဒေါ်သန်းသန်းခိုင်၊ (ကိုတင်မောင်ထွေး)တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည်၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၂း၁၀နာရီတွင် ရန်ကုန်မြို့ အဆုပ်နှင့်ရင်ခေါင်းခုတင်(၅၀၀)ဆံ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကိုကိုစိုး (မြိတ်)

**အသက်(၆၈)နှစ်**

မြိတ်မြို့နေ (ဦးအော်စိုး-ဒေါ်ကြူ)တို့၏သား၊ ကော့သောင်းမြို့နေ ဦးကိုလတ်စို - ဒေါ်ဝါဝါဆွေတို့၏ အစ်ကို၊ ရန်ကုန်မြို့နေ ဦးတင်ကျော်ဦး-ဒေါ်စီစီစိုးတို့၏မောင်၊ ဦးအေးသန့်-ဒေါ်မီမီစိုး၊ ဒေါက်တာဦးထွန်းဦး - ဒေါက်တာဒေါ်ဆွေဆွေစိုး၊ ဦးအောင်စိုးဝင်း-ဒေါ်စိုးစိုးအုန်း၊ ဦးအောင်စိုးမင်း၊ ဦးအောင်အေးဝင်း-ဒေါ်ဥမ္မာစိုးတို့၏အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ ဦးလေးသည် ၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကော့သောင်းမြို့ ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ဘုရားလမ်း၊ဘုံကျောင်းမှ ကော့သောင်း ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းမြင့်(ရွှေတောင်မော်)

**မြိတ်ရတနာမိသားစု၏ ကျေးဇူးရှင်မိခင်ကြီး**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၃၁၃နေ (ဦးမောင်သန့်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးသန်းကျော်)၏ဇနီး၊ ဦးအောင်သန်း၊ (ဦးမျိုးမြင့်)-ဒေါ်အေးအေးဝင်း၊ (ဒေါ်ခင်စန်းဝင်း)၊ (ဒေါ်အေးအေး)၊ ဒေါ်အေးအေးသန်း၊ ဒေါ်လှလှထွေး၊ဦးကျော်ကျော်ဆန်း-ဒေါ်အေးမြတ်မွန်၊ (ဦးအောင်မြင့်စိန်)-ဒေါ်ရီရီသန်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ် လေးယောက်တို့၏အဘွားသည် ၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

'မြိတ်ရတနာ' ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးအုန်းငွေ (မအူပင်)

**အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)**

**ဥက္ကဋ္ဌ၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေး(ငြိမ်း)**

**အသက်(၈၃)နှစ်**

မအူပင်မြို့နေ (ဦးအောင်လှ-ဒေါ်မယ်ရှင်)တို့၏သား၊ (ဒေါ်စန်းမြင့်)၏ခင်ပွန်း၊ ဦးထွန်းကြည်-ဒေါ်ခင်သန့်စင်၊ ဦးအောင်ကျော်သန်း - ဒေါ်ခင်သစ်လွင်၊ (ဦးခင်မောင်ရွှေ-ဒေါ်ကျော့ကျော့လှိုင်)၊ ဦးတင်အောင်ငွေ - ဒေါ်ခိုင်ခိုင်ဦးတို့၏ဖခင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည်၂၇-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အခန်း ၁၆၊ တိုက် ၂၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ သီရိမင်္ဂလာဈေးဟောင်းအနီး နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အိ (ပုဂံတောင်ကျေးရွာ)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၅နေ (ဦးစုရ - ဒေါ်သိန်း)တို့၏သမီး၊ (ဦးမြသန်း)၏ဇနီး၊ ဦးညွန့်ရွှေ-ဒေါ်အုံးကြည်၊ ဦးဘိုးထောင်-(ဒေါ်သောင်းရီ)၊ ဦးမျိုးသိန်း-ဒေါ်လှလှဝင်း၊ ဦးတင်ဟန်-ဒေါ်ဖြူဖြူအောင်၊ ဦးအုန်းသန်း-ဒေါ်တင်တင်ထွေး၊ ဦးနိုင်လင်းထွေး-ဒေါ်ကေဇာကြိုင်တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၆ရက်(စနေနေ့)ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း (ပန်းသီ-group)

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ တိုက် ၁၀၂၊မြေညီထပ်၊ အောင်သုခလမ်း၊ (၅) ရပ်ကွက်နေ ဒေါ်သန်းသန်းငွေး (ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော် - မနှင်းပြည့်စုံအောင်တို့၏ဖခင်သည် ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဝိလာသာစာရ

**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရတနာသီရိကျားကျောင်းနှင့် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အင်းသာမြောက်ကျောင်း၊ ရေတာရှည်မြို့ မြို့လယ်ကျောင်းတို့၏ဦးစီးပဓာနနာယဖြစ်တော်မူသော ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်) ၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဉတုဇရုပ်ပလာပ်တော်ကို(၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) ၃၀-၄-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

## ဦးမောင်မောင်စိန်

**ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ပညာရေးဝန်ကြီးဌာန**

**အသက်(၈၆)နှစ်**

တောင်ငူမြို့နေ အငြိမ်းစားတရားသူကြီး ဦးမောင်ကြီး A.T.M-ဒေါ်သိန်းတင်တို့၏သား၊ ရန်ကုန်မြို့နေ အငြိမ်းစားစက်ရှင်မင်းကြီး ဝဏ္ဏကျော်ထင် ဦးဘိုးရင်-ဒေါ်သန်းညွန့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ ၂၇/၃၊ ရင်မျိုးမြိုင်ခြံနေ ဒေါ်ခင်မာမာ [ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန]၏ချစ်လှစွာသောခင်ပွန်း၊ ခံတွင်းနှင့်မေးရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာစိန်မိုး(U.S.A)- Dr. Kelly Daniak တို့၏ဖခင်၊ Kamryn (သန္တာ)၊ Sydney (ရူပါ)တို့၏ဘိုးဘိုးသည် ၂၇-၄-၂၀၁၆ရက် ညနေ ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၈-၄-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်စိန်

**ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံစာစစ်အဖွဲ့**

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)၊ ဦးမောင်မောင်စိန်သည် ၂၇-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဝန်ထမ်းမိသားစုများ**

## ဦးကျော်မြင့်

**(ကရဝိက်ခန်းမ၊ ငြိမ်း)၊ (ဖိုးပြည့်ပုံနှိပ်တိုက်)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၇၂၊ ခုနစ်လွှာ(အလယ်)နေ (ဦးကျော်စိန်-ဒေါ်ကြည်)တို့၏သား၊ (ဒေါ်ခင်မြင့်)၊ ဦးခင်မောင်စိန်(စာတိုက်ကြီး)တို့၏အစ်ကို၊ ဒေါ်တင်တင်(မြန်မာ့ကုန်တိုက်၊ ငြိမ်း)၏ခင်ပွန်း၊ ကိုကျော်မင်းထွန်း(Grand. Guardian Insurance)-မသွယ်သွယ်မွန် (ရွှေတောင်ကုမ္ပဏီ)၊ဗိုလ်ကြီးကျော်ကျော်ခိုင်-မတင်တင်လှိုင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် မြောက်ဥက္ကလာဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာဆေးရုံမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွေးလှိုင် (2nd Engineer Marine)

**အသက်(၆၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ ဦးမောင်ဝ-ဒေါ်မြရီတို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၉လမ်း၊ အမှတ် ၃၂နေ ဦးအောင်ထွန်း-ဒေါ်မြင့်မြင့်တို့၏သားသမက်၊ ဦးဝကြီး-ဒေါ်ငွေလှိုင်၊ ဦးမြလှိုင်-ဒေါ်လှ၊ ဦးစောလွင်-ဒေါ်ငွေမြိုင်၊ ဦးလှခိုင်-ဒေါ်သက်၊ ဦးတင်မောင်ဝင်း-(ဒေါ်ငွေးငွေး)၊ ဦးခင်မောင်ထွန်း-ဒေါ်တင်တင်စန်းတို့၏ညီ/မောင်၊ မောင်ဇော်လင်းဦး(မြန်မာကိုင်ဒို)၊ မောင်ကောင်းထွဋ်၊ မမိုးပြည့်သဇင်တို့၏ဦးလေး၊ ဒေါ်ဥမ္မာမြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၄-၂၀၁၆ရက် ည ၉း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုအရာခံဗိုလ်စောဝင်း (နတ်မောက်)

**အသက်(၅၉)နှစ်**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ရွှေပန်းတောရွာနေ(ဦးချစ်စံ-ဒေါ်သိန်းရင်)တို့၏သား၊ကိုဝင်းမြင့်-မခင်ဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းအပိုင်း(၁)၊ အမှတ် ၁/၅၇နေ ဦးဝင်းဆွေ-ဒေါ်ခင်ကြည်တို့၏သားသမက်၊ (ဦးလှဝေ)-ဒေါ်ဝင်းဝင်းကြည်၊ (တကကဝင်းညွှန့်၊ အသည်းဆေးရုံ)၊ ဦးကျော်ဇင်လင်း-ဒေါ်ဝင်းဝင်းအေး၊ ဦးဝင်းထိန်-ဒေါ်မြင့်မြင့်အေး၊ ဦးလှငွေး-ဒေါ်ဝင်းဝင်းထွေးတို့၏အစ်ကို၊ ဗိုလ်မှူးဝင်းထွဋ်အောင် (ခလရ-၂၉၅)-ဒေါ်နော်ထူးထူးဒါး၊ ကိုပြည့်ဖြိုးအောင်-မအိမွန်ဖြိုးတို့၏အဘိုး၊ ဒေါ်ဝင်းဝင်းရီ(ဝင်းမြတ်စိုးအထည်ဆိုင်)၏ခင်ပွန်းသည် ၂၇-၄-၂၀၁၆ရက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့
အထက၊ ရွှေပန်းတော၊ နတ်မောက်မြို့နယ်

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောဖလားဂေး

**အသက်(၄၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ဌာနလမ်းနေ (ဦးစောချစ်ဆွေ)-နော်အိုင်းရစ်တို့၏သား၊ စောဆာဖောဂေး၊ စောအယ်ဆဲဂေးတို့၏ညီ၊ စောနေသားဂေး၊ နော်ဖောလဲဂေး၊ စောအိုဖဲဂေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရာဇသင်္ကြန်လမ်း၊ ၂/၃၆၄နေ နန့်ခိုင်ယဉ်မွန်၏ချစ်လှစွာသောခင်ပွန်း၊ နော်မီဟူးသာဖလား၊ နော်တာမူလာဖလား၊ နော်မူရူဖလားတို့၏ချစ်လှစွာသောဖခင်သည် ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၂၅နာရီတွင် KBC ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မကျေပွဲတစ်ကျော့ပြန်နွှဲမည့် ဝါးရင်းတုတ်ဖိုးကေနှင့် ရွှေခါးပတ်ချန်ပီယံသွေးသစ်အောင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မိုးမခ**



သွေးသစ်အောင်



ဖိုးကေ

**ရန်ကုန် ဧပြီ ၂၈**

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင်းက ရန်ကုန်မြို့ သိမ်ဖြူရိုးရာအားကစားလက်ဝှေ့ရုံ၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် တက်သစ်စမျိုးဆက်သစ်လက်ဝှေ့ကျော် သွေးသစ်အောင်နှင့် ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန် ချင်းနင်းဝင်ရောက်သည့် ဝါရင့်လက်ဝှေ့ကျော် ဝါးရင်းတုတ်ဖိုးကေတို့ ယခုလာမည့် မေ ၂၀ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အောင်မြေမန္တလာအားကစားရုံ၌ မကျေပွဲတစ်ကျော့ပြန် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ ပြည်တွင်းရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို အထက်မြန်မာပြည် ဆရာကိုဒသ စီစဉ်ပြီး အောင်သမာဓိစိန်ရွှေရတနာဆိုင်က အဓိကကူညီပံ့ပိုးကာ ပြည်တွင်းရိုးရာလက်ဝှေ့ကျော် တွဲဆိုင်း ၁၀ ဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် တွဲဆိုင်းအားလုံးသည် ငါးချီတွဲဆိုင်းများဖြစ်ပြီး သုံးချီတွဲဆိုင်းများ ပါဝင်ထည့်သွင်းထားခြင်းမရှိကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများမှာ မကျေပွဲပြန်နွှဲလိုသည့် စိန်ခေါ်သူဝါးရင်းတုတ်ဖိုးကေနှင့် မျိုးဆက်သစ် ရွှေခါးပတ်ချန်ပီယံ သွေးသစ်အောင်(တိုက်ဂါး-ဘားအံ)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် ကျားဘဟိန်း (အလင်းရောင်)၊ မင်းနိုင်ထွန်း(ယူနိုက်တက်)နှင့် ဆင်ရိုင်းလေး(သထုံ)၊ စိုးမောင်ဦး(ရတနာပုံရွှေလက်သီး)နှင့် နိုင်ဗိုလ်(T&T)၊ ကျော်စွာဝင်း(ယူနိုက်တက်)နှင့် စိန်မင်းအောင် (တိုက်ဂါး-ဘားအံ)၊ ဗျူဂို(ကျားဖြူ)နှင့် ထက်လင်းဦး(တိုက်ဂါး-ဘားအံ)၊ အံ့ဘွား(ကောလင်း)နှင့် စွမ်းပြည့်အောင် *စာမျက်နှာ ၁၄ ကော်လံ ၁* ❍

# အာဆီယံ ယူ-၁၉ ယှဉ်ပြိုင်ရန် မြန်မာယူ-၁၉အသင်း မေလအတွင်း စတင်လေ့ကျင့်မည်



၂၀၁၅ ခုနှစ်က အာရှခြေစစ်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဧပြီ ၂၈**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာယူ-၁၉ အသင်းသည် မေလမှ စတင်ကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၁၉ အသင်းကို ကစားသမား ၄၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မေလဆန်းပိုင်းတွင် လူရွေးပွဲများကျင်းပကာ ကစားသမားများ လျှော့ချသွားမည်ဖြစ်သည်။ ယခုရွေးချယ်ခဲ့သည့် ပဏာမလူစာရင်းတွင် ၂၀၁၅ ခုနှစ်အတွင်းက ဖွဲ့စည်းခဲ့သော အာရှယူ-၁၉ ခြေစစ်ပွဲဝင် မြန်မာယူ-၁၉ အသင်းမှ ကစားသမားများ ပြန်လည်ပါဝင်လာသည်။ ပဏာမရွေးချယ်ခဲ့သည့် လူစာရင်းတွင် ယူ-၁၈ အသင်းမှ ကစားသမားများအပါအဝင် လက်ရှိ MNL လူငယ်အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားများကို ရွေးချယ်ထားခြင်းဖြစ်သည်။ လူရွေးပွဲအပြီးတွင် ကစားသမား ၂၅ ဦးသို့ လျှော့ချသွားမည်ဖြစ်ပြီး မေလဒုတိယပတ်တွင် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် ပြည်တွင်းနည်းပြများကို နေရာပေးလာခဲ့ပြီး မြန်မာယူ-၁၉ အသင်းနည်းပြချုပ်အဖြစ် နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်ခဲ့သည်။ *စာမျက်နှာ ၁၄ ကော်လံ ၁* ❖

## နေ့အပူချိန်မြင့်တက်၍ လေထုမငြိမ်သက်မှုကြောင့် ဒေသအချို့၌ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၈**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်နှင့်အနောက်ဘက်တို့မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ နေ့အပူချိန်များမြင့်တက်၍ လေထုမငြိမ်သက်မှုများကြောင့် လည်းကောင်း၊ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ မိုးရွာသွန်းစဉ် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရိုဟင်ဂျာလူမှုအသိုက်အဝန်းဟု သုံးစွဲခဲ့ခြင်းကြောင့် အမေရိကန်သံရုံးရှေ့၌ ဆန္ဒထုတ်ဖော်

စာမျက်နှာ-၅

## လက်ဘန္ဒနတပ်ဖွဲ့များ ဆီးရီးယားနယ်စပ်အနီးတွင် အိုင်အက်စ်ခေါင်းဆောင်ကို နှိမ်နင်းနိုင်ခဲ့

စာမျက်နှာ-၁၀

• စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
• လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..
UEC
ကက-၁၃/၂၂/၂၃၅
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
GRADE 1 - GRADE 11
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP
၂၀၁၆ - ၁၇ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 31 558973, 09 79 3893725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● ခြံအမှတ်(၁၅ A နှင့် B) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● ခြံအမှတ်(၄) စံရိပ်ငြိမ်(၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။